ဝန်းသိုမြို့
ခန္တီးစာသင်တိုက် နှင့် ခန္တီးရိပ်သာ နှစ်ဌာနတို့၏
နာယက ဖြစ်တော်မူသော
" ကျေးဇူးရှင် "

အဘိဓဇမဟာရဋ္ဌဂုရု
ခန္တီးဆရာတော်ဘုရားကြီး

ရေးသား စီရင်တော်မူသော
ခန္တီးရိပ်သာ ဝတ်ရွတ်စဉ် နှင့်

# ဝိပဿနာကျင့်စဉ်

တည်းဖြတ်သူ = အရှင်ကုသလ
အဋ္ဌဝါသိက-တပည့်။

၄

၁၄၄၁၃

ကသာခရိုင်-ဝန်းသိုမြို့

ခန္တီးစသင်တိုက် နှင့် ခန္တီးရိပ်သာ နှစ်ဌာနတို့၏

နာယက ဖြစ်တော်မူသော

" ကျေးဇူးရှင် "

## အဘိဓဇ မဟာရဋ္ဌဂုရု

## ခန္တီး ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

ခန္တီးရိပ်သာဝတ်ရွတ်စဉ် နှင့်

# ဝိပဿနာ ကျင့်စဉ်

တည်ဖြတ်သူ = အရှင်ကုသလ

အန္တေဝါသိကတပည့်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | | မျက်နှာနံပါတ် |
|---|---|---|---|---|
| ၁။ | ဝတ်ရွတ်စဉ်များ | .... | — | ၁ |
| ၂။ | ဆောင်ပုဒ်လင်္ကာ-အဖြေများ | .... | .... | ၁၁ |
| ၃။ | အထူး မှာထားချက်များ | .... | — | ၁၇ |
| ၄။ | ဘုရားဟော ပယ်ဖျက်လျှင် ဘာဖြစ်မလဲ | | .... | ၃၂ |
| ၅။ | အနတ္တထင် နိဗ္ဗာန်မြင် | .... | — | ၅၇ |
| ၆။ | သိတာနှင့် မြင်တာ တမျိုးစီ | — | .... | ၅၉ |
| ၇။ | မဟာဘုတ်ရှုနည်း | — | .... | ၆၀ |
| ၈။ | မသိသူကျော်သွား | .... | .... | ၇၃ |
| ၉။ | သိသူဖေါ်စား | .... | .... | ၇၄ |
| ၁၀။ | ဗာလ နှင့် ပဏ္ဍိတ | .... | .... | ၇၅ |
| ၁၁။ | သတိပြဋ္ဌာန်းတဲ့ သတိပဋ္ဌာန် | .... | .... | ၇၉ |
| ၁၂။ | ဆောင်ပုဒ်များ | .... | .... | ၈၃ |
| ၁၃။ | သတိပြု သိမှုပါ | .... | .... | ၈၉ |
| ၁၄။ | စိတ္တာနုပဿနာ | .... | .... | ၉၂ |
| ၁၅။ | ထွေထွေလာလာ မှတ်သားစရာ.... | | .... | ၁၁၂ |
| ၁၆။ | ဝိမုတ္တိခေတ် | .... | .... | ၁၁၈ |
| ၁၇။ | နောက်ဆက်တွဲ | .... | .... | ၁၃၄ |
| ၁၈။ | ပညာရှိ စကားပုံများ | .... | .... | ၁၅၉ |
| ၁၉။ | နိဂုံး | .... | .... | ၁၆၅ |

ဝန်းသို့မြို့၊ ခန္တီးရိပ်သာ ဝတ်ရွတ်စဉ် နှင့်

# ဝိပဿနာကျင့်စဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝ—*—ဝ

## ၁။ ရတနာသုံးပါး ကြွေးကြော်ရန်။

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
၂။ ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
၃။ သံဃော လောကေ သမုပ္ပန္နော၊ ပုညခေတ္တံ အနုတ္တရံ။
၄။ လူနတ်အများ၊ ကျိုးစီးပွား၊ ဘုရားဖြစ်ပေါ်လာ။
၅။ လူနတ်အများ၊ ချမ်းသာပွား၊ တရားဖြစ်ပေါ်လာ။
၆။ လူနတ်အများ၊ ကောင်းကျိုးပွား၊ သံဃာဖြစ်ပေါ်လာ။
၇။ ဘုရားရတနာ၊ လင်းလင်းဖြာ၊ ရောင်ဝါနေသို့ထွန်းပါစေ
၈။ တရားရတနာ၊ လင်းလင်းဖြာ၊ သီတာရေသို့အေးပါစေ။

F. 1

ဒုတိယအကြိမ်

၉။ သံဃာ့ရတနာ၊ လင်းလင်းဖြာ၊ ကိလေသာဆိုး ကင်းပါစေ။

၁၀။ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ၊ ပါဘုရား။

(သာဓု-၃)

မှတ်ချက် .... (သာဓု–၃) ဤအမှတ်ပြကိုကြည့်၍ သာကာ=သာဓု၊ ၃-က သုံးခါ၊ ၎င်းအမှတ်တွေ့တိုင်းတွေ့တိုင်း တပြတ်တပြတ် ရပ်၍ရပ်၍ တပြိုင်နက် သာဓု သုံးခါ ခေါ်ပါ ဟု ဆိုလိုပေသည်။

၂။ ရတနတ္တယ ပဏာမ။

၁၁။ ဗုဒ္ဓေါမေ-သီသေ-တိဋ္ဌတု၊ တ-မဟံ-ဝန္ဒာမိ-သဗ္ဗဒါ။

၁၂။ ဓမ္မောမေ-သီသေ-တိဋ္ဌတု၊ တ-မဟံ-ဝန္ဒာမိ-သဗ္ဗဒါ။

၁၃။ သံဃောမေ-သီသေ-တိဋ္ဌတု၊ တ-မဟံ-ဝန္ဒာမိ-သဗ္ဗဒါ။

၃။ သရဏတ္တယ။

၁၄။ အဇ္ဇတဂ္ဂေ-ပါဏုပေတံ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။

၁၅။ အဇ္ဇတဂ္ဂေ-ပါဏုပေတံ၊ ဓမ္မံသရဏံ-ဂစ္ဆာမိ။

၁၆။ အဇ္ဇတဂ္ဂေ-ပါဏုပေတံ၊ သံဃံသရဏံ-ဂစ္ဆာမိ။

## ၄။ အာဇီဝသီလ။

၁၇။ အဇ္ဇတဂ္ဂေ - ပါဏုပေတံ၊ အာဇီဝ ဋ္ဌမက - သီလံ သမာဒိယာမိ။

(သာဓု=၃)

## ၅။ သတိပဋ္ဌာန်အကျိုးပြ။

၁၈။ လုံးစုံဘုရား၊တပည့်သား၊ကြွသွားနိဗ္ဗာန်၊သတိပဋ္ဌာန်။
၁၉။ ပကိပဋ္ဌာန်၊ နည်းအရ၊ မှတ်ကြ ဤသို့သာ။
၂၀။ မျက်မှောက်ဘဝ၊ ကျိုးငါးဝ၊ မုချ ရသည်သာ။
၂၁။ ကိလေသာရှင်း၊ စိုးရိမ်ကင်း၊ ရခြင်း ကျိုးနှစ်ဖြာ။
၂၂။ ကိုယ်နှင့်စိတ်တွင်၊ ဆင်းရဲစင်၊ ရလျှင် ကျိုးနှစ်ဖြာ။
၂၃။ မဂ်ဉာဏ်လေးဖြာ၊ ရရှိတာ၊ မှတ်ကြ ကျိုးတဖြာ။
၂၄။ နိဗ္ဗာန်ရတာ၊ ကျိုးတဖြာ၊ ပေါင်းက ကျိုးငါးဖြာ။
၂၅။ နေယျ-မန္ဒ၊ မဇ္ဈိမ၊ တိက္ခ သုံးမျိုးလာ။
၂၆။ ၇-ရက်တိက္ခ၊ မဂ်ဖိုလ်ရ၊ မုချ မှတ်ကြပါ။
၂၇။ ၇-လမဇ္ဈိမ၊ မဂ်ဖိုလ်ရ၊ မုချ မှတ်ကြပါ။
၂၈။ ၇-နှစ်မန္ဒ၊ မဂ်ဖိုလ်ရ၊ မုချ မှတ်ကြပါ။
၂၉။ ဘုရားဗုဒ္ဓ၊ မိန့်ဟောပြ မုချ ယုံကြည်ပါ။
၃၀။ ယုံကြည်သောသူ၊ အားထုတ်မူ၊ ရယူ မဂ်ဖိုလ်သာ။
၃၁။ နည်းမှန်လမ်းမှန်၊ ကျင့်မိရန်၊ အမှန်လိုအပ်ပါ။
၃၂။ နည်းလမ်းမှားက၊ မဂ်ဖိုလ်မရ၊ မုချ မှတ်ကြပါ။

(သာဓု=၃)

## ၆။ သတိပဋ္ဌာန် လေးပါး။

၃၃။ ကာယ-ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာ နုပဿနာ။

## ၇။ ကာယာ နုပဿနာ။

၃၄။ လေထွက်-လေဝင်၊ ဖြစ်ခိုက်တွင်၊ အစဉ်မှတ်ရပါ။

၃၅။ ထွက်လျှင် ထွက်တယ်၊ ဝင်,ဝင်တယ်၊ လွယ်လွယ် မှတ်ရပါ။

၃၆။ ထွက်ဆဲ,ဝင်ဆဲ၊ သတိမြဲ၊ ပြောင်းလွဲ ဝိပဿနာ။

၃၇။ နှုတ်ခမ်း,နှာသီး၊ ကျွတ်ချည်း၊ အပြီး စိတ်ထားပါ။

၃၈။ ထိမှုပေါ်မှာ၊ သိမှုသာ၊ မိကာလိုက်ရပါ။

၃၉။ ထိ,သိ နှစ်ပါး၊ မြဲစေသား၊ မမှားကျင့်ရပါ။

၄၀။ ထိ,သိ နှစ်တန်၊ ရုပ်နှင့်နာမ်၊ အမှန်သိရှိလာ။

၄၁။ ထိပျက် သိပျက်၊ အဆက်ဆက်၊ ဖြစ်ပျက်ရှုရပါ။

၄၂။ မမြဲ,ဆင်းရဲ၊ စိုးမရလှဲ၊ အဲမြဲရှုရပါ။

## ၈။ ဣရိယာ ပထ။

၄၃။ သွားလျှင် သွားတယ်၊ ရပ်,ရပ်တယ်၊ လွယ်လွယ် မှတ်ရပါ။

၄၄။ ထိုင်လျှင် ထိုင်တယ်၊ အိပ်,အိပ်တယ်၊ လွယ်လွယ် မှတ်ရပါ။

၄၅။ ကိုယ်ကာယပိုင်း၊ ပြုပြင်တိုင်း၊ မဆိုင်းမှတ်ရပါ။

## ၉။ သမ္မဇည။

၄၆။ ကွေးစဉ် ဆန့်စဉ်၊ လှုပ်ရှားစဉ်၊ တွင်တွင်မှတ်ရပါ။
၄၇။ စားစဉ် ဝါးစဉ်၊ ယူငင်စဉ်၊ မျိုစဉ်မှတ်ရပါ။
၄၈။ အမှတ်ကြဲလျှင်၊ ကိလေဝင်၊ မထင်ရုပ်နာမ်မှာ။
၄၉။ အမှတ်စိတ်လျှင်၊ ကိလေစင်၊ ထင်မြင်ရုပ်နာမ်မှာ။
၅၀။ အမှတ်သဘော၊ မပြတ်စေ၊ မမေ့သာ သံသရာ။
၅၁။ အမှတ်တလုံး၊ မပြတ်သုံး၊ အဆုံးနိဗ္ဗာန်တာ။
၅၂။ ဤသို့မှတ်ကြ၊ အကျဉ်းပြ၊ ကာယနုပဿနာ။

(သာဓု-၃)

## ၁၀။ ဝေဒနာနုပဿနာ။

၅၃။ အာရုံခြောက်တွင်၊ ချမ်းသာလျှင်၊ ခေါ်တွင်သုခသာ။
၅၄။ အာရုံခြောက်တွင်၊ ဆင်းရဲလျှင်၊ ခေါ်တွင်ဒုက္ခသာ။
၅၅။ အာရုံခြောက်တွင်၊ ဒု-သုမထင်၊ ခေါ်တွင်ဥပေက္ခာ။
၅၆။ ခံသာ,မခံသာ၊ အဖြာဖြာ၊ ပေါ်လာဝေဒနာ။
၅၇။ ကောင်းဆိုးစုစု၊ ပေါ်တိုင်းရှု၊ ခေါ်မှုဝေဒနာ
နုပဿနာ။

## ၁၁။ စိတ္တာနုပဿနာ။

၅၈။ အာရုံခြောက်တွင်၊ နှစ်သက်လျှင်၊ ခေါ်တွင် လောဘသာ။

၅၉။ အာရုံခြောက်တွင်၊ မုန်းစိတ်ဝင်၊ ခေါ်တွင် ဒေါသသာ။

၆၀။ အာရုံခြောက်တွင်၊ မသိလျှင်၊ ခေါ်တွင် မောဟ သာ။

၆၁။ ချစ်လျှင်ချစ်တယ်၊ မုန်း၊မုန်းတယ်၊ မှတ်ဖွယ် ထင် တိုင်းသာ။

၆၂။ စိတ်ဖြစ်တိုင်းသာ၊ ရှုမှတ်တာ၊ စိတ္တာနုပဿနာ။

(သာဓု-၃)

## ၁၂။ ဓမ္မာနုပဿနာ။

၆၃။ ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ ငါးဝ နှီ၊ခန္ဓာ။

၆၄။ လက္ခဏာယာဉ်၊ သုံးပါးတင်၊ တွင်တွင်ရှုရပါ။

၆၅။ အနိစ္စ-ဒုက္ခ၊ အနတ္တ၊ မှတ်ကြ သဘောသာ။

၆၆။ လက္ခဏာတွင်၊ အနတ္တထင်၊ ခေါ်တွင် ဓမ္မာ နုပဿနာ။

၆၇။ သုခ ထင်မှု၊ ပျောက်အောင်ရှု၊ ခေါ်မှု ကာယာ နုပဿနာ။

၆၈။ သုခ ထင်မှု၊ ပျောက်အောင်ရှု၊ ခေါ်မှု ဝေဒနာ နုပဿနာ။

၆၉။ နိစ္စထင်မူ၊ ပျောက်အောင်ရှု၊ ခေါ်မူစိတ္တာ၊
နုပဿနာ။
၇၀။ အတ္တထင်မူ၊ ပျောက်အောင်ရှု၊ ခေါ်မူဓမ္မာ၊
နုပဿနာ။
၇၁။ ဝိပလ်လေးဖြာ၊ ပယ်ဘို့ရာ၊ ဟောပါသတိပဋ္ဌာနာ။
၇၂။ ဝိပလ်ပယ်ဖျောက်၊ မဂ်ဖိုလ်ရောက်၊ မပေါက်
ကေန်သာ။
၇၃။ မဂ်ဖိုလ်ရရန်၊ သတိပဋ္ဌာန်၊ အမှန်ကျင့်ရပါ။
၇၄။ လုံးစုံဘုရား၊ တပည့်သားတို့၊ ကြွသွားနိဗ္ဗာန်၊
လမ်းဟောင်းမှန်၊ သတိပဋ္ဌာန်အကျင့်တည်း။

(သာဓု=၃)

## ၁၃။ သောတာပန်ပယ်။

၇၅။ ရုပ်နာမ်အစု၊ အတ္တဟု၊ ယူမှုမရှိပါ။
၇၆။ ဘုရားတရား၊ သံဃာအား၊ ယုံမှားမရှိပါ။
၇၇။ သစ္စာသိမြင်၊ မဂ္ဂင်လဲပါ၊ ကျင့်သိက္ခာ၊ ကိုယ်မှာ
မြဲတော့သာ။
၇၈။ မနာလိုစိတ်၊ ဝန်တိုစိတ်၊ ဤဿာမရှိပါ။
၇၉။ သူများကိုယ်လို၊ ကောင်းမည့်ကို၊ ဝန်တိုမရှိပါ။
၈၀။ ပုထုအများ၊တုပ်နှောင်ထား၊ကြိုးငါးဖြတ်တော့တာ။

(သာဓု=၃)

## ၁၄။ ဝိမုတ္တိခေတ်။

၈၁။ ဝိမုတ္တိခေတ်၊ ပေါ်ထွက်လာပြီ၊ နည်းမှန်လမ်းကောင်း ပွင့်ညောင်းနေပြီ၊ သောတာပန်စစ်၊ အောက်ထစ် ရွယ်ရည်၊ ခါကောင်းတုံး၊ ကျင့်သုံး ခါတော်မှီ။
၈၂။ ကိုယ်နှင့် အသက်၊ မကွဲပျက်မှီ။ ( နည်းမှန် ဆို )
၈၃။ ပျိုသော အိုသော၊ သဘောမရည်။ ။
၈၄။ ရှုပ်ကာကြည့်၍၊ အမြွတ်မတည်။ ။
၈၅။ မသိသူများ၊ ကျော်သွားလိမ့်မည်။ ။
၈၆။ ဆုတွေတောင်းလို့၊ အာညောင်းလှပြီ။ ။
၈၇။ လ,ရက်ကိုရွှေ့၊ မရွှေ့သင့်ပြီ။ ။
၈၈။ အရိယာခေတ်၊ အကျင့်ဖြစ်သည်။ ။
၈၉။ အရိယာဟုတ်၊ အလုပ်ဖြစ်သည်။ ။
၉၀။ သန္ဒိဋ္ဌိက၊ ဓမ္မစွမ်းရည်။ ။
၉၁။ အကာလိက၊ ဓမ္မစွမ်းရည်။ ။
၉၂။ ဧဟိပဿိ၊ လာလှည့်ခေါ်သည်။ ။
၉၃။ ဩပနေယျို၊ ဆောင်ရှိနေသည်။ ။
၉၄။ ပစ္စတ္တံဝေဒိ၊ ကိုယ်သိနေပြီ၊ နည်းမှန်လမ်းကောင်း၊ ပွင့်ညောင်းနေပြီ၊ သောတာပန်စစ်၊ အောက်ထစ် ရွယ်ရည်၊ ခါကောင်းတုံး၊ ကျင့်သုံးခါတော်မှီ။

မှတ်ချက်။ ။ ၈၁—၉၄ နံပါတ်အတိုင်း အပြည့်အစုံ ထည့်၍ ဆိုပါလေ။

၉၅။ လိပ်ကာဏ်းထမ်းပိုး၊ က,ရိုးဖြစ်လှယ်၊ ထို့ထက်
လွန်ကဲ၊ လူဘဲဖြစ်ဘွယ်၊ ခုဝယ်ခဏ၊ ဖြစ်ကြသူမယ်၊
နေခွင်ခါရေး၊ ကြံတွေးသိရမယ်။ (သာဓု-၃)

၁၅။ မေတ္တာပို့။

၉၆။ ယောဂီများစွာ၊ ငို့သူငါ၊ ချမ်းသာကြပါစေ။
၉၇။ မြို့ရွာများစွာ၊ လူတကာ၊ ချမ်းသာကြပါစေ။
၉၈။ သက်ရှိများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
၉၉။ ဘုမ္မဒေဝါ၊ နတ်များစွာ၊ ချမ်းသာကြပါစေ။
၁၀၀။ ရုက္ခဒေဝါ၊ နတ်များစွာ၊ ချမ်းသာကြပါစေ။
၁၀၁။ အာကာသဋ္ဌာ၊ နတ်များစွာ၊ ချမ်းသာကြပါစေ။
၁၀၂။ မင်းစိုးရာဇာ၊ ပေါင်းများစွာ၊ ချမ်းသာကြပါစေ။
၁၀၃။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။
၁၀၄။ ဤသို့ယခု၊ သွန်းလောင်းပြု၊ ကြီးထုမေတ္တာရေ။
၁၀၅။ မိုးဘေးရေဘေး၊ ခိုးသူဘေး၊ ကင်းဝေးကြပါစေ။
၁၀၆။ ဖျားဘေးနာဘေး၊ ရောဂါဘေး၊ ကင်းဝေးကြပါစေ။
၁၀၇။ လူရှင်ရဟန်း၊ ဘေးမသန်း၊ ချမ်းကြပါစေ။
၁၀၈။ ဘေးရန်ဟူသမျှ၊ ကင်းစင်ပ၊ မြေကြပါစေ။
(သာဓု-၃)

၁၆။ ဓမ္မပူဇာ။

၁၀၉။ ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
၁၁၀။ ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
၁၁၁။ ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။ F. 2

## ၁၇။ ဆုတောင်း။

၁၁၂။ အဒ္ဓါ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဇာတိဇရာ မရဏမှာ ပရိမုစ္စိဿာမိ။

၁၁၃။ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ။ ဤ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တပါး ဟူသော လောကုတ္တရာ တရား ကိုးပါးကို ရခြင်း ရောက်ခြင်းငှါ လျော်ကန် သင့်မြတ် အကျင့်ဝတ် ပဋိပတ်ဖြင့်။ ဝါ၊ ကျင့်ဝတ် ပဋိပတ်ကြောင့်။ အဒ္ဓါ၊ မချွတ်ကေန်အမှန်။ ဇာတိ ဇရာမရဏမှာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းမှ။ ပရိမုစ္စိဿာမိ၊ ဆောလျင်စွာ ကျွတ် လွတ် ထွက်မြောက်ရပါလို၏ မြတ်စွာဘုရား။ ။

## ၁၈။ အမျှဝေ။

၁၁၄။ ဤသို့ယခု ငါတို့ပြုရ၊ ကုသလ၏၊ ဘာဂမချို့၊ ကုသိုလ် အဘို့ကို၊ လုံးစုံများစွာ၊ သတ္တဝါအား၊ ရငြားပါစေ၊ အမျှဝေသည်၊ မသွေတူမျှ၊ ရစေသောဝ်။ ။

(သာဓု-၃)

ဆောင်ပုဒ် ဝတ်ရွတ်စဉ် ပြီး၏။

၀—*—၀

## ဆောင်ပုဒ်လင်္ကာ အဖြေများ။

ဆောင်ပုဒ်လင်္ကာ အဖြေများကို ၁=၂ စသော နံပါတ်စဉ် အဲတိုင်း တိုက်ဆိုင်၍ ကြည့်ရှုပါလေ။

(က) ၁-အစ၊ ၁၀-အဆုံး ရှိသော ဆောင်ပုဒ်များမှာ ရတနာသုံးပါးတို့အား ချီးကျူးကြွေးကြော် ပူဇော်သည်ကို ပြဆိုသည်မှတ်။

(ခ) ၁၁-၁၂-၁၃ နံပါတ်တို့မှာ နိဗ္ဗာန်သွားခန်း သတိပဋ္ဌာန် ကျင့်စဉ်ကျမ်းကို အမြွက်မျှ အကျဉ်းရေးပြသော ကျမ်းဆရာ နှင့် ဝတ်, အသင်းသားတို့အား အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်း၊ အကျိုးရှိသော "ရတနတ္တယ" ပဏာမကို ပြဆိုသည်။

(ဂ) ၁၄—၁၅—၁၆ နံပါတ်တို့မှာ အပါယ်ဘေးကြီး တားဆီးကွယ်ကာ၊ လူ့ရွာနှင့်နတ်၊ နိဗ္ဗာန်ရပ်သို့၊ မချွတ်ဆောင်တတ်၊ ကယ်တင်တတ်သော၊ အမြတ်သုံးဖြာ ရတနာသုံးပါးတို့အား အဲ့ားထားကိုးကွယ်ဆည်းကပ် ခြင်း ဟူသော "သရဏတ္တယ" ကို ပြဆိုသည်။

(ဃ) ၁၇ နံပါတ်မှာ ≡ ( သီလေ ပတိဋ္ဌာယ နရော သပညော ) စသော ဝိသုဒ္ဓိမဂ်နှင့် အညီ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ရလို ရောက်လို၍ တရား အားထုတ်သူ

မှန်သမျှတို့မှာ သီလ မစင်ကြယ်ပါလျှင် ဘယ်လိုပင် အားထုတ်, အားထုတ် တရားမရ၊ တရားမတက်၊ တရားမပေါက်၊ ခဲလေသမျှ သဲရေကျပမာ သဲထဲ ရေသွန်သာ ဖြစ်နေ၍၊ လိုရင်းကြီး အချက် အဓိက ဖြစ်သော (သီလဝိသုဒ္ဓိ)အရာကို ပြဆိုလေသည်။

(င) ၁၈=၇၄ နံပါတ်တို့မှာ။
**ဧတေန မဂ္ဂေန တရိံသုပုဗ္ဗေ၊ တရိဿန္တိယေဝ၊ တရန္တိ ဩဃံ။ ။**
ဆိုတဲ့ သတိပဋ္ဌာန် အဋ္ဌကထာ နှင့် အညီ ရှေးဘုရား၊ ခုဘုရား၊ နောက်ဘုရား၊ အလုံးစုံသော ဘုရားတပည့် သားတို့ဟာ နိဗ္ဗာန် သွားကြတာ တခြားလမ်း မရှိ၊ ဤသတိပဋ္ဌာန်လမ်း တလမ်းတည်းကသာ သွားကြ တာချည်းဘဲဟု ပြဆိုသည်။

(စ) ၁၉ အစ၊ ၂၄ အဆုံးရှိသော နံပါတ်တို့မှာ။
**သတ္တာနံ ဝိသုဒ္ဓိယာ။ပ။နိဗ္ဗာန သစ္ဆိကိရိယာယ။ ။**
ဆိုတဲ့ သတိပဋ္ဌာန် ပါဠိတော်ကြီး၌၊ ဘုရားရှင်ကြီး ကိုယ်တော်တိုင်က အိုးကောင်း လက်ခတ်ပမာ ဒေါင်ဒေါင်ပါအောင် တင်းတင်းရင်းရင်း ပြတ်ပြတ် သားသား တရားကြေငြာချက် ထုတ်တော်မူခဲ့တဲ့ အတိုင်း၊ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်တို့အား တဒင်္ဂစသည်ဖြင့် ကိုယ်တွင်းကိုလေသာစင်ကြယ်ခြင်း

စိုးရိမ်ပူပန်ကင်းခြင်း၊ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း လက်ရှိဘဝ၌ပင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မိမိ ပါရမီ ဉာဏ် အခြေခံ လုလ္လ အားလျော်စွာ ရရှိနိုင်ခြင်း၊ စသော အကျိုးတရား ငါးပါးတို့ကို ပြဆိုသည်။

(ဆ) ၂၅ အစ၊ ၃၂ အဆုံးရှိသော နံပါတ်တို့မှာ။ **ယောဟိ ကောစိ ဘိက္ခဝေ – အစ၊ အနာဂါမိတာ။** အဆုံးရှိသော ၇-ရက်၊ ၇-လ၊ ၇-နှစ် အားထုတ်ရုံ မျှနှင့်ပင် မဂ်ဖိုလ်နိဗ္ဗာန် ရပုံကို ပြဆို ထားသော တရားကြေငြာချက် နောက်ဆက်တွဲပင် ဖြစ်သည်ဟု ပြဆိုသည်။

## ၁။ ကာယာနုပဿနာ။

(ဇ) ၃၃ နံပါတ်မှာ–ကာယေ ကာယာ နုပဿီ ဝိဟရတိ စသော သတိပဋ္ဌာန် ပါဠိတော်ကြီးအတိုင်းပင်။

၁။ ရုပ်အစု၌ ရုပ်အစုဟူ၍သာ ရှုနေပုံ၊ ပုဂ္ဂိုလ်သတ္တဝါ သူ့ငါဟု မရှုရပုံ။

၂။ ဝေဒနာအစု၌ ဝေဒနာဟူ၍ ရှုရပုံ၊ ပုဂ္ဂိုလ်သတ္တဝါ သူ့ငါဟု မရှုရပုံ။

၃။ စိတ်အစု၌ စိတ်ဟူ၍သာ ရှုနေရပုံ၊ ပုဂ္ဂိုလ်သတ္တဝါ သူ့ငါဟု မရှုရပုံ။

၄။ သဘောအစု၌ သဘောအစု ဟူ၍သာ ရှုနေရပုံ၊ ပုဂ္ဂိုလ်သတ္တဝါ သူ့ငါဟု မရှုရပုံကို ညွှန်ကြားသော သတိပဋ္ဌာန်လေးပါး အခြေခံတရားကို ပြဆိုသည်။

## ၁။ ကာယာနုပဿနာ။

ဤလိုဤပုံ၊ ဆံ့စသော ထွက်သက် ဝင်သက်စသော ရုပ် အစုအပေါင်း၌ ရုပ်အစုဟု ရှု၍နေခြင်း၊ သူ့ငါ့ကျား့မ ဟု မရှုခြင်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။ ဝါ၊ ကာယာနုပဿနာသတိပဋ္ဌာန်အလုပ်ကိုအားထုတ်၍နေသော ယောဂီဖြူ သူမြတ်မည်၏။

## ၂။ ဝေဒနာနုပဿနာ။

ထို့အတူ= ခံသာ, မခံသာ စသော ဝေဒနာအစု၌၊ ဝေဒနာအစုဟု ရှုနေခြင်း၊ သူ့ငါ ကျား့မ စသည်ဖြင့် မရှုခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။ ဝါ၊ဝေဒနာနုပဿနာ သတိပဋ္ဌာန်အလုပ်ကိုအားထုတ်၍နေသော ယောဂီဖြူသူမြတ် မည်၏။ ဝါ၊ ယောဂီဖြူသူမြတ်ဟု ခေါ်ဆိုရ၏။

## ၃။ စိတ္တာနုပဿနာ။

ထို့အတူ- စိတ်အစု၌ စိတ်အစုဟု ရှုနေခြင်း၊ သူ့ငါ ကျား့မ စသည်ဖြင့်မရှုခြင်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန် မည်၏။ ဝါ၊ စိတ္တာနုပဿာ သတိပဋ္ဌာန်အလုပ်ကို အားထုတ် ၍နေသော ယောဂီဖြူသူမြတ် မည်၏။ ဝါ၊ ခေါ်ဆိုရ၏။

## ၄။ ဓမ္မာနုပဿနာ။

ထို့အတူ = ရုပ် ဝေဒနာ စိတ်မှ တပါးသော ဓမ္မာရုံ ခေါ်သော သဘောအစု၌ သဘောအစုဟူ၍သာ ရှုနေခြင်း၊ သူ့ငါ ကျား မ စသည်ဖြင့် မရှုခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။ ဝါ၊ဓမ္မာနုပဿနာအလုပ်ကို အားထုတ်သော ယောဂီဖြူ သူမြတ် မည်၏။ ဝါ၊ သူမြတ်ဟု ခေါ်ဆိုရ၏။

အို= မဂ်ဖိုလ်လိုလား အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့၊ သင်တို့သည် ရခဲတဲ့ လူ့ဘဝ၊ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့် ကံကောင်းထောက်မ၍ တွေ့ကြုံကြရတဲ့ ယခုဘဝမှာ အကျိုးမပြီး အချည်းနှီး ဟေးလားဝါးလား အလုပ်တွေနှင့်သာ သေနေသို့မရောက်ကြပါစေနှင့်၊ မိမိတို့ရရှိတဲ့ဘဝကို ကျေပ်ပြည့် တန်ဘိုးရှိတဲ့ မဂ်ရဖိုလ်ရ ဘဝဖြစ်အောင် မရွက်ဆောင်နိုင်သော်လည်း အဆိုပါ သတိပဋ္ဌာန် တရား လေးပါးတို့တွင် မိမိ ကြိုက်နှစ်သက်ရာ သတိပဋ္ဌာန် တရား တပါးပါးကို လက်ကိုင်ထား၍ ကြိုးစား အားထုတ်ကြမည် ဆိုပါလျှင်၊ အဆိုပါ ယောဂီဖြူ သူမြတ်အဖြစ်သို့ အလိုလိုဘဲ ရောက်ရှိနေပြီ မဟုတ်ပါလော။ ယောဂီဖြူ သူမြတ်အဖြစ်သို့ တမိနစ် တနာရီခန့်မျှ မရောက်မရဘဲ အန္ဓ ဗာလ ပုထုဇဉ် အမိုက် အကာဏ်း ဘဝနှင့်ဘဲ သေပွဲ ဝင်ကြတော့မလား။ ယောဂီဖြူ သူမြတ်အဖြစ်သို့ ရောက်အောင် တနေ့တနေ့တွင် တမိနစ်၊ တနာရီ စသည်ဖြင့် ကြိုးစား သွားပါလျှင် မိမိတို့

ရရှိတဲ့ ဘဝဟာ မဂ်အခြေ ဖိုလ်အခြေလှုလှု ရေသောက်မြစ် တွယ်မိကြပြီဖြစ်၍၊ မူးတင်း မတ်တင်းခန့် တန်ဘိုး ရှိသွားပြီ မဟုတ်ပါလား၊ သူ့ ငါ ဆိုတာ အဆိုရှိ၊ ကျား မ ဆိုတာ အဆိုရှိ၊ နဂိုရ်ရှိက ရုပ် အပေါင်းအစု၊ ဝေဒနာအပေါင်းအစု စိတ်အပေါင်းအစု၊ သဘောအပေါင်းအစု၊ ခုတင်ခု ခုတင်ခု၊ ခဏခြင်း, ခဏခြင်းဖြစ်၊ ခဏခြင်း, ခဏခြင်းပျက်၊ ဖြစ်ပျက် မနား ရုပ်နာမ်နှစ်ပါး အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘတရား ဒုက္ခ သစ္စာသာ ဖြစ်ပါတကားဟု အသိမှန် အမြင်မှန် ဝိပဿနာ ဉာဏ်ကို လက်ကိုင်ရရှိသွားပါက အသိမှား,အမြင်မှား,အယူ မှားနေတဲ့ အတ္တဒိဋ္ဌိတရားဆိုးကို အလဲထိုး အသေသတ်နိုင်တဲ့ သောတာပတ္တိ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို လက်ကိုင်ရရှိ သွားပါ လျှင် သင်တို့ရရှိတဲ့ဘဝဟာ ကျပ်ပြည့် တန်ဘိုး ရှိသွားပြီ မဟုတ်ပါလော၊ အပ္ပမာဒေန သမ္ပာဒေထ၊ မမေ့ကြနှင့်တဲ့၊ ဘုရားအမိန့်။

(ဈ) ၃၄ အစ၊ ၄၂ အဆုံးရှိသော နံပါတ်တို့မှာ— "သော သတောဝ အဿသတိ၊ သတောဝ ပဿ သတိ" အစ၊ "ကာယာ နုပဿီ ဝိဟာရတိ" အဆုံး ရှိသော သတိပဋ္ဌာန် ပါဠိတော်ကြီး အတိုင်းပင် အာနာပါန သမာဓိ သမထ ရှေ့ပိုင်း နှင့် ဝိပ ဿနာ ပညာ နောက်ပိုင်းပါ သမထ ဝိပဿနာ အစုံပါသော ယုဂနန္ဒနည်းကိုပြဆိုထားပေသည်။

## အထူးမှာထားချက် လေးလေးနက်နက်

## ဉာဏ် နှင့် သက်

မွေး့သေ လွှတ်တဲ့ နိဗ္ဗာန်ကို ရတဲ့ ရောက်တဲ့ နည်းသည်။

၁။ ဝိပဿနာ သာမည နည်း။
၂။ ဈာန်ပညာ ………………… နည်း။
၃။ ကံ ………………… နည်း။
၄။ သီလ သမာဓိ ပညာ နည်း။
၅။ သတိပဋ္ဌာန် ………………… နည်း ဟူ

ငါးနည်းရှိရာ သမထ ဝိပဿနာ အစုံပါသော ဈာန်ပညာ နည်းသည် အချုပ်တည်း။ ထို နည်း မှာ = သမထ ယာနိကနည်း။ ဝိပဿနာ ယာနိကနည်းဟု နှစ်မျိုးရှိရာ မိမိ စရိုက်နှင့် ကိုက် ညီ သော သမထ ကမ္မဋ္ဌာန်းတပါးပါးကို ခဏိက–ဥပစာရသမာဓိတွင်မက အပ္ပနာသမာဓိဈာန်ရရှိသည်တိုင်အောင် သမထကို အားထုတ်ပြီးမှ ထိုပဋ္ဌမဈာန်စသည်တို့တွင် တပါးပါးမှထ၍ ဝိတက်စသော ဈာန်စိတ်တို့ကို နာမ်တရား ထို နာမ်တရားတို့၏ မှီရာ ဝတ္ထုရုပ် စသည်တို့ကို ရုပ်တရား၊ ဤလို ရုပ်နာမ်နှစ်ပါးတို့ကိုပိုင်းခြား၍ ထိုရုပ် နာမ် တို့၏ အကြောင်းကို သိမ်း ဆည်း ပြီး လျှင်၊ အကြောင်းနှင့်တကွသော ရုပ် နာမ် တို့ကို လက္ခဏာ

ယာဉ်သုံးပါးသို့တင်၍ ဝိပဿနာကိုဆင်ခြင်ပွါးများ
သည်ရှိသော်၊ ပါရမီဉာဏ် အခြေခံ အပြည့်အစုံရှိက
လက်ရှိဘဝ၌ပင် ဉာဏ်စဉ်အတိုင်းတက်၍ အရဟတ္တ
မဂ်ဖိုလ်အထိ ရောက်ရှိ လေတော့သည်။ ဤလို ဤပုံ
လောကီဈာန် ကိုးပါးလုံးကို ဖြစ်စေ၊ တပါးပါးကို
ဖြစ်စေ၊ ရအောင်အားထုတ်ပြီးမှ တဖန် ဝိပဿနာ
ဘက်သို့တက်၍ မဂ်ဖိုလ်နိဗ္ဗာန် ရအောင် အားထုတ်
သောနည်းကို သမထယာနိကနည်း ခေါ်ဆိုသည်
မှတ်လေ၊ ဈာန်ယာဉ်စီး၍ နိဗ္ဗာန်ပြည်ကြီးသွားသော
နည်းပေတည်း။

သို့မဟုတ်—

၁။ တဿဟိ ဒုလ္လဘာ တာယ အပ္ပနာ ခိဂမံ အနာဂမယ
မာနော-ပဂေဝတု၊ ယောပုဂ္ဂလော ဉပစာရသမာဓိ
မှိယေဝ ဌတွာ ဝိပဿနာယ ကမ္မံ ကရောတိ၊ သီဃံ
သံသာရဒုက္ခံ သမတိက္ကမိဿတိ။

ဆိုတဲ့ အာနာပါနအဖွင့်။ ဝိသုဒ္ဓိ – ဋီကာဆရာ၏
သြဝါဒမိန့်ခွန်းကို ဦးထိပ်ရွက်ပန်ဆင်ကာ ယခုဘဝ မဂ်ဖိုလ်
မရနိုင်တဲ့ အရပ်ပြစ်ရှစ်ပါးတို့မှလွတ်၍ မဂ်ဖိုလ်ရခွင့် အတော်
သင့်ဆုံးဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကောင်းကြီးနှင့် ရင်ဆိုင်
တွေ့ကြုံနေတဲ့အခါ အဆိုပါ ဈာန်ရသည့်တိုင်အောင်။ ဝါ၊

အပ္ပနာသမာဓိတိုင်အောင် သမထကို အားမထုတ်တော့ဘဲ။ ဝါ၊ ဈာန်ရဘို့ကို မမျှော်လင့်တော့ဘဲ။ ဝါ၊ ဈာန်ရဘို့ကို မရည်ရွယ် မဂ်ဖိုလ်ရဘို့ကိုသာ ရည်ရွယ်၍၊ ခဏိကဥပစာရ, သမာဓိရရုံမျှ သမထကို အားထုတ်၍၊ ရှေးနည်းအတိုင်း ရုပ် နာမ် ပိုင်းခြား၊ ရုပ် နာမ် အကြောင်းကို သိမ်းဆည်း၍၊ အကြောင်းနှင့် တကွသော ရုပ် နာမ် တို့ကို လက္ခဏာယာဉ် သုံးပါးသို့တင်၍ ဝိပဿနာကို ဆင်ခြင် ပွားများသည်ရှိသော် သမ္မသနဉဒယဗ္ဗယ စသော ဉာဏ်စဉ်အတိုင်းတက်၍အရဟတ္တ မဂ်ဖိုလ်အထိ ရောက်ရှိလေတော့သည်။

ဤလိုဤပုံ၊ ဈာန်ရသည်တိုင်အောင် မမျှော်လင့်တော့ဘဲ သံသရာဝဋ်ဆင်းရဲမှ အမြန်ထွက်မြောက်စေရန် ဥပစာသမာဓိ တွင် ရပ်တည်ပြီး ဝိပဿနာဘက်သို့ တက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်အောင် ရအောင် အားထုတ်သော နည်းကို ဝိပဿနာ ယာနိကနည်း ခေါ်ဆိုသည်မှတ်လေ။ မဂ်ယာဉ်စီး၍ နိဗ္ဗာန် ပြည်ကြီးသို့သွားသော နည်းပေတည်း။

ထိုတွင် — သမထယာနိကနည်းမှာ တိုက်ရိုက် နိဗ္ဗာန်သို့ မရောက် ဈာန်မှတဆင့် မဂ်သို့ကူးတက်ရသည်။ ခြေလျင်သွား ခရီးသည် နှင့် တူ၏။ ဝိပဿနာ ယာနိကနည်းမှာ တိုက်ရိုက် နိဗ္ဗာန်သို့ ရောက်၏။ လေယာဉ်စီးသော ခရီးသည်နှင့် တူ၏။ ဤလို ထူးခြားကြသည်ဟု သိ။

အထက်က ကိုး၍ ပြခဲ့သော သာဓကပါဠိ၏ အနက်ကို ပြန်ဆိုဦးအံ့။ ဟိသစ္စံ၊ မှန်၏။ တဿ၊ ထိုဗုဒ္ဓုပ္ပါဒ နဝမ ခေတ်ကာလကို။ ဒုလ္လဘတာယ၊ အလွန့်အလွန် ရခဲလှသည်၏ အဖြစ်ကြောင့်။ အပ္ပနာ့ဝိဂမံ၊ အပ္ပနာသမာဓိဈာန်ကို ရရှိသည်တိုင်အောင်။ အနာဂမယမာနေဘ၊မဆိုင်းမင့်တော့ဘဲ။ ဝါ၊ ဈာန်ရအောင် အားထုတ်၍ မနေတော့ဘဲ။ ပဂေဝတု လျင်မြန်ဆောဆော စောစောကပင်လျှင်။ ယော ပုဂ္ဂလော၊ အကြင်, ယောဂီ ပုဂ္ဂိုလ်သည်။ ဥပစာရ သမာဓိမှ ယေဝ၊ တရားအားထုတ်၍ လောဘ,ဒေါသ စသော ကိလေသာ နီဝ ရဏငြိမ်းသည်မှ ဂေါတြဘူကျအောင် စိတ် ငြိမ်သက် တည် ကြည်သော ဥပစာရ သမာဓိ၌သာလျှင်။ ဌတွာ၊ ရပ်တန့်၍။ သီဃံ၊လျှင်မြန်စွာ။ သံသာရဒုက္ခံ၊ဖြစ်ပျက်မွေးသေ-ဖြစ်ပျက် မွေးသေ ဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲကို။ သမတိက္ကမိဿတိ၊ လျှင်စွာ,လျှင်စွာ ကူးမြောက်ပါတော့အံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဝိပဿနာယ၊ ရုပ်နာမ် ဖြစ်ပျက် အဆက် ဆက် အနိစ္စ,ဒုက္ခ,အနတ္တအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ဖြစ်၏ဟု သိမြင်တတ်သော အသိမှန် အမြင်မှန် ဖြစ်သော ဝိပဿနာ၏။ ကမ္မံ၊ အနုပဿနာဉာဏ် ၃-ပါး,အနုပဿနာ ဉာဏ် ၇-ပါး, မဟာနုပဿနာဉာဏ် ၁၈-ပါးတို့ဖြင့် မနေ မနား ပွားများမယုတ်အားပါးထုတ်မှုကို။ ကရောတိ၊ယုံကြည် စိတ်ချ ပြုလုပ်ကြတော့၏။ (ဤကားအနက်)

ဤလိုဤပုံ၊ သမထယာနိကနည်း၊ ဝိပဿနာယာနိကနည်း ဝါ၊ ဈာန်ယာဉ်စီး၍ နိဗ္ဗာန်ပြည်ကြီးသို့ သွားသောနည်း၊ မဂ်ယာဉ်စီး၍ နိဗ္ဗာန်ပြည်ကြီးသို့ သွားသောနည်းဟု နည်း နှစ်ပါး ထူးခြားချက်ရှိသည်တို့ကို မိမိရရ မသိရှိကြဘဲ။ ဝါ၊ ကျမ်းဂန်နည်းကျကျ ဆရာနည်းရရမရှိကြဘဲနှင့် တတ်ယောင် ကားတွေက ဝိပဿနာ မဟုတ်၊ သမထ သမားတွေ။ သမထ ဆိုတာ ဘိန်းစွဲတာထက် ဆိုးတယ်။

သာသနာ့ပအလုပ် စသည်ဖြင့် ဘုရားလဲဟော၊ ရှင်သာရိ စသော သာဝကတွေလဲဟောခဲ့သော သမထ ဝိပဿနာ အစုံ ပါသော ယုဂနန္ဓနည်းကို သက်သက်မသိ မရိပ်မိ၍၊ နှုတ် မစောင့်စီးဘဲ ရမ်းပြော, ရမ်းဟော, ရမ်းဆရာ, ရမ်းတပည့်တို့ ရဲ့ အယူအဆ အလွဲအမှား အဆက်ဆက်ကို နှုတ်ယောင်လိုက် မိကာ ယူမှား, ပြောမှား, ဟောမှား မိကြသော သူတို့သည် သတိပြုကြလေ။ ဘုရားသူပုန် ရန်သူတွေတို့၊ ဝိ့သို့ မတက်ဘဲ ထ့သက်သက် တဖက်သတ် လုပ်လျှင်မှုကား ≡ ဆိုထိုက်တယ် ထားပါတော့။

( ဆောင်ပုဒ် )

နည်းမသိဘဲ၊ ပြစ်ဆင်ရဲ၊ စွပ်စွဲမပြုရာ။
စွပ်စွဲမိက၊ အပါယ်ကျ၊ မုချမှတ်ကြပါ။ ။

သမထကို ကဲ့ရဲ့ စွပ်စွဲတဲ့ သူတွေဟာ သမထလွတ်အောင် ရှောင်နိုင်ပါ့မလား။ မဂ္ဂင်ရှစ်ပါးထဲက အစဉ်းစွာ သံ၊သင်

နှစ်ပါးမှတပါး ကျန် မဂ္ဂင်ခြောက်ပါးတို့ဟာ သမထ မဟုတ်လား။ သံသင်နှစ်ပါးက ဝိပဿနာမဟုတ်လား။ သမထမဂ္ဂင်ခြောက်ပါးမပါဘဲ မဂ္ဂင်ရှစ်ပါးပြည့်စုံပါ့မလား။ မဂ္ဂင်မစုံဘဲလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရပါ့မလား။ ပြန်၍စဉ်းစား တပည့်များတို့—။

**ဒွေမေ ဘိက္ခဝေ ဓမ္မာဘာဝေတဗ္ဗာ၊ သမထောစ**
**ဝိပဿနာစ**

ချစ်သားတို့။ သမထကိုငင်း၊ဝိပဿနာကိုငင်း၊ ဤသမထဝိပဿနာတရား နှစ်ပါးတို့ကို နေ့ညမပြတ် အထပ်ထပ် ပွားများ အားထုတ်ရမယ်လို့ ဘုရားဟောခဲ့သည် မဟုတ်လော။

ထို့ပြင်“သမထမဿ အဝိဇ္ဇေပဋ္ဌော ဝိပဿနာယ အနုပဿနဋ္ဌော အဘိညေယျော” တရားအလုပ် အားထုတ်ကြသော အရှင်ဘုရားတို့၊ သမထ၏ စိတ်မပျံ့လွင့်သော အနက်ကို၊ ဝိပဿနာ၏ အဖန်တလဲလဲ ရှုခြင်းအနက်ကို ထူးသောဉာဏ်ဖြင့် သိအပ်၏ဟု ရှင်သာရိပုတ္တရာလည်း ဟောခဲ့သည် မဟုတ်လော။

ထို့ပြင်၊ “သမထ-ဝိပဿနာ အာဒိ ကတ္ထာ” အာရုံတပါး စိတ်ထွက်မသွားတဲ့ (သမထ)ဖြစ်ဆဲ ရုပ်နာမ်ပစ္စုပ္ပန်ကို။ ဝါ၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ကို တစ်တစ်ခွခွ တွေ့တွေ့ရှင်းရှင်း မတွေ့မဝေ သိမြင်နိုင်တဲ့(ဝိပဿနာ)ဤသမထနှင့် ဝိပဿနာ တရားနှစ်ပါးကို အစ အဦး ပြု၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြ

ရောက်ကြရသည်ဟု ဘုရားအလိုတော်ကိုသိ ဘုရားအလိုတော်ကို ရိပ်မိတဲ့ အဋ္ဌကထာ ဆရာတို့ကလည်း ထိုထိုကျမ်းဂန်တို့၌ အတန်တန် ဖွင့်ပြခဲ့ကြသည် မဟုတ်ပါလော။

သမထ နှင့် အမေ့လုဘက်လား၊ မယား လုဘက်လား၊ ရန်သူ့ ရန်ဘက်ထား၍ အဘယ်ကြောင့် သမထကိုချည်းဘဲမဲ၍ ဆဲဘိသနည်း၊ ရန်ထောင်ဘိသနည်း။

သည်မှတပါး၊ "သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ"ဟု ထိုထိုသုတ္တံပါဠိတော်တို့၌ ခဏခဏတဖွဖွ ဘုရားဟောခဲ့သည်မဟုတ်ပါလော၊ 'အထက်အဆိုပါ ပါဠိတော်၌' (သမာဓိံ ဘိက္ခဝေ ဘာဝေထ)ဆိုတဲ့အပိုဒ်က သမထကိုညွှန်းပြတော်မူသည်။ ရှေးဦးစွာ စိတ်ငြိမ်လာအောင် သမထကို ပွားများအားထုတ်ကြ၊ တိုက်တွန်းတော်မူသည်။

(သမာဟိတော ဘိက္ခဝေ·ယထာဘူတံ ပဇာနာတိ)ဆိုတဲ့ အပိုဒ်က ဝိပဿနာကို ညွှန်းပြတော်မူသည်၊ စိတ်ငြိမ်လာတဲ့အခါ အာရုံနှင့်စိတ်နှင့်ကပ်နေ၍ အာရုံဖြစ်တဲ့ရုပ်တရား၊ အာရမ္မဏိကဖြစ်တဲ့စိတ် နာမ်တရား၊ ဤ ရုပ်နာမ်ကအပို ပုဂ္ဂိုလ်သတ္တဝါမရှိသည်ကိုငင်း၊ ဤရုပ်နာမ်တို့၏ မမြဲဆင်းရဲအစိုးမရသော အနိစ္စ,ဒုက္ခ,အနတ္တအချက်တို့ကိုငင်း၊ လက်ခံနဲ့လင်းခံနဲ့ သိမြင်လာသည်ကစ၍ သူ,ငါမဟုတ် နာမ်နှင့်ရုပ် အနိစ္စ,ဒုက္ခ,

အနတ္တာ၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာ ဟုတ်၏ မဖေါက် မပြန် ဟုတ်တိုင်းမှန်စွာ ပညတ်ပျောက်၊ ပရမတ်ပေါက်၊ လက္ခဏာရေးဆိုက်၊ သစ္စာလေးပါး ကိုက်သွားအောင် အသိ မှန် အမြင်မှန် ဝိပဿနာဉာဏ်ကို လက်ကိုင်ရရှိနိုင်တယ်၊ သို့မှ သင်တို့အလိုရှိနေကြတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်ကြ မယ်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။

—....*——

## ဆောင်ပုဒ်

၁။ ပိဋကတ် ပင်လယ်၊ နယကျယ်၊ အလွယ်တတ်ပြီ မထင်နှင့်။

၂။ တနည်းတွေ့ရုံ၊ ကျမ်းမစုံ၊ အာဂုံတယ်၍ မတင်းနှင့်။

၃။ ကေစိသဘော၊ တကျမ်းဟော၊ အပြောတယ်၍ မမာနှင့်။

ဆိုတဲ့ ရှေးဆရာတို့၏ အမှာစကားနှင့်အညီ၊ ကျမ်းမနိုင်ဘဲနှင့် ကျမ်းဂန်ကို မယူဆနှင့်၊ ကျမ်းမနိုင်ဘဲနှင့် ကျမ်းဂန်အလာ အမိန့်အဆိုကို ပွေပွေညက်ညက်မရှိဘဲနှင့် ကျမ်းဂန်ကို တထစ် ချ မယူဆနှင့်၊ ယူဆက အမှန်မကျအမှန်မရဘဲဖြစ်တတ်သည်။

တနည်း။ ။ ကျမ်းဂန်ကို မနိုင်ဘဲနှင့် ယူဆတဲ့သူဟာ ကလေးသူငယ်များ ရေတွင်းထဲ ကျောက်ခဲချတာနှင့်တူတယ်၊ ကျမ်းနိုင်တဲ့သူများ ယူဆတာက လူကြီးများ ရေတွင်းထဲ ကျောက်ခဲ ချတာနှင့် တူတယ်၊ ဘယ်လို တူသလဲ ဆိုတော့ လူကလေးများဟာ တည့်တည့် ရေတွင်းထဲကိုမချဘဲ ပေါက်ချ လိုက်တော့ ထေ ာက်ပင်ပြီး ဟိုဘက်ဘေးထိ သည်ဘက်ဘေး ထိနှင့် ကျသွားသလို၊ ကျမ်းမနိုင်ဘဲယူဆက သမထ ထိ၊ ဝိပ ဿနာ ထိနှင့် ရှိတတ်သည်။ လူကြီး ခဲချတာက တည့်တည့် ကြည့်ပြီး ချလိုက်တော့ ဘယ်ဟာကိုမှမထိဘဲ တည့်တည့် ကျ သွားသလို ဘယ် သမထ, ဘယ် ဝိပဿနာကိုမှ မထိမခိုက်စေ ဘဲ သမထနေရာ သမထ၊ ဝိပဿနာနေရာဝိပဿနာ၊ သူ့နေရာ နှင့်သူ အလိုက်သင့် ယူတတ်ပေသည်။ မသိတိုင်း မပြောရလျှင် စကားကြောသာရှေတော့မည်၊ အလမတိ မပဋ္ဌနာတိ။

## သမာဓိ ၃-မျိုး။

သမာဓိသည်—

(၁) စိတ္တက္ခဏ တချက်မျှသာတည်တဲ့ ခဏိက သမာဓိ။

(၂) နီဝရဏ ငြိမ်းသည်မှ ဂေါတြဘူကျအောင် တည်တဲ့ ဥပစာရ သမာဓိ။

(၃) ဈာန်မဂ် ဖြစ်ပေါ်သည်တိုင်အောင် တည်တဲ့အာ ပ္ပနာ သမာဓိ။

F. 4

အကျဉ်းအားဖြင့် လိုရင်းသုံးပါးဘဲရှိရာ ခဏိကမှမရလျှင် ဝိပဿနာမျှမဖြစ်၊ ဈာန်ရဘို့ကို မရည်ရွယ် သောကြောင့်၊ အပ္ပနာသမာဓိကိုလည်းမလိုလားအပ်။ ဖိုလ်မှာ သမာဓိအား ရှိသလောက်သာ ဝင်စားနိုင်သောကြောင့်၊ မဂ်ရလျှင် ဖိုလ် ဝင်စားနိုင်ဘို့ကိုသာ ရည်ရွယ်ပါသောကြောင့် မင္ဂြမအလယ် ကျတဲ့ ဥပစာရသမာဓိသာ အတော်အသင့်ကျသည်။ မဂ်ခဏ ဖိုလ်ခဏတို့မှာ သမထ, ဝိပဿနာ အစုံပါကြသည်။ တပြိုင် နက် တချက်တည်း ရှင်းစုံဖြစ်ကြသည်၊ အငြင်းမပွားကြနှင့်။ စဉ်းစာ ကြ သမထကြောက်တို့ရဲ့။

## သုတသမား နှင့် ဒိဋ္ဌသမား။

ယခုကာလဖြစ်ပုံ တမျိုးရှိသေးတယ်၊ ဘယ်လိုလဲဆိုတော့ ခဏိကဥပစာရမျှ သမထကိုအားမထုတ်ဘဲ တကယ် ကိုယ်တွေ့ ဉာဏ်တွေ့ တရားမဟုတ်ဘဲ သူပြော လူပြော၊ စာတွေ့ စာသိ၊ သုတသိမျှနှင့် သိလျှင်ပြီးတယ်ဆိုတဲ့ အလွယ်သမား,အချောင် သမား ဒေ့ပေါစားဆရာတွေကလဲ တမျိုးဘဲ။ အဲဒါ ဘာနှင့် တူသလဲဆိုတော့ မြစ်ကိုမမြင်ဘူးတော့ မှူးကိုမြစ်ထင် ဆိုသလို ခုတင်ခု,ခုတင်ခု၊ ခဏခြင်း,ခဏခြင်း၊ ပစ္စုပ္ပန် အခိုက်အတန့် အားဖြင့် ခန္ဓာကိုယ် အတွင်း အိသားထဲမှာ တဖွားဖွား ဖြစ် ပျက်နေကြတဲ ပရမတ်ရုပ်နာမ်အစစ်အမှန်တို့ကို တကယ့် ဝိပ ဿနာဉာဏ်ဖြင့် ဒိဋ္ဌကိုယ်တွေ့ မတွေ့ဘူး မမြင်ဘူးလို့ အထူး ကြီး မှာ်ထင်နေတာဘဲ။ (ဒါက သုတသမား)

အချို့က ခဏိကဥပစာရမျှဖြင့် သမထကို အားထုတ်၍၊ နိဝရဏငြိမ်းတဲ့ ဥပစာရ သမာဓိအခိုက်မှာ ရုပ်နာမ်ပိုင်းခြား၍ ခန္ဓာကိုယ် အတွင်းသားထဲမှာ တဖွားဖွား ဖြစ်ပျက်နေကြတဲ့ ဖြစ်တရား,ပျက်တရား၊ ဖြစ်သမား,ပျက်သမား၊ ဖြစ်ပျက်မနား ရုပ်နာမ်တရားတို့ကို အတွင်းသို့ဝင်၍သိနိုင်တဲ့ အတွင်းသိ ဝိပဿနာဉာဏ်ဖြင့် ဒိဋ္ဌကိုယ်တွေ့ တွေ့မြင် နေရတဲ့အခါ ရှေးက ရုပ်နာမ် သိတယ်ဆိုတာ လူပြော, သူပြော ရုပ်နာမ်၊ စာတွေ့ စာသိ ရုပ်နာမ်မျှသာ ရှိနေပါသေးတကား။ ကာလသုံးပါးတို့၌ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ရုပ်နာမ်တွေကို ပေါင်းဆိုထားတဲ့ ရုပ်နာမ်ပါတကား။ အတိတ် ရုပ်နာမ်ကိုလဲ ဖြစ်ပြီးချုပ်ပြီးဖြစ်၍ မမြင်နိုင်။ အနာဂါတ်ရုပ်နာမ်ကိုလဲ မဖြစ်သေး မချုပ်သေး၍ မမြင်နိုင်။ ဖြစ်ခိုက်ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်တဲ့ ရုပ်နာမ်ကိုသာ ဝိပဿနာဉာဏ်ဖြင့် အတိအကျ သိကြ မြင်ကြရတာပါတကားဟု သိ၍၊ သူပြော လူပြော ရုပ်နာမ်၊ စာတွေ့ စာသိ သုတသိ ရုပ်နာမ်သိရုံနှင့် မပြီး၊ ကိုယ်တိုင် အားထုတ်၍ ကိုယ်ပိုင် ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင် ဒိဋ္ဌသိ ဉာဏ်ဝမှာ တွေ့ရမှ ပြီးသည်ဟု ပြောတဲ့ဆရာတွေကလဲ တမျိုးဘဲ။ အဲဒါဘာနှင့် တူသလဲ၊ မြစ်ကြီးကို ကိုယ်တိုင် မြင်ဘူးတဲ့ သူဟာ မူးလောက်မျှကို စကားထဲ ထည့်မပြောသလိုဘဲ။ ရယ်စရာ ဖြစ်သွားတာပေါ့၊ (ဒါက ဒိဋ္ဌသမား)

ဤလို သုတသမား နှင့် ဒိဋ္ဌသမားဟာ ငါ့စကား နွားရ ငြင်းခုံ ပြောဆို နေကြရတာတွေဟာ တရားအားမထုတ်ဘူးတဲ့ အပြစ်တွေဘဲ။ ဘာကြောင့်လဲဆိုသော်— သုတသိခြင်း တူနေ လျှင်လဲ ငြင်းစရာမလို၊ ဒိဋ္ဌသိချင်းတူနေလျှင်လဲ ငြင်းစရာမလို သောကြောင့်ပေတည်း။

အဲသည်ဆရာတွေကို ဘုန်းကြီး မေတ္တာရပ်ခံလိုတယ်၊ ပြီး တယ် မပြီးဘူး စသည်ဖြင့် အငြင်းပွား,အချင်းများ မနေကြ ပါနှင့်၊ ပြီးဆိုလျှင်လဲ ဆိုနိုင်ပါတယ်။ မပြီးဆိုလျှင်လဲ ဆိုနိုင် ပါတယ်။ ဘာကြောင့်လဲဆိုတော့ သိ,ဆိုတာက (သညာသိ-ဝိညာဉ်သိ-ပညာသိ)သုံးမျိုး။ (သုတသိ-စိန္တာသိ-ဘာဝနာ သိ)သုံးမျိုး။ (လောကီသိ-လောကုတ္တရာသိ)နှစ်မျိုး။ ဤလို အမျိုးမျိုးရှိပါတယ်။ ဒီအသိတွေထဲက သိလျှင်ပြီးတယ်ဆိုတာ ဘယ် အသိမျိုးလဲ၊ ပြီးတဲ့ အသိနှင့် မပြီးတဲ့အသိဟာ ဘယ်လို ထူးခြားသလဲ စာနှင့်တိုက်အောင်ပြောပြနိုင်ပါ့မလား မပြော ပြနိုင်လျှင် လာခဲ့၊ ပြီးတဲ့ အသိက ဘယ်လို၊ မပြီးတဲ့ အသိက ဘယ်လို ဆိုတာကို စာနှင့်တိုက်အောင်ပြောပြမယ်။ ဤလို ပြီး မပြီးကို ပိုင်းခြား၍ မသိဘဲနှင့်တော့ အလိုင်းတကားကား ပြောမနေနှင့်၊ အမှန်မှာ သညာဝိညာဉ်သိမှာ မပြီး၊ပညာသိမှ ပြီးသည်။ ပညာသိမှာလဲ လောကီပညာ, လောကုတ္တရာပညာ ဟု နှစ်မျိုးရှိရာ လောကီပညာမှာ အသိအဆုံးသို့မရောက်သေး ၍ မပြီးသေးပါ၊ လောကုတ္တရာပညာမှာလည်း အသိအဆုံးသို့

ရောက်၍ပြီးပါသည်။ လောကုတ္တရာဘက်မှာလည်း မဂ်အဆင့်ဆင့်သို့ တက်၍ တက်၍ သိစရာ ရှိနေသေး သော ကြောင့် အရဟတ္တမဂ်သို့ရောက်တဲ့အသိမှ ဝါ၊ အာသဝေါကုန်တဲ့အသိမှ မုချပြီးပါသည်။ သိလျှင်ပြီးတယ် ပြောတဲ့သူဟာ အရဟတ္တမဂ်သို့ထိအောင် သိရဲ့လား၊ အာသဝေါကုန်ရဲ့လား။ အာသဝေါ ကုန်တဲ့ အသိဟာ ဘယ်လိုဆိုတာ စာနှင့်ကိုက်အောင် ပြောနိုင်ပါ့မလား၊ ပြောနိုင်လျှင် အမှန်ပြီးပြီ။

သို့ရာတွင် သိလျှင်ပြီးတယ်ဆိုတာ သုတသိဘဲဆိုဆို၊ ဒိဋ္ဌသိဘဲဆိုဆို၊ ရုပ်နာမ် မသိလျှင် အန္ဓ၊ သိလျှင် ကလျာဏ၊ ဖြစ်ဆဲ ရုပ်နာမ် ပစ္စုပ္ပန်တို့၏ မမြဲဆင်းရဲ အစိုးမရတဲ့အချက်ကို လက္ခဏ်, လင်းခန့်, ရှင်းခန့်, ဝိပဿနာဉာဏ်ဖြင့် မြင်ပေလျှင် စူဠသောတာပန်၊ အဆိုပါ ရုပ်,နာမ် ဖြစ်ပျက် အဆက်ဆက်တို့၏ မဖြစ်မပျက်ရာနိဗ္ဗာန်ကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် သိမြင်ဘူးပေလျှင် မဟာသောတာပန်အစစ် ဖြစ်နိုင်ပေသည်။

သို့ရာတွင် ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ကိုအမှန်သိ၍ အန္ဓကလွတ်၊ ကလျာဏ ဖြစ်သွားတယ် ဆိုလျှင်ဘဲ ရုပ်,နာမ်ကို ဘိတ်မသိတဲ့ အန္ဓ သတ္တ ဝါမျိုး လောက် မဆိုး လှ ပါ ဘူး၊ သို့ကြောင့် - ဘုန်းကြီး မေတ္တာရပ်လိုတာက သုတသိ ရှိသူကို စိန္တာသိဖြစ်အောင်၊ စိန္တာသိ ရှိသူကို ဘာဝနာသိ ပွားသိ ဖြစ်အောင်၊ လောကီသိရှိသူကို လောကုတ္တရာသိဖြစ်အောင်၊အသိ

အဆုံးသို့ မရောက်သေးသောသူကို အသိ အဆုံးသို့ ရောက်အောင် (သမ္မာဝိဟာရေယျ)နှင့်အညီ တရားရှာကြသော ဓမ္မဂဝေသီ ဓမ္မကာမီ ဓမ္မစာရီပြီးပြီ ဓမ္မယောဂီ အချင်းချင်းသာအားပေးတိုက်တွန်းကြပါ။

အိမ်ကြက်ချင်း ခွပ်သကဲ့သို့ပင်၊ ခုံပေါက်နွားချင်း ဝှေ့သကဲ့သို့ပင်၊ ဘာသာခြားလူမျိုးတို့ကြားက ရှက်စရာ ဗုဒ္ဓဘာသာအချင်းချင်း တဘက်က တဘက်ကို အပြစ်ဆို အငြင်းပွါးအချင်းများနေကြတာထက် အကြောင်းပြ၍ ဖြောင်းဖျကာတိုက်တွန်း အားပေးကြတာက ပို အ ကျိုး ရှိ ပါ တယ်၊ ပိုပြီးအကျိုးများပါတယ်လို့ မေတ္တာရပ်လိုပါတယ်။

မိမိရောင်းကုန် တွင်ကျယ်စေလို၍ သူတပါးကုန်ကို ကုန်ပုပ်၊ကုန်ဆွေးဟု အပြစ်ဆိုမိသောကုန်သည်မိုက်ကဲ့သို့ မိမိဝါဒ တွင်ကျယ်စေလို၍ သူတပါးဝါဒကို အပြစ်ဆိုအပြစ်ပြောလျှင် မိမိဝါဒကိုလည်း တုံ့ပြန်သောအားဖြင့် သူတပါးတို့က အပြစ်ဆို အပြစ်ပြောကြမည့်သူ ပေါ်လာတော့မည်မှာ ဓမ္မတာသာ ပေတည်း။

ဘုရားဟော ပယ်ပြီ

အချို့ လူမသမာတို့က တောသွားမှ တရားရသလားတဲ့၊ မိမိကတော့ အိမ်မှာနေရင်းဘဲ တရားရနေပြီလိုလို၊ ဘုရားဟောလဲ မသိဘဲ နှင့် နှုတ် မစောင့်စည်းဘဲ အိမ်မခွါရဲလို့ ပြောတက် ဆိုတတ်ကြသေးရဲ့။

## အဲဒါကတော့

(အရညဂတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညာဂါရဂတောဝါ)စသော ဘုရားဟောပါဠိတော်ကြီးကို ပျက်ပျက်စီးစီး ဖျက်ဆီးရိုက်ချိုးချပစ်လိုက်တာဘဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ စစ်အောင်မြေကိုသိတဲ့ စစ်ဘုရင် စစ်ဗိုလ်ချုပ်ကြီးကဲ့သို့ ချစ်သား, ချစ်သမီးတို့—။ ယခု တိုက်ရမဲ့စစ်က ပြည်ထောင်ချင်းချင်း မင်းတို့တိုက်ကြတဲ့ ပြင်ပစစ်မျိုးမဟုတ်ဘူး၊ ကိုယ်တွင်း ကိလေသာ တထောင့်ငါးရာ တို့ကို အနိုင်ရအောင် တိုက်ကြရမဲ့ ကိုယ်တွင်းစစ်ဖြစ်တယ်၊ ဒီလို စစ်မျိုးကို မြို့တွင်း ရွာတွင်းမှာနေ၍ တိုက်လို့တော့ အနိုင်ရမှာ မဟုတ်ဘူး။ ငါးပါးအာရုံ ကာမဂုဏ်ဆိုတဲ့ စစ်သည်တော်တို့လက်ထဲမှာ အသက်နှင့်ခန္ဓာ မရှုမလှကျဆုံးကြရမှာ၊ အရှုံးပေးကြရမှာ၊လက်မြှောက်ကြရမှာအမှန်ဘဲ။

သို့ကြောင့် ကိုယ်တွင်းကိလေသာစစ်ကို ချစ်သားတို့ အနိုင်ရစေခြင်းငှာ ငါးပါးအာရုံ ကာမဂုဏ်တွေ ပေါများလှတဲ့ မြို့ထဲ ရွာထဲကို ရှောင်ခွါ၊ လွယ်လွယ်ကူကူ (သီလ-သမာဓိ-ပညာ) ရရှိနိုင်ရာတောသို့၎င်း၊ သစ်ပင်ရင်းသို့၎င်း၊ ဆိတ်ငြိမ်ရာအရပ်သို့၎င်း၊ သွားရောက်၍ တရားအလုပ်ကို အားထုတ်ရမယ်ဆိုတဲ့ ဘုရားဟောပါဠိတော်ကြီး အထင်အရှား ရှိနေတာကို နဲနဲမှမသိ၊ မရိပ်မိတဲ့အတွက် ဘုရားကို အတိုက်အခံပြုပြီး အဆိုပါ ပါဠိတော်ကြီးကို အတင်းရိုက်ချိုး ဖျက်ဆီးရာ ရောက်တော့တာပါဘဲ။

## ဘုရားဟောကို ပယ်ဖျက် ပုဘ်ခတ်လျှင် ဘာဖြစ်မလဲဆိုတဲ့ အမေး၌

" သုတ္တံ အပဋိဗာဟိယံ–တံ ပဋိဗာဟန္တေန ဗုဒ္ဓေါဝ ပဋိဗာဟိတော ဟောတိ"။ ဆိုတဲ့ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့်အညီ၊ ဘုရားဟောကိုပယ်လျှင် ဘုရားကိုလဲ ပယ်ရာကြသည့်ပြင်—

"ပဋိဗာဟန္တော ဣမသ္မိံ ဇိနစက္ကေ ပဟာရံ ဒေတိ" ဆိုဘဲ့ သာလိနီအရ မြတ်စွာဘုရား၏ သာသနာအာဏာတော် စက်ကြီးကို အကြီးအကျယ်ပုတ်ခတ်ဖျက်ဆီးရာရောက်၍ ကြီးလေးသောကံကိုလွန်ကြူးမိလေပြီ၊ ထိုသူအား သံဃာတော်အရှင်မြတ်များက ဥက္ခေပနိယ စသော ကံကို ပြုလိုက ပြုနိုင်ပြီ။ သို့ရာတွင် မသေခင် သတိရ၍ သံဃာများထံတောင်းပန်ဝန်ချပါလျှင် ၎င်းကံ ကြေဘွယ်ရှိ၏။

ဘုရားဟောကိုပယ်လျှင် ဘုရားကိုပါပါယ်ရာကျ၍ ဘုရားနှင့် ဆန့်ကျင်ဘက် ဘုရား လက်ထက်တော်က တိတ္ထိကြီးခြောက်ယောက်တို့ကဲ့သို့ ဘုရားနှင့် အတိုက်အခံဖြစ်နေ၍ မိမိသည် မိစ္ဆာဒိဋ္ဌိဖြစ်မှန်းမသိ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်လုံးလုံးကြီးဖြစ်နေတော့၏။ မိမိ၏စကား တရားသည်လည်း မိစ္ဆာဒိဋ္ဌိစကား မိစ္ဆာဒိဋ္ဌိတရားသာဖြစ်နေတော့၏၊ ထိုအမှားဆရာ၏တရားနာပရိသတ်တို့သည်လည်း မှားမှန်း၊ မိစ္ဆာစကား, မိစ္ဆာတရားမှန်း

မသိရှာသော နားထောင်နေကြရာ အကယ်၍ သိပါမူ အမှား စကား, အမှားတရားကို မနာကြားတော့ဘဲ ထ,ပြန်ရုံသာ ရှိတော့၏။

## ဝဋ်ရှိလို့ ခံရတာတဲ့

သည့်သာမကသေး၊ အချို့ လူမသမာတို့ကတော့ ကိုယ့် ထက်သာ မနာလို ဝန်တိုတဲ့ သဘောနှင့်၊ တရားအားထုတ်သူ တွေကို ဝဋ်ရှိလို့ ခံရတာလို့ဘဲဆိုရဲသေးသတဲ့၊ သူဆိုလိုက်တာ ကတော့ တရားတော်ကို ရန်ညှိုး ရန်ဘက် ထားပြီး အမနာပ စကားကြီးကို မနောပဒေါသ နှင့် ဆိုလိုက်တာ အမှန်ပါဘဲ။ သို့ပေသည့် ဝဋ်ရှိလို့ ခံရတယ်ဆိုတာ မှန်တော့ မှန်သားဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ ဝဋ်ရှိလို့မှ ရှိတဲ့ဝဋ်ကိုမခံလျှင် ဒီဝဋ် ဟာ ဘယ်တော့ကျွတ်မလဲ၊ ဘုရားသည်ရင်း၊ ဘုရား တပည့် သားသည်ရင်း၊ ဖြစ်, ပျက်, မွေးသေ ဆိုတဲ့ ဝဋ်တွေရှိနေလို့ တရားအားထုတ်သောအားဖြင့် ဝဋ်ခံကြသောကြောင့်၊ ဖြစ် ပျက်မွေးသေဆိုတဲ့ ဝဋ်ထဲက ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန် သို့ပင် ရောက်ကြတယ်မဟုတ်လား၊ ဝဋ်ရှိလျက်နှင့် ဝဋ်မခံကြ သော သူတို့သာ ဖြစ်, ပျက်, မွေးသေ ဆိုတဲ့ ဝဋ်ထဲက ယခုထိ မထွက်နိုင်ကြဘဲ နေကြရတယ် မဟုတ်ပါလား။

## မနာလို ဝန်တိုတဲ့ ဇမ္ဗုက

ကဿပဘုရား လက်ထက်တော်က ဇမ္ဗုကဆိုဘဲ့ ကျောင်း ထိုင် ရဟန်းတပါးဟာ အာဂန္တုက ရဟန်းတပါးကို မနာလို

F. 5

ဒုတိယအကြိမ်

ဝန်တိုတဲ့စိတ်နှင့် ကြံကြံဖန်ဖန် ကြံကြီးစေရ ကျောင်းတကာ လှူတဲ့ဆွမ်းကိုစားသည်ထက် မစင်ကိုစားနေတာကမြတ်သေး တယ်လို့ ပြောဆိုခဲ့ဘူးတဲ့အတွက် လက်ရှိဘဝ ငတိကျတဲ့အခါ အပီစိပ်ငရဲကြီးထဲမှာ နှစ်ပေါင်းများစွာ ကျခံခဲ့ရပြီးလျှင် ငါတို့ ဂေါတမ ဘုရားလက်ထက်မှာ တက္ကဒွန်းရဟန်းဖြစ်လာ၍ နှစ် ပေါင်း ၅၅-နှစ်ပတ်လုံး ထမင်းအစာကို မစားဘဲ မိမိ မစင် သူတပါးမစင်တို့ကိုသာ စားနေရတာ။ ကြံကြံဖန်ဖန် ပြောဆို ခဲ့ဘူးတဲ့ ဝစီကံမှုဖြစ်ဘဲတဲ့၊ ဤလို ကြံကြံဖန်ဖန်ပြောဆိုတတ်တဲ့ အလေ့ဝသီဆိုတာဟာ ကြံကြံဖန်ဖန်ဘဲ ပြန်၍ အကျိုးပေး တတ်တာဟာ မမှတာသဘောဘဲတဲ့။

## သတိပေးစကား

ယခုလဲ ပိဋကတ်သုံးပုံမှာပြောစရာစကားတွေဟာအများ ကြီးရှိလျက်သားနှင့် ကြံကြံဖန်ဖန် ဝဋ်ရှိလို့ခံရတာလို့ပြောဆို မိပြန်ပြီ၊ ဘာဖြစ်မယ်ဆိုတာ ယခုဘဝ မသိရသော်လည်း နောက် ဘုရားလက်ထက်မှာ ဝတ္ထုကြောင်းပေါ်မှာကတော့ အမှန်ပါဘဲ၊စူဠပန်ဝတ္ထုသွားကိုထောက်ထားပါလျှင် နောက် ဘုရားသာသနာမှာ တရားအားထုတ်လို့မဖြစ်ဘဲ တရားမရနိုင် ဘဲ အခက်အခဲအမျိုးမျိုး တူသောအကျိုးပေးအားဖြင့် ဖြစ်ရ မလားမသိ၊ (သဒိသံပါကံ ဇနေတိ)အရ မိမိ ပြုလုပ်ပြောဆို ကြံစည်သည်နှင့်တူစွာ ကုသိုလ်၊အကုသိုလ်ကောင်းဆိုးနှစ်မျိုး ကို ပြန်၍ပေးတတ်သည်မှာ မမှတာဘဲ။ အဲဒါကြောင့် အမေ

မိဘ ဆရာသမားနှင့် တကွ ရတနာသုံးပါး အပေါ်မှာ ကံသုံးပါးတို့ဖြင့် မထိပါး စေမိရအောင်၊ အကယ်၍ ပုထုဇန်အလျောက် မမှားဘူးသောရှေ့နေ၊ မသေဘူးသော ဆေးသမားမရှိ ဆိုတာလို မသိမလိမ္မာ၍ တကြိမ်တခါလွန်ကြူးမိတဲ့ ကံရှိနေပါက လောကအရှက်ကို မငဲ့ကွက်ဘဲ အမြန်ဘဲ တောင်းပန် ဝန်ချက ကြီးလေးလှတဲ့ သံသရာပြစ်ဟာ ကြေပျောက်ရမြဲ ဓမ္မတာဘဲတဲ့၊ မိမိအမှားကို မှားမှန်းသိ၍ ဝန်ခံလျှင် သူတော်ကောင်းဟု ဘုရားချီးမွမ်းတော်မူတယ်၊ ဝန်မခံလျှင် သူယုတ်မာ ဆိုလိုတာပေါ့။

၃၆ - နံပါတ်အရ၊ "သတောဝ" ဆိုတဲ့ ပါဠိတော်ကို "သတောကာရီ" ဆိုတဲ့ အဖွင့် အဋ္ဌကထာနှင့်အညီ၊ အာနာပါန ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်လိုသော ယောဂီဖြူသူမြတ်သည်—။

(ဆောင်ပုဒ်)

သတိမြဲရာ၊ ပဌမာ၊ ဒု,မှာ ရှည် တိုသိ။
လုံးစုံလင်းရာ၊ တ,၌သာ၊ စ,မှာ ငြိမ်းစေဘိ။

ဆိုတဲ့ ဆောင်ပုဒ်လင်္ကာလာရှိတိုင်း၊ အာနာပါန သမာဓိ သမထ လေးခန်းတို့တွင် အစဦးစွာ အာရုံနှင့် စိတ်နှင့် ကပ်၍နေသော ပဌမ သမာဓိခန်းအတိုင်း၊ ဝါ၊သတိပြု၍ ဝင်သက်ကိုဖြစ်စေရမယ်။ သတိပြု၍ - ပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေ၍ နေရမယ်။ .သတိမပြုဘဲ, သတိမပါဘဲ, သတိမရှိဘဲ

သတိလက်လွှတ်နှင့်တော့ ဘယ်ခါမှ ထွက်သက် ဝင်သက်ကို မဖြစ်စေရဘူး ဆိုတဲ့ အာနာပါန စည်းကမ်း ဥပဒေအတိုင်း ထွက်တိုင်း-ဝင်တိုင်း ထွက်တယ်,ဝင်တယ်,ရှူတယ်, ရှိုက်တယ် ပိန်တယ်,ဖေါင်းတယ် စသည်ဖြင့် အမှတ်သတိမြဲလာတဲ့အခါ (သတိမြဲရာ-ပဋ္ဌမာ)ဆိုတဲ့အတိုင်း ဈာန်ရဘို့ကိုမရည်ရွယ်၊ မဂ် ဖိုလ်နိဗ္ဗာန်ရဘို့ကိုသာ ရည်ရွယ်ပါသောကြောင့် အမှတ်သတိ မြဲ၍ ခဏိကဥပစာရသမာဓိမျှ စိတ်တည်ငြိမ်ခွင့် ရရှိလာတဲ့ခါ နောက်ပိုင်း ဝိပဿနာပညာဘက်သို့ ပြောင်းလွှဲ၍ တက်ရမည် ဟု သိလေမှတ်လေ။

ထို့ကြောင့်ပင် - "ထွက်ဆဲဝင်ဆဲ၊ သတိမြဲ၊ ပြောင်းလွှဲ ဝိပဿနာ"ဟု ဆိုပေသည်။ ပြောင်းလွှဲဝိပဿနာအရ၊ အာရုံ နှင့်စိတ်ကပ်နေတဲ့ အချိန်အခါ သမာဓိ သမထဘက်မှ ရုပ် နာမ် ဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တအစစ်၊ ဝါ၊ ရှုမှတ်ရတဲ့အာရုံနှင့် ရှုမှတ်နေတဲ့စိတ်၊ ဤ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တအစစ်ကို တစ်တစ်ခွခွ သိမြင် နေရတဲ့ဝိပဿနာပညာဘက်သို့ ပြောင်းလွှဲ၍ တက်တဲ့အခါ အာနာပါနခန်း ကျမ်းဂန်တို့၌ တိုက်ရိုက်လာသော တက်ပုံ ကား- အာနာပါနကို သမာဓိရရုံ၊ ဝါ၊ ထွက်သက် ဝင်သက် အာရုံထဲမှာ စိတ်စွဲ၍နေရုံ၊ အားထုတ်ပြီးလျှင် ရှုမှတ်မှုကိုခဏ ရပ်၍ ဤ ထွက်သက်ဝင်သက်တို့သည် အဘယ်ကိုမှီ၍ဖြစ်ကုန် သနည်း။ ... ရူးစမ်းဆင်ခြင်သည်ရှိသော် ဟာဒယဝတ္ထု, ကရဇ

ကာယ မဟာဘုတ်တို့ကိုမှီ၍ ဖြစ်ကုန်၏ဟု သိမြင်ကုန်၏။ ထိုအခါ အဆိုပါ ထွက်သက် ဝင်သက်နှင့်တကွ ဝတ္ထုရုပ် မဟာဘုတ်တို့ကို (ရုပ်-ရုပ်)ဟုပိုင်းခြား၍ ထိုရုပ်လျှင်အာရုံရှိသော ဖဿလျှင် ငါးခုမြောက်ရှိသော တရားတို့ကို၊ ဝါ၊ နာခေါင်း ကာယ နှင့် ဝါယော ဖေါဋ္ဌဗ္ဗ တွေ့ထိကြတဲ့ဖဿ၊ ခံစားတဲ့ဝေဒနာ၊ မှတ်သားတဲ့ သညာ၊ ပြုပြင်တဲ့ သင်္ခါရ၊ သိတဲ့ ဝိညာဉ် အဆိုပါ ဖဿ ပဉ္စက ငါးပါးတို့ကို (နာမ်-နာမ်)ဟုပိုင်းခြားပြီးလျှင် ထို ရုပ် နာမ် တို့၏ အကြောင်းကို ရှာသည်ရှိသော် အဝိဇ္ဇာ,တဏှာ,ကံ စသော အကြောင်းတရားတို့ကိုမြင်၍၊ ဤထွက် သက် ဝင် သက် စ သော တ ရား အ ပေါင်း တို့ သည် အကြောင်းအကျိုး သက်သက်မျှသာတည်း။ ဤ အကြောင်းအကျိုးမှ တပါး အခြားသော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ပုဂ္ဂိုလ်သတ္တဝါကို မရအပ်,မရကောင်းဟုသိ၍၊ အတိတ်, အနာဂတ် စသော ကာလ သုံးပါးတို့၌ တဆဲ့ခြောက်ပါးသော ယုံမှားခြင်း၊ ရှစ်ပါးသော ယုံမှားခြင်း ကင်းကုန်သည်ဖြစ်၍ အဆိုပါ အကြောင်းနှင့် တကွသော ရုပ် နာမ် တို့ကို လက္ခဏာယာဉ် သုံးပါးသို့တင်၍၊ ဝါ၊ အရှုခံ-အမှတ်ခံ ဖြစ်တဲ့ အာရုံဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တအစစ်တို့သို့ မိမိစိတ်ကိုပြန်တင်၍ ဝိပဿနာကို ဆင်ခြင်ပွားများအားထုတ်သည်ရှိသော် သမ္မသန စသောဉာဏ်အတိုင်းတက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်၏ဟု ရှင်းအဖွင့် သတိပဋ္ဌာန အဋ္ဌကထာ၌ ဖွင့်ပြထားပေသည်၊ ရှင်းအတိုင်း တက်လိုကလည်း တက်လေ။

ဂုဏ်းသတိပဋ္ဌာန်အရ ယခုကာလ တက်ပုံကား—

"ဖုဋ္ဌောကာသေသတိ ဌပေတွာ ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ။" ဆိုတဲ့ အဌကထာနှင့် အညီ၊ အာနာပါန သမထဝိပဿနာ အစုံပါစေခြင်း အကျိုးငှါ မိမိ စိတ်ထားကို ထွက်လေ ဝင်လေတို့၏ ထိခိုက်မှု အထင်ရှားဆုံး ဖြစ်သော အထက်နှုတ်ခမ်းဖျား နှာသီးဖျား ရင်ချိုင့် ဝမ်းဗိုက်တပါးပါး တို့မှာ မိမိစိတ်ကို ပြောင်းလွှဲ၍ ထားရုံပေတည်း။

ထို့ကြောင့်

"နှုတ်ခမ်းနှာသီး၊ ဤတွင်ချည်း၊ အပြီးစိတ်ထားပါ" ဟု ဆိုပေသည်။ ထွက်လေ, ဝင်လေတို့၏ ထွက်တိုင်း, ဝင်တိုင်း တို့၌ နှုတ်ခမ်းဖျား နှာသီးဖျား စသည်တို့မှာ ထိတိုင်း-သိ၊ ထိတိုင်း-သိ၊ အသိမြဲနေအောင် ထိမှုပေါ်မှာ သိမှုတခုကိုသာ ဖိလိုက်နေရပေမည်၊ ရိပ်ခနဲ-ရိပ်ခနဲ၊ နွေးခနဲ-ကေနဲ ထိ,ထိ နေတာကို သိ,သိ နေတာမှတပါး ဘာတခုကိုမှ မသိစေဘဲ ထိတိုင်း-သိ၊ ထိတိုင်း-သိ၊ အမြဲသိနေအောင် သတိနှင့်ဖိလိုက် နေရမည်ဟု ဆိုလိုပေသည်။

ထို့ကြောင့်

ထိမှုပေါ်မှာ၊ သိမှုသာ၊ ဖိကာလိုက်ရပါ။
ထိ-သိနှစ်ပါး၊ မြဲစေသား၊ မမှားကျင့်ရပါ။

ဟု ဆိုပေသည်။

**ဆောင်ပုဒ်**

မရှိတာသိ၊ ရှိတာသိ၊ ရုပ် နာမ်မြင်သိ ဒိဋ္ဌိကွာ။

ဆိုတဲ့အတိုင်း၊ မိမိစိတ်ကို ထွက်သက် ဝင်သက်တို့၏ ထိခိုက်မှု ထင်ရှားရာ နှုတ်ခမ်းဖျား, နှာသီးဖျား စသည်တို့မှာ စူးစူး စိုက်စိုက် စိုက်ထားကာ ရှုမှတ်၍နေတဲ့ခါ နှုတ်ခမ်းဖျား နှာသီး ဖျား စသည်တို့မှာ ရိပ်ခနဲ-ရိပ်ခနဲ၊ ခုတင်ခု-ခုတင်ခု၊ ခဏ ခြင်း-ခဏခြင်း အသစ်,အသစ် အခိုက်အတန့်အားဖြင့် တိုးထိ တိုးထိ နေကြတဲ့ ထိတဲ့သဘော ရုပ်နှင့်၊ ထိမှန်းသိတဲ့ သဘော နာမ်၊ ဤ ရုပ်နာမ် တို့ကိုသာ ဆက်ကာ,ဆက်ကာ၊ ထပ်ကာ, ထပ်ကာတွေ့,တွေ့နေကြရသည်။ သူ-သူ၊ ငါ-ငါ၊ ကျား-ကျား မ-မ ဖြူ-ဖြူ မဲ-မဲ ဆိုတာကိုတော့ လုံးဝမတွေ့၊ အဏုမြူမျှ မတွေ့ကြရပေ။ သို့ကြောင့် သူ-ငါ ဆိုတာ အဆိုရှိ၊ ပညတ် မျှဟုသိ၊ နဂိုရှိက နှာခေါင်းကာယ ဖေါဋ္ဌဗ္ဗနှင့်၊ ဝါယော ဖေါဋ္ဌဗ္ဗ ရုပ်-အချင်းချင်း တိုးထိ ထိခိုက်နေကြတဲ့ ရုပ်-တိုးထိ တိုင်း, တိုးထိဘိုင်း၊ တိုးထိမှန်း သိ,သိ နေတဲ့ နောက်လိုက်သိ မနောဝိညာဉ်-နာမ်၊ ဤ ရုပ် နာမ် ဖြစ်ပျက် အဆက်ဆက်၊ အနိစ္စ-ဒုက္ခ-အနတ္တအစစ်တို့သာရှိ၏ဟု အဖြစ်မှန်ကို သိသော ကြောင့် မရှိတဲ့ ငါကိုလဲ သိ၊ ရှိတဲ့ နာမ်ကိုလဲ သိသည်။

ထို့ကြောင့်။ ။ရှေးက ငါကိုယ်အတ္တ တကယ်ရှိတယ်လို့ မှတ်ထင် ယူဆနေခဲ့တဲ့ ဒိဋ္ဌိအယူမှားသည် တဒင် စသည်ဖြင့် ကွာကြလေတော့သည်၊ သမုစ္ဆေဒကျအောင် ကြိုးစားလေ။

(သီလ သမာဓိ ပညာ)

အဆိုပါ အာနာပါနကမ္မဋ္ဌာန်းကိုကြိုးပမ်းနေတဲ့ ယောဂီ ပုဂ္ဂိုလ်၌(သီလ-သမာဓိ-ပညာ)ဆိုတဲ့ သိက္ခာသုံးပါး၊ မဂ္ဂင်

ရှစ်ပါး၊ ဘယ်မလဲ မဂ္ဂင်ရှစ်ပါး ပါရဲ့လားဟု မမေးမှားနှင့် ဆင်စီး၍ အထီးမှန်း အမမှန်း မသိဆိုတာလို ဖြစ်နေမယ်၊

၁။ ယော ဝါ တထာဘူတဿ သံဝယော အယမေတ္ထ အဓိသီလ သိက္ခာ။

၂။ ယော တထာဘူတဿ သမာဓိ အယံ အဓိစိတ္တ သိက္ခာ။

၃။ ယာ တထာဘူတဿ ပညာ အယံ အဓိပညာ သိက္ခာ။

ဆိုတဲ့။ အာနာပါနအဖွင့် တတိယပါရာဇိက ဌကထာနှင့် အညီ။ အာရုံတပါး စိတ်လွတ်မသွားဘဲ ထွက်သက် ဝင်သက် အာရုံနှင့် မှတ်စိတ်ကပ်နေတဲ့ အချိန်အခါမှာ ကာယကံ ဝစီကံ မလွန်ကြူးရအောင် အထူး စောင့်ရှောက်ထားတဲ့ သတိ ဝိရိယ သံဝရက အဓိသီလသိက္ခာ ဖြစ်နေပြီမဟုတ်လား။ ထို အချိန် ထိုအခါမှာ မိမိစိတ်ဟာ အာရုံတပါး မထွက်သွားဘဲ ထွက်သက် ဝင်သက်ခေါ်တဲ့ အဿာသ ပဿာသ အာရုံထဲမှာ ဧကဂ္ဂတာကျကျ သမာဓိရရ ရှိနေတဲ့ခါ အဓိစိတ္တသိက္ခာ ဖြစ်နေပြီ မဟုတ်လား။ ထိုအချိန် ထိုအခါ အာရုံဖြစ်တဲ့ ရုပ်နှင့် အာရမ္မဏိကဖြစ်တဲ့ နာမ်။ ဤ ရုပ် နာမ် ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တအစစ်၊ ဒုက္ခသစ္စာနှင့်သမုဒယသစ္စာ သာ ဖြစ်၏ဟု တစ်တစ်ခွခွ အဖြစ်မှန်ကို ဝိပဿနာဉာဏ်ဖြင့် သိမြင်လာတဲ့ခါ အဓိပညာသိက္ခာ ဖြစ်နေပြီ မဟုတ်လား။

**ဣမာတိဿော သိက္ခာ တသ္မိံ အာရမ္မဏေ**

ဆိုတဲ့အတိုင်း။ မှတ်စိတ်တချက်ခေါ်တဲ့ ဝိပဿနာစိတ် တချက် ထွက်သက် ဝင်သက် အာရုံထဲမှာ သီလ - သမာဓိ - ပညာ သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယတရား ၃၇ ပါးတို့မှာ မဂ်ရှေ့အဘို့မှာဆိုလျှင် အထိုက်အလျောက် တပြိုင် နက် ပါဝင် ပြီးစီးသွားကြ၍ မဂ်ခဏ-မဂ်ခဏတို့မှာ ဆိုလျှင် အလုံးစုံ တပြိုင်နက်အားဖြင့် ပါဝင်ပြီးစီး သွားကြသည်ဟု သိလေ မှတ်လေ။

ဤလို ဤပုံ မိမိ၌ ငါဆိုတဲ့ ငါကား အဟုတ်မရှိ၊ ထိမှု သိမှု ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ၊ဒုက္ခ၊အနတ္တအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာ အဟုတ်ရှိ၏ဟု အထူးသိ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာလျှင် သူတပါးတို့၌လည်း သူတပါး ဆိုတဲ့ သူတပါးကား အဟုတ်မရှိ၊ ရုပ် နာမ် ဖြစ်ပျက် အဆက် ဆက် အနိစ္စ၊ဒုက္ခ၊အနတ္တအစစ် ဒုက္ခသစ္စာ နှင့် သမုဒယသစ္စာ သာ အဟုတ်ရှိ၏ဟု အသိမှန် အမြင်မှန် ဝိပဿနာဉာဏ် ဖြစ် ပေါ်လာသောကြောင့် သူတပါး ရှိ-မရှိ၌လည်း အယူမှား ဒိဋ္ဌိ တဒင်္ဂစသည် ကွာစ ပြုလေတော့သည်။

**ဒိဋ္ဌိကွာစင်၊ ပါယ်လေးခွင်၊ ပိတ်လျှင်တံခါးသာ၊**

ဆိုတဲ့အတိုင်း။ ငါဆိုတဲ့ ငါ၊ သူတပါးဆိုတဲ့ သူတပါး ကား ပညတ်မျှသာ၊ အဟုတ်မရှိ၊ တကယ်မရှိ၊ ဘိတ်မရှိ၊ လုံးဝ

မရှိ၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် **အ**နိစ္စ,ဒုက္ခ,အနတ္တ**အ**စစ် ဒုက္ခသစ္စာသာ အဟုတ်ရှိ၏ဟု **အ**ထူးမြင် အထူးသိ ဝိပဿနာ ဉာဏ်ဖြင့် သိမြင်လာတဲ့ခါ—။

( နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟိနာ ပောတိ )နှင့် အညီ။ ဤကား **နာ**မ်၊ ဤကား ရုပ်ဟု နာမ် ရုပ် နှစ်ပါးကို ပိုင်းခြား၍ သိမြင်နိုင်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့် ငါ့ကိုယ် **အ**တ္တဟု မှတ်ထင် ယူဆ နေကြသော သက္ကာယဒိဋ္ဌိတရားကို ပယ်ရှားနိုင်တော့သည်၊ ''ဆိုသည်နှင့် အညီ'' **အ**ဆိုပါ အယူမှား ဒိဋ္ဌိဟူသော အပါယ်လွတ်တဲ့ တရား လက်ရှိဘဝ လက်ကိုင်ရသွားအောင် (တရားရှာ—ကိုယ်မှာ) ဆိုတဲ့အတိုင်း အာနာပါနဌတည်ကာ သူ,ငါ တို့၏ ခန္ဓာကိုယ် **အ**တွင်းသားထဲမှာ တဘွားဘွား ဖြစ်ပျက်နေကြတဲ့ အတွင်း တရားတို့ကို အတွင်းသို့ ဝင်၍သိနိုင်တဲ့ **အ**တွင်းသိ ဝိပဿနာ ဉာဏ် ရသွားအောင် မိမိကိုယ် သူတပါးကိုယ်တို့၌ ဝိပဿနာ ရှုမှု **အ**ကြိမ်ကြိမ် ပြုနေကြရမည်ကိုလည်း—။

၂။ "ဣတိ အဇ္ဈတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။"—

စသည်ဖြင့် သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ ဟော ကြားတော် မူခဲ့ပါသည်။

ဇလတိ၊ ဤသို့။ အဇ္ဈတ္တံဝါကာယေ၊ မိမိ၏ နှုတ်ခမ်းဖျား၊ နှာသီးဖျားတို့၌ တဘွားဘွား အသစ် အသစ် ဖြစ်ပျက်လျက် နေကြကုန်သော ထွက်သက် ဝင်သက် ရုပ် အပေါင်းအစု၌ လည်း။ ကာယာနုပဿီ၊ သူမဟုတ်, ငါမဟုတ်, ယောကျာ်း, မိန်းမ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ရှုလို ရှိုက်လိုတဲ့ စိတ်ကြောင့် ဖြစ်သော အဿာသ-ပဿာသ ဝါယောမဟာဘုတ်ရုပ်အနတ္တသာ ဟုတ်၏ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေရ ၏၊ နေလေ၊ နေရမည်။

ဗဟိဒ္ဓါဝါကာယေ၊ သူတပါး၏ နှုတ်ခမ်းဖျား, နှာသီးဖျားတို့၌ တဘွားဘွား အသစ်, အသစ် ဖြစ်ပျက် နေကြကုန်သော ထွက်သက်ဝင်သက်ရုပ်အပေါင်းအစု၌လည်း။ ကာယာနုပဿီ၊ သူမဟုတ်, ငါမဟုတ်, ယောကျာ်း, မိန်းမ, ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ရှုလို ရှိုက်လိုတဲ့ စိတ်ကြောင့် ဖြစ်သော အဿာသ-ပဿာသ ဝါယော မဟာဘုတ် ရုပ် အနတ္တသာ ဟုတ်၏ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ နေလေ၊ နေရမည်။

(ဤကား အနက်တည်း)

၁။ **ကမ္မဇရုပ်**။ ဆိုလိုရင်းမှာ—သူဟူ၍ရင်း၊ ငါဟူ၍ရင်း လောက၌ပြောဆိုကြသော်လည်း သူငါကား အဟုတ်ထင်ရှား မရှိ၊ တကယ်မရှိ၊ ဘိတ်မရှိ၊ လုံးဝမရှိ၊ ပညတ်မျှဟုသိ။ အဟုတ်ရှိ၊ တကယ်ရှိသည်ကား ခန္ဓာကိုယ် အတွင်း သား ထဲ မှာ

တဘွားဘွား ဖြစ်ပျက်နေကြသော ဝါ၊ ဖြစ်ပျက်လျက်ရှိကြ သော မြစ်ရေအလား ပမာထား၍ ရှုစားရသော ကမ္မဇရုပ်။

၂။ ဥတုဇရုပ်။ ရေပူရေငွေ့ အလား ပမာထား၍ ရှုစားရ သော ဥတုဇရုပ်။

၃။ **အဟာရဇရုပ်။** ရေဆူ ရေပွက် အလား ပမာထား၍ ရှုစားရသော အဟာရဇရုပ်။

၄။ စိတ္တဇရုပ်။ မီးပုံယမ်းကျအလား ပမာထား၍ ရှုစား ရသော ထွက်မှု ဝင်မှု၊ ရှုံ့မှု ရှိုက်မှု၊ ပိန့်မှု ဖေါင်းမှု၊ ထိမှု သိမှု၊ သွားမှု ရပ်မှု၊ ထိုင်မှု အိပ်မှု၊ စားမှု သောက်မှု၊ ကွေးမှု ဆန့်မှု စသော စိတ္တဇရုပ်။

အထက်ပါ အကြောင်းနှင့်အကျိုး အလိုသွားနာမ်တရား အလုပ်သွား ရုပ်တရား၊ သတိ-အသိ၊ အလိုအလုပ် နာမ်နှင့် ရုပ်၊ နာမ်ရုပ်ဖြစ်ပျက်အဆက်ဆက်၊ အနိစ္စ,ဒုက္ခ,အနတ္တအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သာ တနေ့လုံး၊တလလုံး၊တနှစ် လုံး၊တသက်လုံး မြစ်ချောင်းကြီးပမာ တသံသရာလုံး၊ ဖြစ်အ စဉ် ပျက်အစဉ်နှင့် လာခဲ့ကြသော ဖြစ်သွား၊ ပျက်သွား၊ဖြစ် တရား၊ပျက်တရား၊ဖြစ်ပျက်မနား၊ အကျဉ်းအားဖြင့် ရုပ်နာမ် နှစ်ပါး၊ အပြားအားဖြင့် ခန္ဓာငါးပါးတို့သာ ထင်ရှား ရှိနေ ကြကုန်၏ဟု ရုပ်နာမ်ကို ပိုင်းခြား၍သိတတ်သော (နာမရူပ ပရိစ္ဆေဒဉာဏ်) ရင့်သန်ပေါ်ပေါက်စေခြင်းငှါ ဟောတော် မူသည်ဟု သိလေမှတ်လေ။

ဤကား ''နာမရူပ ပရိစ္ဆေဒ ဉာဏ်အရာပေတည်း''

## ထို့ကြောင့်

"ထိ-သိ နှစ်တန်၊ ရုပ်နှင့်နာမ်၊ အမှန်သိရှိလာ" ဟု ဆိုပေသည်။ အဆိုပါ ထိ-သိ နှစ်ပါးတို့တွင် ထိမှုကား အကြောင်း၊ သိမှုကား အကျိုး၊ ထိမှု အကြောင်းဖြစ်ပေါ်မှ သိမှု အကျိုး ဖြစ်ပေါ်သည် ဟူလို။ ဤလို ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ အကြောင်း အကျိုး သက်သက်မျှသာ ရှိနေသည်ဟု ဤမျှသိလျှင်ပင် ပစ္စယပရိဂ္ဂဟ ဉာဏ်ဝင်ပေတည်း။

တနည်း။ နှုတ်ခမ်းဖျား နှာသီးဖျား စသည်တို့မှာ ထိမှု-သိမှု ဖြစ်ပေါ်နေခြင်း၏အကြောင်းရင်းကို ရှာဖွေသိမ်းဆည်းသည်ရှိသော် ရှူလို ရှိုက်လိုတဲ့ စိတ်ကြောင့် ရှူမှု ရှိုက်မှုကို ပြုလုပ်ကြတဲ့ခါ ဥပမာ၊ (ဖါးဖို၊ ဖိုနှုတ်သီး၊ ဖိုဆွဲသမား)ဤ သုံးပါး ပေါင်းဆုံမိတဲ့ခါ ဖိုနှုတ်သီးဝမှာ တရှူးရှူး တရှဲရှဲ လေထွက်နေသကဲ့သို့၊ ထို့အတူ ၁-နှာခေါင်းကာယဖေါ်ဋ္ဌဗ္ဗ၊ ၂-ဝါယောဖေါ်ဋ္ဌဗ္ဗ၊ ၃-ရှူရှိုက်လိုတဲ့ စိတ်၊ ဤ သုံးပါး ပေါင်းဆုံမိကြတဲ့ခါ နှုတ်ခမ်းဖျားနှာသီးဖျားတို့မှာ တရှူးရှူး တရှဲရှဲ လေထွက်လေဝင်မပြတ် ဖြစ်နေကြရာ ရှူလိုရှိုက်လိုတဲ့ စိတ်က အကြောင်းတရား၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယော ဖေါ်ဋ္ဌဗ္ဗ၊ နှာခေါင်းကာယတို့က အကျိုးတရား၊ အကြောင်းက နာမ်၊ အကျိုးက ရုပ်၊ ဤ နာမ်-ရုပ် ဖြစ်ပျက် အဆက်ဆက်တို့သာဟု ရှေးဦးစွာ အကျဉ်းအားဖြင့်သိလာပြီးလျှင် နောက် အခါ သတိ-သမာဓိ ဉာဏ်ရင့်သန် ပညာအားပြည့်လာတဲ့ခါ

အဆိုပါ ရုပ်နာမ်တို့သည် မသိမှု အဝိဇ္ဇာ၊ တပ်မက်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန်၊ ပြုလုပ်ခဲ့တဲ့ ကံ၊ စားမျိုတဲ့ အာဟာရ၊ ဤ အကြောင်းတရား ငါးပါးတို့ကြောင့် ဖြစ်ကုန်၏ဟု သိ၍ အဝိဇ္ဇာ-တဏှာ-ကံ စသည်ကား အကြောင်းတရား။ ရုပ်နာမ်တို့ကား အကျိုးတရား။ ယခု ပစ္စုပ္ပန် လက်ရှိဘဝ၌ ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောမယှက် အဆိုပါ အကြောင်းတရားတို့ကြောင့် အဆိုပါ အကျိုးတရားတို့ သက်သက်သာ တခုသော ဘဝ၊ တယောက်သော အမိ၏ ဝမ်းဝယ် ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် ဥပါဒ်၊ဋ္ဌီ၊ဘင် အစဉ်မပြတ် စပ်ကာ၊စပ်ကာ ထပ်ကာ၊ ထပ်ကာ တဘွားဘွား ဖြစ်ပျက် နေကြသကဲ့သို့၊ ထို့အတူ လွန်ခဲ့သော အတိတ်ဘဝက လာလတ္တံ့သော အနာဂတ် ဘဝတို့၌လည်း မရေ မတွက်နိုင်အောင် ဖြစ်ခဲ့လေ့လေပြီ၊ ဖြစ်ကြကုန်လတ္တံ့ဟု ဤလို ဤပုံ ကာလသုံးပါးတို့၌ တဆဲ့ခြောက်ပါးသော ယုံမှားကင်းသွားတဲ့ခါ ရုပ်နာမ်အကြောင်းကို ကောင်းကောင်းကြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာလေတော့သည်။

ဤကား — ပစ္စယပရိဂ္ဂဟဉာဏ်အရာပေတည်း။

ဤနှစ်ဉာဏ် ပြည့်စုံသောသူကို ( စူဋ္ဌသောတာပန် ) ဟု ကျမ်းဂန်တို့၌ အဆိုရှိသည်။ အဆိုပါ ရုပ်နာမ် အကြောင်းကို ကောင်းကောင်းသိပြီးသော ယောဂီပုဂ္ဂိုလ်သည် ရှုမှတ်နေကျဖြစ်သော မိမိ၏ နှုတ်ခမ်းဖျား နှာသီးဖျား စသည်တို့မှာ စိတ်

ထားရှ၍ ရှုမှတ်ပြန်သည်ရှိသော် ရိပ်ခနဲ-ရိပ်ခနဲ၊ ခွေးခနဲ-ခနဲ ခုတင်ခု ခုတင်ခု၊ ခဏခြင်း ခဏခြင်း၊ အသစ်အသစ် မပြတ် မစဲ ထပ်တလဲလဲ တဖွားဖွား ဖြစ်ပျက်နေကြထဲ့. ထိမှုဖြစ်ပျက် သိမှုဖြစ်ပျက်အဆက်ဆက် ထိပြီးလျှင် ပျက်၊ သိပြီးလျှင် ပျက်၊ ဤပုံဤနည်း ပျောက်ပျောက် ပျက်ပျက် ကုန်ကုန် ခန်းခန်း မရှိ မရှိ ဖြစ်သွားသည်တို့ကိုသာ တွေ့ရဖန် များလာတဲ့ခါ နှုတ်ခမ်းဖျား နှာသီးဖျား စသည်တို့မှာ ခဏခဏ တွေ့တွေ့နေ ရတဲ့ သဘောတရားတွေဟာ မျက်တောင် တခတ်စာမျှ ခိုင်မြဲ ချမ်းသာ အစိုးရတဲ့ တရားမျိုးဆိုလျှင် တခုမှ မတွေ့ရပါ တကား။

အားကိုးအားထား ပြုလောက်တဲ့ တရားမျိုးဟူက မြူမျှ မတွေ့ရပါ တကား။ မမြဲဆင်းရဲ အစိုးမရတဲ့ သဘောတရား တွေကိုသာ ထပ်ကာ ထပ်ကာ တွေ့ တွေ့နေရပါတကား။ ခန္ဓာ ကိုယ် အတွင်းသားထဲမှာ မျက်တောင် တခတ်စာမျှ ခိုင်မြဲ ချမ်းသာ အစိုးရတဲ့ နိစ္စ သုခ အတ္တ တရားမျိုးဆိုလျှင် လုံးဝ မရှိပါတကား။ မမြဲ ဆင်းရဲ အစိုးမရတဲ့ သဘောတရားတွေ ချည်းပါတကားဟု အလိုလိုဘဲ တွေ့မြင်ရသည့် တရားတွေကို အစွဲပြု၍ မိမိစိတ်ထဲ ဉာဏ်ထဲမှာ ထင်မြင် ထင်မြင် လာသော ကြောင့် စိတ်ထဲ ဉာဏ်ထဲမှာ ထင်မြင် ထင်မြင် လာတာကို ဉာဏ်ထဲတွင်သာ သိသိပ်၍မထားနိုင်တော့ဘဲ မိမိ၏ နှုတ်သီး ဖျားပေါ်မှာ လွတ်ခနဲ လွတ်ခနဲ၊ မမြဲ မမြဲ၊ ဆင်းရဲ ဆင်းရဲ၊

အစိုးမရ အစိုးမရဟု ခဏ ခဏ သုံးသပ် ဆင်ခြင် မိတတ်လေသည်။

ဤကား။ သမ္မသန ဉာဏ်အရာပေတည်း။

........*——

**အနိစ္စ လက္ခဏာသာ ပဓါနတဲ့**

၃။ ဝိသေသတောပန ဣမသ္မိံဉာဏေ အနိစ္စလက္ခဏာ
ဒဿနမေဝ ပဓါနံ တသ္မိံဒိဋ္ဌေ ဣတရာနိ ကမေန
ဒိဋ္ဌာနိ ဟောန္တိ။ ။

(အဘိဓမ္မာဋီကာ)

ဝိသေသတောပန၊အထူးအားဖြင့်ကား။ဣမသ္မိံဉာဏေ၊ ဤ ဝိပဿနာ ဉာဏ်အရာ၌။ အနိစ္စ လက္ခဏာ ဒဿနမေဝ၊ အနိစ္စလက္ခဏာကို ကောင်းစွာ မြင်ခြင်းသည်သာလျှင်။ ပဓါနံ၊ လိုရင်းအကျ ပဓါန ကြီးပေတည်း။ တသ္မိံ၊ ထို အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ ကောင်းကောင်းလှလှ ထင်မြင်ကြသည်ရှိသော်။ ဣတရာနိ၊အနိစ္စမှကြွင်းသော ဒုက္ခအနတ္တ လက္ခဏာတို့ကိုလည်း။ ကမေန၊ အစဉ်အတိုင်း။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

( ဤကားအနက် )

ဝိပဿနာ ဉာဏ်အရာမှာ အနိစ္စလက္ခဏာ ကောင်းကောင်း လှလှ ထင်မြင်ဘို့ရာသာ လိုရင်း ဖြစ်၏၊ အနိစ္စ လက္ခဏာတခု ထင်မြင်လျှင်ပင်ကြွင်းသော ဒုက္ခ–အနတ္တလက္ခဏာတို့မှာ အလို လိုပင် ထင်မြင်လာတော့သည်ဟု ဆိုလိုပေ၏၊ လက္ခဏာယာဉ် သုံးပါးထင်မြင် လာလျှင်လည်း မဂ်ဖိုလ်ရတော့မည်မှာ သေချာ နေပါပြီ၊ ထင်မြင်အောင်သာ ခဲကြပါ။

လက္ခဏာယာဉ် သုံးပါးတို့တွင် တပါးပါးထင်လျှင် ကျန် လက္ခဏာတို့ သည်လည်း ဆက်လက်ထင်မြင် လာတော့တာဟာ ဓမ္မတာဘဲတဲ့။

"တီသု လက္ခဏေသု ဧကသ္မိံ ဉပဋ္ဌိတေ သေသလက္ခဏာ နိုပိ ဉပဟန္တိ" ဆိုတဲ့ ခန္ဓာဝဂ္ဂသံယုတ် အဋ္ဌကထာကို ထောက် မျှော်လေ...။

ထိုအခါ...အဆိုပါ သမ္မာသန် ဉာဏ် ရင့်သန်၍ အထက် ဉဒယဗ္ဗယဉာဏ်ကို ရစေခြင်းငှာ ထိမှုဖြစ်ပျက်၊ သိမှုဖြစ်ပျက်၊ အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တ အစစ်တို့ကိုသာ ရှေ့နောက် အစဉ်မပြတ် စပ်စေလျက် ရုံခါ ဖြစ်ခြင်း သဘော ဉပါဒ်ကို၊ ရုံခါပျက်ခြင်းသဘော ဘင်ကို၊ ရုံခါ ဖြစ်ခြင်းသဘောပျက်ခြင်း သဘော ဉပါဒ်နှင့် ဘင်နှစ်ရပ်ကို စပ်၍ ရှုမှတ် ပေးပါ။ ရုံခါ ထိပျက်, သိပျက် အဆက်ဆက်တို့၏ မမြဲသော အနိစ္စသဘော၊ ဆင်းရဲ နှိပ်စက်သော ဒုက္ခသဘော၊ မြဲအောင်,ချမ်းသာအောင် အစိုးမရသော အနတ္တသဘောကို စိုက်ရှုပေးပါ၊ ရုံဘန် ရုံခါ

ခန္ဓာကိုယ် အတွင်းသားထဲမှာ ဟိုကဖြစ်ပျက်၊ ဒီကဖြစ်ပျက် နှင့် တလှုပ်လှုပ် တရွရွ တမွမွ တဖွဲဖွဲ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ ဖြစ်သမား၊ ပျက်သမား၊ ဖြစ်တရား၊ ပျက်တရား ဖြစ်ပျက်မနား ပရမတ် ရုပ်၊ နာမ် တရားတို့ကို ဘွားဘွား မြင်အောင် ဉာဏ်နှင့်ကြည့်၍ အဆိုပါ ခန္ဓာတွင်းရှိ တရားတွေကို မမြဲမှန်းသိသိ၊ ဆင်းရဲမှန်းသိသိ၊ အစိုးမရမှန်း သိသိကလေးနှင့် သိ၍ သိ၍ နေပါ။ ဝါ၊ သိရုံကလေး သိရုံကလေး နှင့် အသိမပြတ်စပ်အောင် အသိလိုက်သိနေစမ်းပါ။ ။

## ရုပ်နာမ်—အသုဘရှု၊

မိမိမျက်စိအောက်တွင် တယောက်ပြီး တယောက် တုံးခနဲ တုံးခနဲ လဲလဲသေနေကြတဲ့ လူတွေကို ပကတိမျက်စိနှင့်မြင်မြင်နေရသလိုထို့အတူပမာ ဘွားကနဲဖြစ် ဗျုတ်ကနဲချုပ်၊ ငုတ်တုတ်ပျောက်၊ ဖြစ်ပျက် ဖြစ်ချုပ်နေကြတဲ့ ရုပ်၊ မသာလောင်း၊ နာမ်၊ မသာလောင်းတွေကို မျက်ခြေ မပြတ်စေဘဲ။ ဝိပဿနာ မျက်စောင်းနှင့်၊ အလိုက်သင့် ချောင်းပြီး ရုပ်၊ နာမ် အသုဘာ ရှုနေစမ်းပါ။ ရှေးဘဝက အားထုတ်ခဲ့ဘူးတဲ့ ဝိပဿနာဉာဏ်အခြေခံ ရင့်သန်ခဲ့ပြီးရှိလျှင် ဤမျှနှင့်ပင်အဆိုပါရုပ်နာမ်ဖြစ်ပျက်အဆက်ဆက်တို့အပေါ်မှာ မုန်းတီးငြီးငွေ့မှု အားကြီးလာတဲ့ခါ တပ်ခြင်း ကင်းတဲ့မဂ် စိတ်၊ တပ် မက်မှုမှ လွတ် မြောက်သွားတဲ့ ဖိုလ်စိတ်ဖြစ်ပေါ်လာပါလျှင် အလွယ် တကူ နှင့် ပင် နိဗ္ဗာန် ထုဘ်ချောက် ရောက်သွားတတ်ပေသည်။ ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်ဆဲ ဖြစ်ခိုက် ဖြစ်ဆဲ ဖြစ်တဲ့ ပရမတ် ရုပ်၊နာမ် အစစ်

အမှန်ကိုအဘန်ဘန် တွေ့မြင်တွေ့မြင်နေရတဲ့ခါ မုန်းတီးငြီးငွေ့မှု ဖြစ်တတ်သည်မှာ ဓမ္မတာ။ ။ မုန်းတီး ငြီးငွေ့မှု အားကြီး လာတဲ့ခါ တပ်ခြင်း ကင်းတဲ့ မဂ်၊ တပ်မဂ်မှုမှ လွတ်တဲ့ ဖိုလ် ဖြစ်ပေါ် လာတတ်သည်မှာ ဓမ္မတာပေတည်း။

"နိဗ္ဗိန္ဒ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ"
တို့ကိုထောက်လေ—။

ဤလို ဤပုံ ရှုမှတ် နေရမည် ကိုပင်။

၄။ သမုဒယဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ အနိစ္စာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ ။

စသည်ဖြင့် ဟောခဲ့ပါသည်။

ကာယသ္မိံ၊ ထွက်သက်ဝင်သက်ရုပ်အပေါင်းအစု၌။ သမုဒယ ဓမ္မာ နုပဿီ ဝါ၊ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏ နေရ၏ နေလေ။ ကာယသ္မိံ၊ ထွက်သက် ဝင်သက် ရုပ်အပေါင်း၌။ ဝယဓမ္မာ နုပဿီ ဝါ၊ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကိုအဖန် တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သမုဒယ ဝယဓမ္မာ နုပဿီ ဝါ၊ ဖြစ်ကြောင်း ပျက်ကြောင်း တရား နှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ

နေ၏။ ကာယသို့၊ ထွက်သက်ဝင်သက်ရုပ်အပေါင်း၌။ အနိစ္စာ နုပဿီဝါ၊ မမြဲမမြဲဟုအဖန်တလဲလဲရှု၍ဝင်း။ ဒုက္ခာနုပဿီဝါ ဆင်းရဲဆင်းရဲဟု အဖန်တလဲလဲရှု၍ဝင်း။ အနတ္တာ နုပဿီဝါ၊ အစိုးမရ အစိုးမရဟု အဖန်တလဲလဲ ရှု၍ဝင်း။ ဝိဟရတိ၊ နေ၏ နေရ၏ နေလေ၏။ (ဤကားအနက်)

## (ဤကား ဥဒယဗ္ဗယ ဉာဏ်အရာပေတည်း) ထို့ကြောင့်

ထိပျက်-သိပျက် အဆက်ဆက်၊ ဖြစ်ပျက်ရှုရပါ။
မမြဲဆင်းရဲ၊ စိုးမရလဲ၊ အမြဲရှုရပါ။ ။

ဟု ဆိုပေသည်။

(မှတ်ချက်) ဤ၌ အနိစ္စနုပဿီဝါမှာ—သမ္မသန ရှုနည်းကို ညွှန်းပြတော်မူပေသည်၊သမုဒယဝယဓမ္မာနုပဿီဝါ မှာ ဥဒယဗ္ဗယရှုနည်းကိုညွှန်းပြတော်မူခဲ့ပေသည်။ ဘင်-စသော ရှုနည်းကိုမူကား မညွှန်းပြခဲ့ပေ။သို့ မပြသော်လည်း ဝိပဿနာရှုနည်း ထုံးစံ အတိုင်း ဥဒယဗ္ဗယအကျယ်၅၀-ပွား၍ ရှုနည်းအတိုင်း ရှုရ မည်ဟု သိလေ။ ။

ဥဒယဗ္ဗယဉာဏ်၅၀အကျယ်ပွား၍ ရှုနည်းများကို ဘာသာ အလင်းပြ တတိယ၌ အကျယ်ပြဆိုခဲ့ပေပြီ။

**အထူးမှာထားချက်။** ။ ရှေးဘဝက လက်ငုတ် လက်စ မရှိခဲ့ကြ၍ ဤမျှနှင့် ပင် မဂ်ပေါက် ဖိုလ်ပေါက် မရောက်ကြ သေးလျှင်—။

နိစ်-ဒုတ်-နတ်-နိ။ ဝိ-နိ-ပဋိ။

မှတ်သိရှာထား၊ အနုပဿနာခု နစ်ပါး။

ဆိုတဲ့ ဆောင်ပုဒ်နှင့် အညီ။ ။ အနုပဿနာ ၃-ပါး၊ အနုပဿနာ ၇-ပါး၊ မဟာအနုပဿနာ ၁၈-ပါးတို့ဖြင့် မနေမနား ကြိုးစားရမည်ဟု သိလေ။

ဤဘဝ ဤမျှကြိုးစားလျှင် လက်ရှိဘဝ မဂ်ဖိုလ်မရထိုက်တဲ့ အဘဗ္ဗ ပဒပရမ ပုဂ္ဂိုလ် ရင်လဲဖြစ်မှ၊ သို့မဟုတ် မဂ်အန္တရာယ် ငါးပါး တပါးပါး ငြိတွယ်နေသူလျှင်လဲ ဖြစ်မှသာ လက်ရှိဘဝ မဂ်ဖိုလ်မရဘဲ ရှိတော့မည်။ သို့မဟုတ်ပါက လက်ရှိဘဝ၌ပင် မုချ မဂ်ဖိုလ်ရောက်ရတော့မည်မှာ သေချာနေပါပြီ။

၅။ နဟိအရိယမဂ္ဂဘာဝနာယ အနဝသေသကိလေသံ အသမုဂ္ဃာတေတွာ ကဒါစိပိ ဘဝတော နိဿရဏံ ဝိမုတ္တိ သမ္ဘဝတိ။ ။

ဆိုတဲ့ ဥဒါန်းအဋ္ဌကထာနှင့်အညီ။ ဝိပဿနာမဂ်ကို မရှုမမှတ် မပွားမျာဒးဘဲ အလကား နေလို့တော့ မဂ်, ဖိုလ် နိဗ္ဗာန်ကို ရသည် ရောက်သည်ဟု ဘုရားလည်း မဟောခဲ့၊ ဘုရားမဟော၍ ကျမ်းဂန်တို့၌လည်း မလာမရှိပေ။

ဟိသစ္စ၊ ဝိပဿနာမဂ်ကို မပွားမများ အားမထုတ်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရသည်မရှိဟု ငါဆိုသော စကားသည် မှချကေန် စင်စစ်မှန်၏။ အရိယမဂ္ဂဘာဝနာဃ၊ အရိယာမဂ်ကို ပွားများ အားထုတ်၍။ အနုဝသေသကိလေသံ၊ အကြွင်းမရှိသော ကိလေသာကို။အသမုဂ္ဃာတေတွာ၊ တဒင်္ဂပဟာန်သမုစ္ဆေဒပဟာန်ဖြင့် မပယ်မခွာ မသတ်မူ၍။ ကဒါစိပိ၊ တရံတခါ၌လည်း။ဘဝတော သံသရာစင်္ဒုက္ခဘဝမှ။နိဿရဏံဝိမုတ္တိ၊ ကျွတ်လွတ်ထွက်မြောက် ခြင်းမည်သည်။ နသမ္ဘဝတိ၊ ဘယ်တော့မှ မဖြစ်နိုင်။ ဝါ၊ ဖြစ်ရိုး လွတ်ရိုး ထုံးစံမရှိ။ (ဤကား=အနက်)

## ဝိသုဒ္ဓိ ၇-ပါး။

၁။ သီ-စိတ်-ဒိဋ္ဌိ-ကင်၊ မဂ်-ပဋိလျှင်၊ ဉာဏ်ယှဉ်သတ္တ ထား။

၂။ မဂ်ဖိုလ်လိုရှိ၊ ကြိုးစားဘို၊ သုဒ္ဓိခုနစ်ပါး။

ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ။ ဝိသုဒ္ဓိ ၇-ပါး မပါပါ တကား၊ ဝိသုဒ္ဓိ ၇-ပါး ဘယ်မှာလဲဟု မမေးလေ နှင့်၊ ဝိသုဒ္ဓိ ၇-ပါး။ ဉာဏ်စဉ် ၁၀-ပါး။ ၁၆-ပါး ဆိုတာက ကျမ်းရေးတဲ့နေရာမှာ သာ သိသာထင်ရှားအောင် တနည်း တမျိုးစီ ခွဲခြား၍ ရေးသား ကြရလေသည်။ အလုပ်သဘောမှာ ဤကဲ့သို့မဟုတ်ပါ။ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဟာ တွဲလျက်တပါတည်း ဖြစ်သွားသည်ဟု သိပါ။

သည့်မျှသာမကသေး သတိပဋ္ဌာန်တရားလေးပါးကိုပွားများ အားထုတ်လိုက်တယ်ဆိုရင်ဘဲ၊ သမ္မပဓာန်၊ဣန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင် မဂ္ဂင်ဆိုတဲ့ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ဟာ မဂ်ငဲ့ရှေ့ အဘို့ မှာ အထိုက် အလျောက် ပါဝင်၊ မဂ်ခဏ မဂ်ခဏမှာ ဆိုလျှင် အပြည့်အစုံ ပါဝင်ပြီးစီးသွားလေတော့သည်။

## ဝိသုဒ္ဓိ ၇ ပါး ဖြစ်စဉ်။

**ဥပမာ**...... အာနာပါနကို အားထုတ်တဲ့ ယောဂီဆိုပါတော့ အာရုံနှင့်စိတ် ကပ်၍ ရှုမှတ်နေဆဲမှာ ကာယကံ,ဝစီကံလုံခြုံနေ၍ (သီလဝိသုဒ္ဓိ)ဖြစ်နေပြီ။ ထိုအချိန် ထိုအခါတွင် စိတ်တည်ငြိမ် နေ၍ (စိတ္တဝိသုဒ္ဓိ)လဲဖြစ်နေပြီ ရှုမှတ်နေရတဲ့ အာရုံရုပ်တရားနှင့် ရှုမှတ်နေရတဲ့ စိတ်နာမ်တရား၊ ဤရုပ်နာမ်မျှသာ ရှိ၏ဟု သိနေ ကတည်းက (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်၊ အဆိုပါ **ရုပ်နာမ်** နှစ်ပါး တို့သည် အဝိဇ္ဇာ,တဏှာ,ကံ စသော အကြောင်းကြောင့် အကြောင်း အကျိုး တသံသရာလုံး ဖြစ်ပျက် နေကြသည်ဟု သိ၍ ကာလ သုံးပါးတို့၌ ယုံမှားကင်းကတည်းက(ကင်္ခါဝိတရဏဝိသုဒ္ဓိ) ဖြစ်၊ ရံခါတွေ့မြင်ရတတ်တဲ့ အလင်းရောင် စသည်ကား မဂ်မဟုတ်။ ဖြစ်ပျက်ကို သိမြင်တဲ့ ဝိပဿနာဉာဏ်မှသာလောကုတ္တရာမဂ်သို့ ရောက်ကြောင်း မဂ်ဟုတ်၏ဟု မဂ်ဟုတ်သည် မဟုတ်သည်ကို သိကလည်းက (မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ) ဖြစ်၊ သမ္မသနမှ တပါး၊ ဥဒယဗ္ဗယ စသော နောက်ဉာဏ်ကိုးပါးဖြစ်ကတည့်းက ( ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ) ဖြစ်၊ မဂ်ဉာဏ်လေးပါး အစဉ်

အတိုင်းဖြစ်ဏတည်းက (ဥာဏဒဿနဝိသုဒ္ဓိ) ဖြစ်၊ ဤလို ဤပုံ ဝိသုဒ္ဓိ နှင့် ဉာဏ်စဉ်၊ ဉာဏ်စဉ် နှင့် ဝိသုဒ္ဓိ ဟာ ခွဲမရ ခွာမရ တွဲ လျက် တွဲ လျက် တ ပြိုင် နက် ဖြစ် ပေါ် သည် သိလေ— မှတ်လေ....။

(**မှတ်ချက်**) ဤလိုဤပုံတပြိုင်နက် ဖြစ်သည်မှန်သော်လည်း ကျမ်းဂန်တို့၌ ( **တာဝ စတုပါရိသုဒ္ဓိသီလံ ဝိသောဓေတဗ္ဗံ** ) ဟူ၍လာသောကြောင့်၄င်း၊ ဂရု,ဖြစ်စေခြင်း၄ာ၄င်း၊ (သမာဒါန သမ္ပတ္တ-သမုစ္ဆေဒ) ဝိရတီဖြစ်စေခြင်း၄ာ၄င်း၊ သီလကိုအကျယ် မခံယူသော်လည်း။ (ပဥ္စသီလံ သမာဒိယာမိ)ဟု အကျဉ်းနည်း အားဖြင့် ခံယူဆောက်ဘည်လျှင်လည်း ပိုမိုသာလွန်၍ ကောင်း ပါ၏။

## တရားနှင့်တရက်၊

၆။ ယောစ ဝဿသတံ ဇီဝေ။
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံသေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ဆိုတဲ့ ဓမ္မပဒနှင့် အညီ။ ။ အကြင်သူသည် ခန္ဓာတွင်းရှိ အခိုက်အတန့်အားဖြင့် တဘွားဘွား ဖြစ်ပျက်နေကြတဲ့ ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက် တို့ကို သက်သက် မသိ မရိပ်မိဘဲ

အသက်တရာရှည်ကြာ၍နေပါသော်လဲ၊ ရှည်ကျိုးမနပ်၍ မမြတ်ဘူးတဲ့၊ အကြောင် သူသည်ကား ခန္ဓာကိုယ် အတွင်းသား တို့၌ တဘွားဘွားဖြစ်ပျက်နေကြတဲ့ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို တစ်တစ်ခွခွ နေရာတကျ ဒိဋ္ဌသိ ၀ိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် ဧကန် တိတိ အမှန်ကို သိမြင်၏၊ ထိုသူသည်ကား၊ အသက်တရာ မဆိုပါ နှင့် တနေ့ တရက်ထဲပင် အသက်ရှင်ပါသော်လည်း၊ အသက်ရှည်ကျိုးနပ်၍ မြတ်လှတော့ သည်သာဟု ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ အတိုင်း တရာနှင့် တရက် ဘ၀ဂ်နှင့် ဧ၀ီစိကဲ့သို့ တသက်လုံး နေခဲ့လေ - ရှည်ခဲ့လေသမျှ အသက်တွေဟာ နေကျိုး ရှည်ကျိုးမနပ်ဘဲ ဆန်ကုန် မြေလေး ဖြစ်ပြီး ယခုလို ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို တစ်တစ်ခွခွ ဉာဏ်တွေ ဉာဏ်မြင် ဖြစ်ကြတဲ့အခါလူဖြစ်ကျိုး၊ သာသနာတော်ကြီး နှင့် တွေ့ကျိုး၊ အသက်ရှည်ကျိုး နပ်၍ မြတ်သတဲ့၊ ကိုယ်လုပ်မှ ကိုယ်အားထုတ်မှ ကိုယ်မြတ်မယ်နော်...။ သူတပါး လုပ်လို့ ကိုယ်မမြတ်နိုင်ဘူး၊ သူတပါးလုပ်လျှင် သူတပါးသာ မြတ်သွားမှာပေါ့၊ မြတ်အောင်ခဲကြ၊ မဲကြ၊ မလွဲကြစေနှင့်။

## အနတ္တထင် နိဗ္ဗာန်မြင်။

၇။ အနတ္တလက္ခဏေ ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံနာမ ဟောတိ။

အနတ္တလက္ခဏေ၊ အနတ္တလက္ခဏာကို။ ဒိဋ္ဌေ၊ ၀ိပဿနာဉာဏ်ဖြင့် တွေ့မြင်ရသည်ရှိသော်။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ဒိဋ္ဌံနာမ မြင်အပ် မြင်ရတော့သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

F. 8

ဒုတိယအကြိမ်

ဆိုတဲ့ အင်္ဂုတ္တိုရ်၏ ဋီကာနှင့် အညီ၊ မမြဲဘဲ နေပမလား၊ မြတ်ပါသော်ကော၊အဘယ့်ကြောင့်မြတ်သနည်းဆိုတဲ့အမေး၌ အဆိုပါ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏ ခန္ဓာကိုယ် အတွင်းသားထဲ၌ တဘွားဘွား ဖြစ်ပျက်နေကြတဲ့ ပရမတ် ရုပ် နာမ် အစစ်အမှန်တို့ကို ဖြစ်ခိုက် ဖြစ်ဆဲဆိုတဲ့ပစ္စုပ္ပန် အလယ် ကျကျ မဇ္ဈိမ ပဋိပဒါ အစစ် ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက် တို့ကို တစ်တစ်ခွခွ ကိုယ်တိုင်အားထုတ်၍ ကိုယ်ပိုင် ဝိပဿနာ ဉာဏ်ဖြင့် တွေ့မြင် တွေ့မြင် နေကြရတဲ့အခါ အဆိုပါ ပရမတ် ရုပ်နာမ်အစစ်အမှန်တို့၏ ခဏခြင်း ခဏခြင်း ချုပ်ငြိမ်းချုပ်ငြိမ်း နေတဲ့ ရုပ်နာမ်အနတ္တကို တွေ့မြင် တွေ့မြင်နေရတာ အတန်ကြာ လာတဲ့ခါ မီးခိုးကြွက်ရှောက်ပမာ ဉာဏ်မီးကူးစက်ကာ တနွယ် ငင် တစင်လုံးပါ သဲလွန်စ ရလာပြီးလျှင် ထာဝစဉ် ချုပ်ငြိမ်း နေတဲ့ နိဗ္ဗာန်အနတ္တကို လှလှသိမြင် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန် သို့ပင် ဆိုက်ရောက်သွားနိုင်ပေသည်။

၁။ အနတ္တထင်၊ အတ္တစင်၊ မဂ်ဝင်ဖိုလ်ဖြစ်မြဲ။

၂။ အနတ္တထင်က၊ လေးသစ္စ၊ သိကြအမှန်ဘဲ။

၃။ သစ္စာလေးတန်၊ လေးမဂ်ဉာဏ်၊ နိဗ္ဗာန်ရဘို့ အမှန်ဘဲ။

၈။ တသ္မိံ ဟိသတိ သစ္စပဋိဝေဓော ဣဇ္ဈတိ န, အသတိ။ (ဝိသုဒ္ဓိမဂ် ဋီကာ)

ဟိသစ္စံ၊ မှန်၏။တသ္မိံ၊ ထိုအနတ္တ လက္ခဏာကို ကောင်းစွာ ထင်မြင်ခြင်းသည်။ သတိ၊ ရှိသော်။ သစ္စပဋိဝေဓေါ၊ သစ္စာ လေးပါးကို ထိုးထွင်း၍ သိခြင်းကိစ္စသည်။ ဋ္ဌဇ္ဇတိ၊ ပြီးပြည့်စုံ၏ အသတိ၊ အနတ္တ လက္ခဏာ ထင်မြင်ခြင်း မရှိသည် ရှိသော်။ နဋ္ဌဇ္ဇတိ၊ မပြည့်စုံ။

(ဤကား အနက်)

## သိတာနှင့် ထင်တာ တမျိုးစီ

ရုပ်နာမ် သိတာကတမျိုး၊ ရုပ်နာမ် ထင်တာက တမျိုးဘဲ ရုပ်နာမ်ကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု သိတာက တမျိုး၊ ရုပ်နာမ်ကို အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘဟု ထင်တာက တမျိုးဘဲ သိတာနှင့် ထင်တာ တမျိုးစီဘဲ၊ တူဘယ်မထင်နှင့်။ ထို့ကြောင့် သိရုံနှင့် ပြီးတယ်လို့ မမှတ်နှင့် ယောင်သုံးဆယ်တို့....။

သိရုံမှာ........ မှတ်ဉာဏ် ကောင်းလျှင် စာကြည့်သော်၎င်း၊ တရားနာသော်၎င်း၊ သူပြော လူပြောနှင့်ပင် သညာသိ၊ ဝိဉာဏ် သိ၊ စသည်ဖြင့် သိတတ်ပေသည်။ ထင်ဘို့ရာမှာ သညာသိစသည် ဖြင့် သိပြီးသည်ကို ခဏ-ခဏ မဂ္ဂသစ္စာ ဝိပဿနာပွား၍ကိုယ်တွေ့ ဉာဏ်တွေ့ ဒိဋ္ဌတွေ့ရမှ ထင်၍နေပေသည်။ သိရုံမျှမှာတဒင်္ဂသာ ကိလေသာ ကွာနိုင်သည်၊ ထင်မှသာ သမုစ္ဆေဒ ကွာနိုင်သည်၊ "သုတသိက တဒင်္ဂ၊ ဒိဋ္ဌသိမှ သမုစ္ဆေဒ" တဒင်္ဂ မင်္ဂကိစ္စမပြီး၊ သမုစ္ဆေဒမှ မင်္ဂကိစ္စပြီး၏။ ရန်သူမသေဘဲသေပြီမှတ်၍ အမှတ်မဲ့

နေရာ ရန်သူက ပြန်ချ၍ မိမိသေရသကဲ့သို့ ကိစ္စမပြီးဘဲ ပြီးပြီ မှတ်၍နေက သေခါနီးကျ ကိုယ်တွင်းရန်သူက ပြန်ချ၍ အပါယ် ကျမည့်အရေးကို မျှော်တွေး၍ အထူးမှာထားလိုက်သည် သတိ ရှိကြစေ။

## သူငါဆိုတာ အဆိုရှိ၊ နဂိုရှိက ရုပ်နာမ်ခန္ဓာ။

ဤမျှနှင့်ပင် မဂ်၀င် ဖိုလ်ပေါက် နိဗ္ဗာန်ရောက် မဖြစ်နိုင်ကြ သေးလျှင် အခြားကမ္မဋ္ဌာန်းသို့ ပြောင်း၍ဖြစ်စေ ရှုမှတ်ပွားများ အားထုတ်ပါလေ။ သို့မဟုတ် အာနာပါနဘဲ မိမိ စရိုက်နှင့် ကိုက်ညီတယ် ဆိုရင် ရှုနေကျ မှတ်နေကျ ဖြစ်တဲ့ အာနာပါန ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ၀င်မြဲ ၀င်ကြတဲ့အခါ၊ နှုတ်ခမ်း နှာသီးဖျား စသည်တို့မှာ စိတ်ထား၍ ကြည့်တဲ့အခါ၊ ငုပ်ခနဲ ရိပ်ခနဲ မပြတ်မစဲ တိုးထိ တိုးထိ နေသည်တို့ကိုရင်း၊ သို့မဟုတ် ခန္ဓာကိုယ် အတွင်းသား တနေရာရာက ပူမှု၊ မေ့မှု၊ အောင့်မှု၊ တောင့်မှု၊ တင်းမှု၊ ကြပ်မှုမှစ၍ တလှုပ်လှုပ် တဖြုတ်ဖြုတ် တရွရွ တမွမွဖြစ်စေ၊ စိုးစိုးစစ်စစ် ဖြိုးဖြိုး ဖြန်းဖြန်းဖြစ်စေ၊ တဒိတ်ဒိတ် အလှစ်လှစ်ဖြစ်စေ၊ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ချုပ်ဖြစ်ချုပ် နှင့် ရှေ့နောက် အစဉ်စပ်၍ မပြတ်မစဲ ထပ် တလဲလဲ ဖြစ်ပျက် နေကြသည်မှာ သူ ငါ မဟုတ် မဟာဘုတ် နာမ် ရုပ် အဆက်ဆက် အနိစ္စ-ဒုက္ခ-အနတ္တ အစစ် ဒုက္ခသစ္စာ သက်သက်သာ ရှိနေပါတကားဟူ၍ သတိတရား, အသိတရား ရှေ့ရှုထင်ရှား ဖြစ်ပေါ်လာလေတော့သည်။

သွားဆဲဖြစ်လျှင်လည်း။ သွားလိုသော စိတ် နာမ်နှင့် သွားနေသော ရုပ်၊ ဤနာမ်ရုပ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ-ဒုက္ခ အနတ္တ အစစ်သွားလိုသော သမုဒယနှင့် သွားနေရတဲ့ ဒုက္ခသာ ရှိနေပါတကားဟူ၍ရှုင်း။

ရပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ, စားဆဲ, သောက်ဆဲ, ကွေးဆဲ,ဆန့်ဆဲ စသည်တို့မှာလည်း ထို့အတူပင် ရပ်လို၊ ထိုင်လို၊ အိပ်လို၊စားလို သောက်လို၊ ကွေးလို၊ ဆန့်လိုတဲ့ နာမ် နှင့် ရပ်နေ၊ ထိုင်နေ အိပ်နေ၊ စားနေ၊သောက်နေ ကွေးနေ၊သန့်နေတဲ့ ရုပ်၊ ဤနာမ် ရုပ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တ အစစ် ရပ်လိုခြင်း သမုဒယ သစ္စာ နှင့် ရပ်ခြင်းစသော ဒုက္ခသစ္စာ သက်သက်သာ ရှိနေပါတကားဟူ၍ရှုင်း။

သတိတရား အသိတရား ရှေးရှုထင်ရှား ဖြစ်ပေါ်၍ လာလေတော့သည်။ ဤလိုဤပုံ—မပြတ်မစဲထပ်တလဲလဲ ရှုမှတ်ပွားများ တရားကိုအားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ သတိ တရား အသိတရား အလိုလို ထင်ထင်ရှားရှား ဘွားဘွားကြီး ပေါ်လာပုံကိုလည်း....

၉။ "အတ္တိကာယောတိ ပနဿ သတိပစ္စုပဋ္ဌိတာဟောတိ" ဟူ၍ သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ ဟောတော်မူခဲ့ ပါသည်။
ကာယော၊ ဖြစ်ပျက်မနား မဟာဘုတ် ရုပ်တရား အပေါင်း အစုသည်သာ၊ အတ္ထိ၊ ကေန် တိတိ အမှန်ရှိ၏။ သူငါ ဆိုသည်

ကား လားလားမျှ မရှိ။ ဣတိ၊ ဤသို့။ အဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား။ သတိ၊ သတိတရား အသိတရားသည်။ ပစ္စုပဋ္ဌိတာ ရှေးရှုထင်မြင်လာတော့သည်။ ဟောတိ၊ ဖြစ်၏။

(မှတ်ချက်) ဤလိုဤပုံ သတိတရား ထင်ရှားဖြစ်ပေါ်လာ တယ်ဆိုတာ ဝတ်မကြေ ဝတ်မကုန် တော်ရုံ လျော်ရုံ ကရော် ကမယ် ပေါ့ပျက်ပျက် ဝီရိယ မထက်သော သူတို့မှာ ဤလို မဖြစ်ပေါ် လာနိုင်ပေ။ တရားကို တကယ် ယုံယုံ ကြည်ကြည် လိုလိုချင်ချင် အင်တိုက်အားတိုက် စူးစူးစိုက်စိုက် ရှေ့အမှတ်နှင့် နောက်အမှတ် အစဉ်မပြတ် စပ်အောင် ရှုမှတ်သော ယောဂီတို့ မှသာ ဤပုံထင်လာသည်၊

ထိုစကားသည် မှန်၏၊ ရှေ့အမှတ်နှင့် နောက်အမှတ် အစဉ် မပြတ် စပ်စေလျက် အားထုတ်ပါလျှင် ရှေ့အာရုံနှင့် နောက် အာရုံလည်း စပ်နေ၍ အာရုံဖြစ်တဲ့ ရုပ်နှင့် အာရမ္မဏိက ဖြစ်တဲ့ နာမ်လည်း စပ်သွားသောကြောင့် ရုပ်နာမ် ဖြစ်ပျက် အဆက် ဆက် အနိစ္စ, ဒုက္ခ, အနတ္တ အစစ်လည်း စပ်လျက် စပ်လျက် မပြတ်ဖြစ်နေလေတော့သည်။ (သို့ကြောင့်) ယောဂီသည်သူငါ ဆိုတာ ဗလာနတ္ထိ ရုပ်နာမ်အပေါင်းအစု သက်သက်သာ ရှိ၏ဟု သတိတရားအသိတရား ရှေးရှုဖြစ်ပေါ်လာတော့သည်ဟူလို။

## အမှိုကင်းကင်း နေနိုင်ခြင်း။

ဤလိုဤပုံ—ဣရိယာပုတ် လေးပါးတို့၌ သေသေကြေကြေ မီးမရလျှင် ငါမနေဟု ဇွဲသတ္တိရှိရှိနှင့် မီးပွတ်သော ယောကျ်ား ကဲ့အလားသို့....။

"ကြောရိုး အရေ၊ကြွင်းကျန်စေ၊ခြောက်လေသွားအသွေး အသက်ကိုမှ၊ မငဲ့ရ။ သမ္မပဓါန်လေး....။

ဆိုတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရလောက် ရောက်လောက်အောင် အားထုတ်အဲ့ သမ္မာပဓါန် လေးပါးနှင့်အညီ မနေမနားမပြတ်မစဲ ထပ်တလဲလဲ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား မိမိခန္ဓာကိုယ် အတွင်းသားထဲမှာ တဘွားဘွား ဖြစ်ပျက် နေကြတဲ့ ဖြစ်ခိုက် ဖြစ်ဆဲ ဖြစ်တဲ့ ပရမတ် ရုပ်နာမ် အစစ်အမှန် ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တ အစစ် ဒုက္ခသစ္စာ နှင့် သမုဒယ သစ္စာသက်သက်သာ ဖြစ်နေကြသည်တို့ကို တတ်တတ် ထင်ထင် ဉာဏ်တွေ့ ဉာဏ်မြင် ဒိဋ္ဌ တွေ့မြင် နေရတဲ့အခါ ယခုဉာဏ်ဝမှာ တွေ့မြင်နေရတဲ့ ဖြစ်ပျက် ဖြစ်ချုပ် တွေဟာ ဘယ်နည်းနှင့်မျှ (ငါ့ကိုယ်, ငါ့ဟာ, ငါ) ကောန်မဟုတ် နာမ်, ရုပ် အနတ္တဟု အမှားနှင့် အမှန်ကို ကိုယ်ပိုင် ဝိပဿနာ ဉာဏ်ဖြင့် ဆုံးဖြတ်၍ သိသောကြောင့် (**နေတံမမ**) ဤ,ဖြစ်ပျက် တွေကို ငါ့ဟာ ငါ့ ဥစ္စာဟု မယူ သောကြောင့် တဏှာ အမှိုလည်း ကင်းနေ၏ (**နေသောဟမသ္မိ**)တွေ့မြင်နေရတဲ့ ဖြစ်ပျက်တွေကို ငါဟုမယူဆ သောကြောင့် မာနအမှိုလည်း ကင်းနေ၏ (**နမေသောအတ္တာ**) လက်တွေ့ မျက်မြင်ဖြစ်နေတဲ့ ဖြစ်ပျက်တွေကို ငါ့ကိုယ်အတ္တဟု မယူဆသောကြောင့် ဒိဋ္ဌိအမှိုလည်း ကင်းနေ၏။

အဆိုပါ ဖြစ်ပျက်တွေကို သူလေလော၊ ငါလေလော၊ နိစ္စ လေလော၊အနိစ္စလေလော၊ အတ္တလေလော၊အနတ္တလေလောဟု

ယုံမှားမှု ဝိစိကိစ္ဆာလည်း ရှင်းရှင်းနှင့် လင်းလင်းကလေးနေနိုင်တော့သည်။

ရှေးအခါက သူယောင်ယောင် ငါယောင်ယောင် ကျား,မယောင်ယောင် ယောင်သုံးဆယ် ယောင်ခြောက်ဆယ် မှတ်ထင်ယူဆနေခဲ့တဲ့ ဝန်ထုပ် ဝန်ပိုး ကြီးကို တခါထဲ ခေါင်းပေါ်ကပစ်ချလိုက်ရသလို၊ မျက်စိလည် ပြေသွားသလို၊ စိတ်ထဲဉာဏ်ထဲမှာ ရှင်းခနဲ-လင်းခနဲ ဖြစ်သွားလေတော့သည် ဟူလို။

ယောဂီတို့....။ **တရားနှင့်ဝေး၊ မယဉ်ကျေး၊ မီးဝေးချိပ်မာကဲ့ပမာ။** ။ ဆိုတဲ့အတိုင်း တရားကို မလိုက်စား နိုင်ကြသေးသောကြောင့် ခန္ဓာကိုယ် အတွင်းသားထဲမှာ မြစ်ချောင်းတွင်းရှိရေပမာ တဖွားဖွား ဖြစ်ပျက် နေကြတဲ့ ဖြစ်တရား ပျက်တရား ဖြစ်ပျက်မနား ရုပ်, နာမ် နှစ်ပါး ခန္ဓာငါးပါးတို့ကို အတွင်းသို့ဝင်၍ သိနိုင်တဲ့ အတွင်းသိ ဝိပဿနာဉာဏ်ကို ကိုယ်ပိုင်လက်ရှိမရကြသေးလျှင် တရား နှင့် အဝေးကြီး ဝေးနေကြသေး၍ ပုထုဇန်သတ္တဝါ သူငါတို့၏ စိတ်အမာကြီးမာ၍ နေကြသည်မှာ အဆိုပါ ကိုယ်တွင်းရှိ တရား ရုပ်နာမ်နှစ်ပါးတို့ကိုပင် သက်သက်မရိပ်မိသောကြောင့် ငါ့ဟာ ငါ့ဥစ္စာဟု အစွဲအလမ်းပြုနေလျှင် (တဏှာ)ကို မှီနေဘာကဲ့၊ ငါဟုအစွဲအလမ်းပြုနေလျှင် (မာန) ကိုမှီ၍နေတာတဲ့ ၊ ငါ့ကိုအတ္တဟု အစွဲအလမ်းပြုနေလျှင်(ဒိဋ္ဌိ)ကို မှီ၍နေတာတဲ့၊ ဤလိုဤပုံ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ကိုပင် ငါ့ဟာ-ငါ၊ ငါ့ကိုယ်ဟု ( **တဏှာ-မာန်-ဒိဋ္ဌိ** ) ကို တသံသရာလုံး

မှီ၍ နေကြရသတဲ့၊ ဒါဖြစ်လျှင် အစွဲအမှီ မကင်း လျှင်ကော ဘာဖြစ်သလဲ၊ ကင်းလျှင်ကော ဘာဖြစ်သလဲဟု မေးစရာ ရှိပြန်တယ်။

## အမေးရှိလျှင် အဖြေရှိမြဲ၊

### ၃၊ ဒိဋ္ဌိဗန္ဓန ဗန္ဓာတေ-ပ-နတေဒုက္ခာပမုစ္စရေ။
### ( ဤကား အဖြေတည်း )

**အဓိပ္ပါယ်မှာ။** ။ ခြေ၌နှောင်ကြိုးရှိနေကြတဲ့ကျီးကြက်တွေဟာ ကြိုးတဆုံးကပို၍ လိုရာသို့ ပြန်မသွားနိုင်ကြဘဲ တဖုတ်ဖုတ် မြေကြီး၌အကျမြဲနေကြဘိသကဲ့သို့၊ ထို့အတူပမာ တဏှာ, မာန, ဒိဋ္ဌိ နှောင်ကြိုး ရှိနေကြတဲ့ ပုထုဇဉ် သတ္တဝါ သူငါတွေဟာ ပြုအပ်သော ကံအားလျော်စွာ လူကြိုးတဆုံး နတ်ကြိုးတဆုံး, ဗြဟ္မာကြိုး တဆုံးကပို၍ လိုရာနိဗ္ဗာန်သို့ ရောက်အောင် ပျံမသွားနိုင်ကြဘဲ အပါယ်ငရဲ၌ တဖုတ်ဖုတ် အကျမြဲ နေကြ၍ ဖြစ်ပျက် မွေးသေဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲကြီးထဲက မကျွတ် မလွတ် မထွက်မြောက် နိုင်ကြဘဲ လူ့,နတ်ဆိုတဲ့ သံသရာ ရေယာဉ်ကြောမှာ တပေါ်လောလော မျောနေရသတဲ့။

## အမှီရှိ, မရှိ အကျိုးအပြစ်ကား၊

**(အထူး)** ဒိဋ္ဌိအမှီ မကင်းသမျှ အပါယ် သံသရာက မလွတ် ကင်းလျှင် လွတ်၏။ တဏှာအမှီမကင်းသမျှ လူ့,နတ် သံသရာက



ဒုတိယအကြိမ်

မလွတ်၊ကောင်းလျှင်လွတ်၏။မာနအမြဲမကောင်းသမျှဖြဟ္မာ သံသရာက မလွတ် ကောင်းလျှင် လွတ်၏။ မာန အမြဲ ကောင်းလျှင် အလုံးစုံ (၃၁)ဘုံ သံသရာမှ လွတ်၏ဟု သိလေ....မှတ်လေ။

ကောင်း မကောင်းမှာလဲ တရားအားသတ်မှု, မထုတ်မှု၌ တည်၏၊ အားထုတ်လျှင်ကောင်း၏၊ မထုတ်လျှင်မကောင်း။

ဤလိုဤပုံ တရားကို အားထုတ်၍ တဏှာ, မာန, ဒိဋ္ဌိ အမြဲ ကောင်းကောင်းနေနိုင်ပုံကိုလည်း—။

၁၀။ အနိဿိတောစ ၀ိဟာရတိ နကိဉ္စိ လောကေ ဥပါဒိယတိ”...ဟု ဟောတော်မူခဲ့ပါသည်။

သော၊ ထို ၀ိပဿနာ အလုပ်ကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်။ အနိဿိတောစ၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ကို ငါ့ဟာ ငါ့ကိုယ်ဟု တဏှာ,မာန,ဒိဋ္ဌိကို မမှီမူ၍လည်း။ ၀ိဟာရတိ အမြဲကောင်းကောင်းနှင့် ရှင်းရှင်းကလေး နေနိုင်တော့၏။ လောကေ ဖြစ်ပျက်မနား ခန္ဓာငါးပါး တည်းဟူသော လောက ၌လည်း။ ကိဉ္စိ၊ တစုံ တခုသော ရုပ်,နာမ် ခန္ဓာကိုမျှ။ နဥပါဒိယတိ၊ ငါ့ ကိုယ်ဘဲ ငါ့ဟာဘဲ ငါဘဲဟု မဟုတ်မမှန်ဘဲ အလွဲလွဲ အမှားမှား အစွဲအလမ်း တရား မရှိတော့ပြီ။ (ဤကား အနက်)

သူငါဆိုတာ အဆိုရှိ၊ နဂိုရှိက ရုပ်နာမ် ခန္ဓာ၊ အနိစ္စ-ဒုက္ခ အနတ္တသာ၊ ဒုက္ခသစ္စာ နှင့် သမုဒယ သစ္စာသာ ကေန် ရှိ၏ဟု တထစ်ချ ယုံကြည်သိရှိ အမှန်သိမြင် နေတော့၏။

## စင်-ပယ်-ကွာ-လွတ်။

အဟုတ် အဟာတ် တရားကို အားထုတ်၍ လက္ခဏာယာဉ် သုံးပါးတို့တွင် အဟုတ် အဟာတ် အနတ္တ ထင်လျှင် ဒိဋ္ဌိစင်မယ်၊ ဒုက္ခထင်လျှင် တဏှာစင်မယ်- အနိစ္စထင်လျှင် မာနစင်မယ်။

ဒိဋ္ဌိ စင်လျှင်လည်း အပါယ်စင်မယ်။ တဏှာ စင်လျှင်လည်း ကာမသုဂတိစင်မယ်၊ မာနစင်လျှင်လည်းဗြဟ္မာစင်မယ်၊ အလုံးစုံ သံသရာဝဋ်က လွတ်မယ်။

ဒိဋ္ဌိစင်ပြန် သောတာပန်၊ တဏှာ စင်ပြန် အနာဂါမ်၊ မာန စင်ပြန် အရဟံ ကောန်ဖြစ်မည်သာ၊ ထုံးစံခမ္မတာ စင်အောင်သာ တရားအားထုတ်ပါ။

---

### ဆောင်ပုဒ်များ။

၁။ လက္ခဏာတွင်၊ အနတ္တထင်၊ ကွာစင်ဒိဋ္ဌိသာ။

၂။ လက္ခဏာတွင်၊ ဒုက္ခထင်၊ ကွာစင်တဏှာသာ။

၃။ လက္ခဏာတွင်၊ အနိစ္စထင်၊ ကွာစင်မာနသာ။

အနတ္တထင် ဒိဋ္ဌိစင်၊ ဒုက္ခထင် တဏှာစင်၊ အနိစ္စထင် မာနစင် ဤတွင် ပြီးသည်သာ။

ဒိဋ္ဌိစင် အပါယ်စင်၊ တဏှာစင် ကာမစင်၊ မာနစင် ပြဟ္မာစင် ဤတွင် နိဗ္ဗာန်ဝင်။

## မဟာဘုတ် ရုပ်ရှုနည်း၊ မဟာဘုတ်ရုပ်က မပို

ဘာဘဲဖြစ်ဖြစ်ဖြစ်သမျှ အကြောင်းအကောင်းချည်းဘဲဆိုတဲ့ ခုကာလ ခေတ်သုံးစကားကဲ့သို့ သူငါတို့ ခန္ဓာကိုယ် အတွင်းသား ထဲမှာ တဖွားဖွား ဖြစ်ပျက်နေကြတဲ့ ဖြစ်တရား ပျက်တရားဖြစ် ပျက်မနားရုပ်နာမ်တရားတို့သည်ခံသာသည်ဖြစ်စေ၊ မခံသာသည် ဖြစ်စေ၊ နူးနူး၊ကြမ်းကြမ်း မျှားမျှား၊နဲ့နဲ့၊ ပူပူ၊အေး၊အောင့်အောင့် တောင့်တောင့်၊ လှုပ်လှုပ်၊ ရွားရွား၊ ကောင်းကောင်း၊ ဆိုးဆိုး သိတတ်ပါလျှင် လေးပါးသော မဟာဘုတ် ရုပ်နာမ်ဖြစ်ပျက်က မပိုတဲ့တရား အကောင်းစားတွေချည်းသာမှတ်၊ ရှုမှတ်တတ်ပါက မဂ်ဖိုလ်ရဘို့ချည်းပင်။

တရားအားထုတ်သောကြောင့် မဟာဘုတ် ရုပ်တရားတွေနှင့် ရင်ဆိုင်တွေ့နေရာဘာဘဲတွေတွေ့ ခန္ဓာမှာတွေ့ရတဲ့ သဘောတွေ ဟာ ငါ့အလိုလဲ မပါ၊ ငါ့သဘောလဲ မဟုတ်၊ ငါလဲ အစိုးမရ သောကြောင့် ငါထင်တဲ့ အတ္တမဟုတ်၊နာမ်ရုပ် အနတ္တတို့သာဟု အနတ္တ ရှုတတ်ပါလျှင် ငါထင်တဲ့အတ္တစင်၍ အနတ္တလှုလှုထင်က မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန်သို့ပင်ရောက်နိုင်ပေသည်။

သို့ကြောင့် ရင်ဆိုင် တွေ့နေရတဲ့ အဆိုပါ မဟာဘုတ်ရုပ် တရားတို့ အပေါ်မှာ ရှေ့အတွေ့ နှင့် နောက်အတွေ့၊ ရှေ့ဖြစ် ပျက်နှင့် နောက်ဖြစ်ပျက် အစဉ်မပြတ် စပ်စေလျက် အာရုံ တပါး စိတ်ထွက်မသွားစေဘဲ စူးစိုက်၍ ရှုမှတ်နေသော ယောဂီ

သည် ကြာလေ အတွေ့အမြင်ထင်ရှားလေ၊ **သမာဓိအားကောင်း** သလောက် အတွေ့အမြင် ထင်ရှားလာတဲ့အခါ **အဆိုပါမဟာ** ဘုတ် တရားတို့**အပေါ်**မှာ ဉာဏ်စဉ်အတိုင်း မှန်းတီး ငြီးငွေ့မှု ဖြစ်ပေါ်ကာ လက္ခဏာယာဉ် သုံးပါးတို့တွင် **တပါး**ပါးသည် ထင်ထင်ရှားရှားကြီး အလိုလိုဖြစ်ပေါ်လာတဲ့ **အနုလောမ**ဉာဏ် အခြေမှန်လျှင် ဤမျှနှင့်ပင်....

**လောကဘော ဥက္ကရတီတိ လောကုတ္တရာနှင့်** အညီ ရင်ဆိုင် တွေ့နေရတဲ့ ဖြစ်ပျက်ဖြစ်ချုပ်လောကထဲကထွက်၊ မဖြစ်မပျက်တဲ့ လောကုတ္တရာထဲသို့ စုတ်ခနဲ ပြေးဝင်၊ စိုက်ခနဲ ကျရောက်ပြီး လွန်မြောက် သွားတတ်လေသည်။ ဝါ၊ ဖြစ်ပျက် သင်္ခါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိလျက် ဖြစ်သွားတတ် လေသည်။

**၁၁။ ပဝတ္တံသင်္ခါရာ အပဝတ္တံ နိဗ္ဗာနံ။** ။ ဆိုတဲ့ ပဋိ**သမ္ဘိ**ဒါမဂ်နှင့်**အညီ**....။ ပဝတ္တံ၊ ဖြစ်ပျက်တွေ အစဉ်စပ်၍ မပြတ် ဖြစ်နေခြင်းသည်ကား။ သင်္ခါရာ၊ ဆင်းရဲတာ မှန်လှတဲ့ သင်္ခါရ **သင်္ခတ** ရုပ်နာမ်တို့ မည်ကုန်၏။ အပဝတ္တံ၊ ဖြစ်ပျက်တွေ **အ**စဉ် ပြတ်၍နောက်ထပ်အသစ် ရုပ်**နာ**မ်မဖြစ်ဘဲ ဖြတ်ကနဲရပ်သွားခြင်း သည်ကား။ နိဗ္ဗာနံ၊ ချမ်းသာတာ မှန်လှတဲ့ အသင်္ခတ နိဗ္ဗာန် **မ**ည်၏။ ဝါ၊ နိဗ္ဗာန်ကို အာရုံပြုသွားသော မဂ်စိတ်မည်၏။

နိဗ္ဗာန်ဆိုတာ ဤလို မဖြစ် မပျက်တဲ့ သဘောတည်း။ ဝါ၊ အဖြစ် အပျက် ငြိမ်းတဲ့ သဘောတည်းဟု မပြောသော်လည်း ပြောဘိသကဲ့သို့ ပေတည်း။

ဖြစ်လျှင် ပျက်၏၊ ပျက်လျှင် ဆင်းရဲ၏၊ မဖြစ်လျှင် မပျက်၊ မပျက်လျှင် ချမ်းသာ၏၊ မွေးလျှင် သေ၏၊ သေလျှင် ဆင်းရဲ၏၊ မမွေးလျှင်မသေ၊ မသေလျှင်မဆင်းရဲ၊ ချမ်းသာ၏၊ (အမတ) မသေသော နိဗ္ဗာန်ပေတည်း။

မွေးသေဖြစ်ပျက် အစဉ်မပြတ် စပ်နေသည်ကား ဆင်းရဲတဲ့ ရုပ်နာမ် မွေးသေဖြစ်ပျက် အစဉ်ပြတ်နေသည်ကား ချမ်းသာတဲ့ နိဗ္ဗာန်၊ ဖြစ်ပျက်ကို မြင်သိတဲ့ ဉာဏ်က လောကီမဂ်ဉာဏ်၊ မဖြစ်မပျက်ကိုမြင်သိတဲ့ ဉာဏ်က လောကုတ္တရာ မဂ်ဉာဏ်။

## ( အထူးမှတ်ထားချက် )

ဤအာနာပါန ကမ္မဋ္ဌာန်းသည်ကား (ကမ္မဇ, စိတ္တဇ,ဥတုဇ အာဟာရဇ) ဆိုတဲ့ ဇ,လေးဇ တို့တွင် ထွက်သက် ဝင်သက်ခေါ် သော စိတ္တဇရုပ်ကိုမှုတည်၍။ ဝါ၊ စိတ်ကြောင့် ဖြစ်သောရုပ်ကို မှုတည်၍ သမထဝိပဿနာ အစုံပါအောင် (ယုဂနဒ္ဓ နည်းဖြင့်) အားထုတ်သော ကမ္မဋ္ဌာန်းဖြစ်လေသည်။

စိတ္တဇဝါယော ရုပ်သည် စိတ်ကြောင့် ဖြစ်တဲ့ ရုပ်ဖြစ်သော ကြောင့် ရှုလို ရှိုက်လိုတဲ့ စိတ်နှုလျှင် နှု၊ လတ်လျှင် လတ်၊ ကြမ်းလျှင်ကြမ်း ဖြစ်တတ်သည့်ပြင်လှုပ်ရှားတဲ့သဘောဝါယော ဓာတ် အားကြီးလျှင် အားကြီး သလို ဖြစ်တတ်ကြောင်းကို ကုမ်းဂန်တို့၌ အောက်ပါ အတိုင်း တိုက်ရိုက် ဖေါ်ပြထားပေ သည်။

| | |
|---|---|
| ၁။ (အာနမနာ) | ရှေ့ကို တွန်းထိုး လိုက်သကဲ့သို့ လှုပ်တတ်ခြင်း။ |
| ၂။ (ဝိနမနာ) | လက်ဝဲလက်ျာဘယ်ပြန်ညာပြန် လှုပ်တတ်ခြင်း။ |
| ၃။ (သန္နမနာ) | ထက်ဝန်းကျင်တကိုယ်လုံးဆတ် ဆတ်ခါ လှုပ်တတ်ခြင်း။ |
| ၄။ (ပနမနာ) | နောက်သို့တွန်းလှဲလိုက်သကဲ့သို့ လှုပ်တတ်ခြင်း။ |
| ၅။ (အဥ္စနာ) | ရှံ့ဖန် ရှံ့ခါ အသွားလှုပ် သကဲ့သို့ တထွတ်ထွတ်လှုပ်ခြင်း။ |
| ၆။ (ဖန္ဒနာ) | ကြွေက်ဒူး တုန်သကဲ့သို့ တဆတ် ဆတ် လှုပ်တတ်ခြင်း။ |
| ၇။ (စလနာ) | ယိမ်းထိုးသကဲ့သို့ လေယောဥ်စီး အကဲ့သို့ လှုပ်တတ်ခြင်း။ |
| ၈။ (ကမ္ပနာ) | မြွေလျှင့်လှုပ်သကဲ့သို့လှုပ်တတ် ခြင်း။ |
| ၉။ (လိင်္ဂနာ) | ရင်ထဲ ဝမ်းထဲက တ ဒိတ် ဒိတ် တလှစ်လှစ် လှုပ်ခြင်း။ |

ဤသို့စသည့်ဖြင့် အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်လျှင် မည်သူမဆို အနဲနှင့်အများ တပါးပါးနှင့် များသော အားဖြင့် တွေ့ရတတ်သည်၊ မတွေ့သော သူလည်း ရှိသည်။ ဤလိုတွေ့တဲ့

အခါမှာလဲ၊ ( ကာယေ ကာယာနုပဿီ ... ) ဟု ကျမ်းဂန်တို့၌ အဆိုရှိသောကြောင့် အချို့မှာ နုနုတွေ့။ အချို့မှာ ကြမ်းကြမ်းတွေ့ဟု ဆိုထားပေသည်။ သို့တွေ့သော်လည်း တရားအားထုတ်၍ သူ့တရားသဘော လမ်းစဉ်အတိုင်း တွေ့ရသော်လည်း ကြောက်စရာလဲမဟုတ်၊ လန့်စရာလဲမဟုတ်၊ သူတပါး ပြုစားတာလဲ မဟုတ်၊ စုန်းပူးတာ နတ်ပူးတာလဲ မဟုတ်ပါ၊ အမှန်မှာ ဝါယော မဟာဘုတ် ရုပ် ကမ္မဋ္ဌာန်းကို အားထုတ်သောကြောင့် သူ့သဘောအတိုင်း ဝါယော မဟာဘုတ် ရုပ်အနတ္တနှင့် ရင်ဆိုင်တွေ့ရခြင်းဖြစ်သည်။ တွေ့တဲ့အတိုင်း ငါ့ခြေက လှုပ်တယ်၊ ငါ့လက်က လှုပ်တယ်၊ ငါ့ကိုယ်ကြီးက လှုပ်တယ်၊ ထင်နေတဲ့ အတ္တပညတ် ဉာဏ်နှင့်ခွာ၍ ငါ့ခြေ၊ ငါ့လက်၊ ငါ့ကိုယ် ဆိုတဲ့ ပညတ်က အဟုတ်မရှိ၊ ခြေ့ လက် ကိုယ် ဆိုတဲ့ ပညတ်ရဲ့ အတွင်းသားထဲက လှုပ်ရှားတဲ့ ဝါယော မဟာဘုတ် ရုပ်ပရမတ်ကို မြင်အောင်ကြည့်၍ ဤလို လှုပ်ရှားတဲ့ သဘောဟာ ငါ့ သဘောလဲမဟုတ်၊ ငါ့အလိုလဲမပါ၊ ငါလဲအစိုးမရ၊ သူ့သဘော အတိုင်းဖြစ်တဲ့ ဝါယောမဟာဘုတ် ရုပ်အနတ္တ ပေါက်အောင် ရှုတတ်ပါလျှင် (ဝါ)လှုပ်ရှားတဲ့ သဘောကို အတ္တ ပျောက်၍ အနတ္တပေါက်အောင် ဝိပဿနာ ရှုတတ်ပါလျှင် မဂ်ရ ဖိုလ်ရပင် ဖြစ်နိုင်သည်ဟု သိပါလေ။

အာနာပါန် သမထထဲမှာ ကြာကြာထားလျှင် ဤအဖြစ်မျိုး ဖြစ်တတ်သည်။ သို့ကြောင့် ခဏိက ဥပစာရ သမာဓိ ရရှိရုံမျှ သမထကို အားထုတ်၍ နာမ်ရုပ် ပိုင်းခြား နာမ်ရုပ်အကြောင်းကို သိမ်းဆည်းပြီးလျှင် အကြောင်းနှင့် တကွသော နာမ်ရုပ်ကို

အနုပဿနာဉာဏ် သုံးပါးဖြင့် ရှုမှတ်စေ၍ ဝိပဿနာ ဘက်ကို တက်ပေးလေ၊ ဤလိုဤပုံ ဆရာလုပ်သူက ပြုပြင်ပေးပါ၊ ကိုယ့်ဟာနှင့် ကိုယ်လဲ ပြုပြင်နိုင်ပါသည်။

## " မသိသူ ကျော်သွား "

ဤလိုလှုပ်ရှားတဲ့သဘော ဝါယော မဟာဘုတ်ရုပ် အနတ္တနှင့် ရင်ဆိုင်တွေ့ရပါလျက် အနတ္တကို အနတ္တလို့မရှုဘဲငါ့ခြေက လှုပ်သည်၊ ငါ့လက်က လှုပ်သည် စသည်ဖြင့် ခြေလက် ဆိုတဲ့ မရှိပညတ်တွင် အသိဉာဏ် သောင်ဘင်၊ အသိဉာဏ် အားကုန်နေလျှင် တွေ့ရတဲ့ လှုပ်ရှားမှုသဘော ဝါယော မဟာဘုတ် ရုပ် အနတ္တ အဘိုးတန် တရားကြီးဟာ အလကား ဖြစ်သွားမည်၊ အဲဒါမျိုးကို မသိသူ ကျော်သွား ခေါ်သည်။

အဘယ်ကြောင့် ငါ့ခြေ, ငါ့လက်ကား ထင်ရှားမရှိ ပညတ်မျှဟုသိ၊ ခြေလက်ခေါ်တဲ့ ပညတ်ရဲ့ အတွင်းသားထဲက လှုပ်ရှားတဲ့သဘော ဝါယော မဟာဘုတ်ရုပ်သာ အဟုတ်ရှိပရမတ်ဟုသိ၊ လက်ခြေခေါ်တဲ့ မရှိပညတ်ထဲမှ အသီးထုတ်ယူ၍ လှုပ်ရှားမှုဆိုတဲ့ အဟုတ်ရှိ ပရမတ်ခဲကို ထိအောင်သိပါလေ။ အခြားသော ပူမှု အေးမှု စသည်တို့မှာလည်းနည်းတူဘဲ၊ ခြေလက်ဆိုတဲ့ ပညတ်ထဲမှ ပူဆိုတဲ့ ပရမတ်ခဲကို ဉာဏ်နှင့် ထုတ်ယူတတ်ပါစေ ပညတ်ကား အတ္တတည်း။ ပရမတ်ကားအနတ္တတည်း။ သဘောပေါက်အောင် စဉ်းစားလျှင် တရားရလေမည်။

## "သိသူ ပေါ်စေ"

ထိုသို့ မဟုတ် အဆိုပါ လှုပ်ရှားမှု၊ ထိုလှုပ်မှု၊ ယိမ်းယိုင်မှု စသော ဝါယော မဟာဘုတ် ရုပ်အနတ္တတို့နှင့် ကံတော်ကံကြွေး တွေ့ရတဲ့အခါ လှုပ်ရှားလာတဲ့ သဘောဟာ ငါ့သဘောလဲ မဟုတ်၊ ငါ့ အလိုလဲ မဟုတ်၊ ငါလဲအစိုးမရ၊ သူ့သဘောအတိုင်း ဖြစ်ပေါ်လာတဲ့ ဝါယော မဟာဘုတ် ရုပ်အနတ္တ သက်သက် မျှသာဖြစ်၍ ငါထင်တဲ့ အတ္တမဟုတ်၊ ဝါယော မဟာဘုတ် ရုပ် အနတ္တသာ ကေန်ဟုတ်၏ဟု သိ၍ အနတ္တဉာဏ် နှင့် အုပ်ပေး ပါလေ....။

စင်စစ်မှာ အနတ္တတရားက ဒါဟာအနတ္တဘဲ၊ အနတ္တဆိုတာ ဒါမျိုးဘဲ၊ အနတ္တကို အခြားတပါးမှာ သွားရှာမနေနှင့်၊ လမ်းလွဲ နေမယ်၊ အနတ္တကို ခန္ဓာကိုယ်မှာသာရှာ၊ သူငါတို့ တကိုယ်လုံး တကောင်လုံးကြီးဟာ သင်တို့ ဘာတခုမှ အစိုးမရတဲ့ သင်တို့ အလိုသို့ လုံးလုံးမလိုက်တဲ့ အနတ္တကောင်ကြီး အစစ်ပါဘဲ။

ထိပ်ချလို့မှ ဒါးမြမှန်း မှသိ ဆိုတာလို အနတ္တ ဒါးမြက သင်၏ ထိပ်ကို သင် အလိုမရှိတဲ့ လှုပ်ရှားမှုဖြင့် ပြနေပါလျက် အနတ္တမှန်းမှ ယခုထိ မသိသေးဘူးလား ယောဂီ အ ကြီးရဲ့၊ ဒီလို အ နေလျှင် ဘယ်တော့ တရား ရနိုင်မလဲ။ ဒါမျိုးဟာ အနတ္တဘဲဟု လက်ညှိုးထိုးနေသကဲ့သို့ အနတ္တတရားက ပြနေခြင်း ဖြစ်ပေသည်။

ဤလိုဤပုံ လှုပ်ရှားမှုကို အနတ္တလို့ သိ၍ ငါထင်တဲ့ အတ္တ မဟုတ်။ ဝါယော မဟာဘုတ် ရုပ်အနတ္တဟု အနတ္တဉာဏ် နှင့်

အုပ်၍ အနတ္တ ရှုပေးပါလျှင် တစတစ လှစ်ခနဲ ရိပ်ခနဲ ဤလှုပ်ရှားတဲ့သဘောဟာငါထင်တဲ့ အတ္တမဟုတ်၊ ဝါယောမဟာဘုတ်ရုပ်အနတ္တသာ မုချဧကန်မှန်၏ဟု အနတ္တမှန်းသိ အနတ္တဉာဏ်ကိုရ၍ အနတ္တဉာဏ် အလင်းရောင် ပေါ်ပေါက်လာလျှင် အနတ္တကောင်းကောင်း လှလှထင်၍ အတ္တစင်ပျောက်သွားတဲ့ခါ တသံသရာလုံးက ကြက်ကန်း စွဲ, စွဲလာတဲ့ အတ္တဒိဋ္ဌိကို အလဲထိုးအသေသတ်နိုင်တဲ့ သောတာပတ္တိ မဂ်သို့ပင် ဆိုက်ရောက်နိုင်ပေသည်။

(အဲဒါက သိသူပေါ်စားခေါ်တယ်)

(မှတ်ချက်) အဆိုပါ ဝါယော မဟာဘုတ် ရုပ်အနတ္တမှတပါး တောင့်မှု, တင်းမှု, မာမှု စသော ပထဝီ မဟာဘုတ် ရုပ်အနတ္တ၊ ခန္ဓာကိုယ်ကြီး၌ စေးကပ်စေးကပ် ချွေးတဒီးဒီးဖြစ်နေတဲ့ အာပေါ မဟာဘုတ် ရုပ်အနတ္တ၊ ပူတဲ့ ဧတဲ့ သဘော တေဇော မဟာဘုတ် ရုပ်အနတ္တတို့နှင့်တွေ့ရတဲ့ခါလဲ အလဟဿအလကားဖြစ်မသွားစေဘဲ အနတ္တခဲ, မဂ်ခဲ, ဖိုလ်ခဲ, နိဗ္ဗာန်ခဲကို ရရှိသွားအောင် ခဲကြပါလေ....ဟူလို။

## ဗာလ နှင့် ပဏ္ဍိတ

၁၂။ ဗာလန္တိ အဿာသန္တိတိ ဗာလာ။ အဿာသ ပဿာသ— မတ္တေန ဇီဝန္တိ နပညာ—ဇီဝိတေန ာတိ-အဓိပ္ပါယော။

(မင်္ဂလသုတ် အဋ္ဌကထာ)

အထက် အဆိုပါ အဋ္ဌကထာ ဆရာ၏ အာဘော် ငုတ်ကို ဖေါ်ထုတ်ရမည်ဆိုပါလျှင် ထွက်သက်, ဝင်သက် ရှုတတ် ရှုတ်တတ်ခါ မျှဖြင့်သာ အသက်ရှင်၍ နေသော သူသည် မဂ်ပညာ ဖိုလ်ပညာ, ဘာပညာမျှ မရှိသောကြောင့် ဗာလလူမိုက်ဟု ဆိုလိုဟန် တူ၏။

ထိုသို့မဟုတ် ဤထွက်သက် ဝင်သက်တို့သည်ကား ကမ္မဋ္ဌာန်း လေးဆယ် တို့တွင် အာနာပါန ကမ္မဋ္ဌာန်း ဖြစ်သည်။ အာရုံ အာရမ္မဏိက ၂-ပါးတို့တွင် အာရုံဖြစ်သည်။ ရုပ်နာမ် ၂-ပါးတို့တွင် ရုပ်တရားဖြစ်သည်။ လက္ခဏာယာဉ် ၃-ပါးတို့တွင် အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားဖြစ်သည်။ သစ္စာလေးပါးတို့တွင် ဒုက္ခ သစ္စာ ဖြစ်သည်၊ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ရှေးဘဝက တဏှာသည် သမုဒယ သစ္စာဖြစ်သည်။ ထို ဒုက္ခ-သမုဒယ သစ္စာ ၂-ပါး၏ တဖန် အသစ် မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓ သစ္စာ ဖြစ်သည်။

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော၊ သမုဒယ သစ္စာကို ပယ်တတ်သော၊ နိရောဓသစ္စာ နိဗ္ဗာန်လျှင် အာရုံရှိသော(ဝါ) အာရုံပြုတတ်သော၊ သမ္မာဒိဋ္ဌိစသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ ဖြစ်သည်။

ဤလို ဤပုံ အမှန်အတိုင်း သိလျှင် မဂ်ပညာ, ဖိုလ်ပညာရှိသောကြောင့် ပဏ္ဍိတ ပညာရှိဟု ဆိုလိုဟန်တူ၏။

ဤအရာများကို ထောက်ထား၍ သောနေ့ မဦးခင် ဗာလ စာရင်းဝင်က လွတ်၊ ပဏ္ဍိတ စာရင်းဝင် ဖြစ်သွားနိုင်ကြအောင် ကြိုးစား အားထုတ်ကြ ပါလေ။ အဘယ်ကြောင့် ဆိုသော်

အာနာပါနကို အားမထုတ်လျှင် ရှုတတ် ရှိုက်တတ်ကာမျှက ပို၍ ဘာမှသိတတ်မည် မဟုတ်၊ အားထုတ်မှသာ အာနာပါန ကမ္မဋ္ဌာန်းစသည်ကို သိမည်ဖြစ်သောကြောင့်ပေတည်း။

**အားမထုတ်လျှင် ဗာလ၊ အားထုတ်လျှင် ပဏ္ဍိတဟု**

**ဆိုရာကျ၏။**

---

(ည) ၄၃ - အစ၊ ၅၂-အဆုံးရှိသော နံပါတ်တို့မှာ သိသာထင်ရှားပြီ၊ အထူးသိရန်မှာကား သွားလျှင် သွားတယ်ဆိုတဲ့ ဣရိယာပထလုပ်ငန်းစဉ်၌ မိမိကိုယ်တိုင်က အချိုးကျအောင် အားထုတ်ဘူးသူမဟုတ်လျှင် ဤလိုသွားလျှင် သွားတယ်လို့ သိတယ် ဆိုတာဟာ လူကို မဆိုထားနှင့် ခွေး, ဝက်က စ၍ သိ၏။ လူသိမဟုတ်၊ ခွေးသိ ဝက်သိ မျှသာဟု အထင်မှား အမြင်မှား အပြောမှား အဟောမှား ရှိတတ်လှ၏။ အကြောင်းကား ဤလို သွားလျှင် သွားတယ်လို့ သိကာမျှ မှတ္တကိုရည်၍ ဘုရားဟောသည် မဟုတ်၊ ဤလို သိကာမျှသည် **သတိမပြု - သိမှုမပါ။ သိမှုမပါရုပ်နာမ်မမြင်၊** ရုပ်နာမ် မမြင်တော့ ဒိဋ္ဌိဝင်— ဆိုတဲ့အတိုင်း မှတ်သိမှုမပါသောကြောင့် ရုပ်နာမ်လည်း မမြင်၊ လက္ခဏာလည်း မထင်၊ သစ္စာလည်း မမြင်၍

သတ္တဝါဟူသော အယူကိုလည်း မစွန့်၊ အတ္တ သညာကိုလည်း မခွာနိုင်သောကြောင့် အယူမှား ဒိဋ္ဌိဝင်နေ၍ ကမ္မဋ္ဌာန်းလည်း မဖြစ်၊ သတိပဋ္ဌာန်ကို ပွားသည်လည်း မမည်ပေ။

သွားလျှင် သွားတယ်ဟု သတိချပ်၍ အသိအမှတ်နှင့် သွားနေသော ယောဂီမှာကား....**သတိပြုသိမှုပါ၊ သိမှုပါ ရုပ်နာမ်မြင် ရုပ်နာမ်မြင်တော့ ဒိဋ္ဌိစင်**—ဆိုတဲ့ အတိုင်း သတိချပ်၍ အသိအမှတ်ပါပါနှင့် သွားနေသောကြောင့်သွားသွားနေတဲ့အထဲမှာ သွားလိုမှုနှင့် သွားမှု နှစ်ခုတည်းသာ ရှိနေရာ သွားလိုသွားချင်နေတဲ့ စိတ်အမူအရာ နာမ်တရားကိုဂုဏ်း၊သွားသွားနေတဲ့ ဝါ၊ကြွလှုပ်ချနေတဲ့ (ဝါ)တရွေ့တရွေ့၊ ရွေ့ရွေ့နေတဲ့ရုပ်အမူအရာ ရုပ်တရားကိုဂုဏ်း၊ ဤ နာမ်ရုပ် နှစ်ပါးတို့ကိုလည်း သွားလိုတိုင်း သွားလိုတိုင်း၌ သိမြင် သိမြင် နေသည်။ တခါသွားလို့ တနာမ် ဖြစ်ပျက်၊ တခါသွားလျှင် တရုပ်ဖြစ်ပျက်၊ ဤနာမ်ရုပ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ-ဒုက္ခ-အနတ္တ အစစ်ကိုလည်း သိမြင် သိမြင် နေပေသည်။ သွားလိုစိတ် သမုဒယ နှင့် သွားသွားနေရတဲ့ ဒုက္ခ၊ ဤသမုဒယနှင့် ဒုက္ခကိုလည်း သိမြင် သိမြင်နေပေသည်။

ဤလိုဤပုံ ဖြစ်ခိုက် ဖြစ်ဆဲ ဖြစ်တဲ့ ပစ္စုပ္ပန် အခိုက်အတန့်မှာ အသိမှန် အမြင်မှန် ဝိပဿနာဉာဏ် လက်ကိုင်ရှိရှိ နှင့် သွားသွားနေသောကြောင့် သွားတတ်သော ပုဂ္ဂိုလ် သတ္တဝါကို မတွေ့ မမြင်ရ၍ သတ္တဝါသွားသည်ဟု မယူဆသောကြောင့် အယူမှား ဒိဋ္ဌိစင်နေ၍ သတ္တဝါဟူသော အယူကိုလည်း စွန့်၊ အ...သညာ

ကိုလည်းခွာ၍ကမ္မဋ္ဌာန်းလည်းဖြစ်၊သတိပဋ္ဌာန်ကိုပွါးသည်လည်း မည်ပေသည်။

**စင်္ကြာဝဋ္ဋာ ကွာခြားပါ၏။**

ထို့ကြောင့် တရားအားထုတ်နေသော သူနှင့် အားမထုတ်သော သူနှစ်ယောက်တို့ဟာ သွားနေတာချင်း တူကြငြားသော်လည်း "လူချင်း တူသော်လည်း အသက်ရှူချင်း ကွဲတယ်" ဆိုတာလို သတိမချုပ် အသိအမှတ်မပါဘဲ သွားရိုး သွားတန်း သွားရှုနေကြသော သူတို့၏ သွားမှန်း သိကာမျှနှင့် သတိချုပ်၍ အသိအမှတ်ပါပါနှင့် သွားနေသော ယောဂီတို့၏အသိမှာ ရုပ်နာမ် မြင်-မမြင်၊ လက္ခဏာထင်-မထင်၊ သစ္စာ မြင်-မမြင်၊သက္ကာဝါ ဟူသော အယူကို စွန့်-မစွန့်၊ အတ္တသညာကို ခွါ-မခွာမှာ အရှေ့ စင်္ကြာဝဋ္ဋာနှင့် အနောက်စင်္ကြာဝဋ္ဋာတမျှ ကွာခြားနေကြ၏ဟု သိလေ....မှတ်လေ။

**သတိ ပြဋ္ဌာန်းတဲ့ သတိပဋ္ဌာန်၊**

**၁၃။ သတိပုဗ္ဗင်္ဂမာယ-ပညာယ သံလက္ခေတဗ္ဗ** ....နှင့်အညီ သတိပဋ္ဌာန် တရားတော်မှာ သတိ ပြဋ္ဌာန်းသော တရား၊ သတိ သာ ပဓါန ဖြစ်တဲ့ တရား ဖြစ်၍ ဣရိယာပုတ် ကြီးငယ်တို့မှာ မှတ်သိမှု သတိတလုံး ကိုသာ လုံးလုံးကြီး အားကိုးကာ ရှုမှတ် သွားပါ လျှင်....။

"**သတိတလုံး၊ မပြတ်သုံး၊ အဆုံးနိဗ္ဗူတာ**"ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ၊ ရှေ့အမှတ်နှင့်နောက်အမှတ် အစဉ်မပြတ် စပ်စေလျက် ရှုမှတ်နိုင်ပါလျှင် ရှေ့ အာရုံနှင့် နောက် အာရုံလည်း အစဉ်

မပြတ် စပ်လျက်နေပါသောကြောင့် အာရုံဖြစ်တဲ့ ရုပ်တရား နှင့် အာရမ္မဏိက ဖြစ်တဲ့ နာမ်တရား၊ ဤရုပ်နာမ် နှစ်ပါး ဖြစ်တရား ပျက်တရား၊ ဖြစ်သမား ပျက်သမား၊ ဖြစ်,ပျက် မနား အနိစ္စ ဒုက္ခ,အနတ္တတရား လက္ခဏာယာဉ် သုံးပါး တို့လည်း ဆက်စပ် လျက် နေပေတော့သည်။

ဤသို့ ဤပုံ အာရုံ အာရမ္မဏိက ရုပ်နာမ်ဖြစ်ပျက် အဆက် ဆက်တို့ကို အစဉ်မပြတ် စပ်စေလျက် ရှုမှတ်နေတဲ့အခါ သဒ္ဓါ နှင့်ပညာညီမျှခြင်း၊ ဝိရိယနှင့် သမာဓိ ညီမျှခြင်း ဥတု စသော သပ္ပါယလေးပါးညီမျှခြင်းဆိုတဲ့ ဝိပဿနာချိန်ကိုက်သွားပါလျှင် အရှု အမှတ် ခံနေရတဲ့ ရုပ်သင်္ခါရ၊ မှတ်နေတဲ့ နာမ် သင်္ခါရ၊ ဤရုပ်နာမ် သင်္ခါရ တို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိရောဓ သစ္စာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိလျက် ဖြစ်သွားလျှင် လိုအင် ဆန္ဒ ပြည့်ဝသွားတော့သည်။ ၁ါ၊ လိုရာခရီးသို့ ဆိုက်ရောက်သွားတတ် သည်၊ ဝါ၊ မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်အဆုံးသို့ပင် ဆိုက်ရောက် သွားတတ်ပေသည်။

ဤ သီဟိုကျွန်း၌ မည်သည့်ကျောင်း ဇရပ်၌ မဆို မဂ် ဖိုလ် နိဗ္ဗာန်ကို မရောက်မရသော ကျောင်း, ဇရပ်, အဆောက် အဦး မည်သည် မရှိဆိုသည်မှာ ဤနည်းပါ၊ (သို့ရာတွင်) "အမှတ်ကြဲ လျှင်။ ကိလေဝင်၊ မထင်ရုပ်နာမ်မှာ"ဆိုတဲ့ အတိုင်း ရှေ့အမှတ် နှင့် နောက်အမှတ် မစပ်ကြဲနေသောကြောင့် လော-ဒေါ-မော စသော ကိလေသာ ကြားဝင်နေ၍ ဖြစ်ဆဲ ရုပ်,နာမ် ပစ္စုပ္ပန်ကို လည်း မမြင်၊ လက္ခဏာလည်း မထင်၊ သစ္စာလည်း မမြင်၍ ဉာဏ်စဉ် မတက်သောကြောင့် သူက ငါက မဂ်ရ ဖိုလ်ရ မဖြစ် နိုင်ကြပေ။

"အမှတ်စိတ်လျှင်၊ ကိလေစင်၊ ထင်မြင်ရုပ်နာမ်မှာ" ဆိုတဲ့ အတိုင်း ရှေ့အမှတ်နှင့် နောက်အမှတ်၊ ရှေ့အာရုံနှင့် နောက် အာရုံ အစဉ်မပြတ် စပ်လျက် စပ်လျက် ဖြစ်နေအောင် ရှုမှတ် နိုင်သော ယောဂီတို့မှာ လိုရာခရီးသို့ ရောက်နိုင်ကြ ပေသည်၊ မိမိဇွဲ၊ သတ္တိ၊ ဝိရိယမရှိ၍ မိမိမဂ်ဖိုလ် မရသည်ကို မိမိကိုယ်သာ အပြစ်ဆိုပါဘိ၊ သတိပဋ္ဌာန်ကို ရန်မရှာပါနှင့်၊ လူပျင်းလုံ့လ တခဏသမား၊ ကောက်ရိုးမီးသမား ယောဂီများတို့။ နေ့ရက် အချိန်နာရီကို ပမာန မထားရာ၊ သေသေကြေကြေ မီးမရလျှင် ငါမနေဟု သဘောထား၍ မီးပွတ်သောယောကျ်ား ကဲ့အလား သို့၊ မဂ်ဖိုလ် မရလျှင် ငါမနေ ငါမရပ်ဟု ဇွဲသတ္တိ ထား၍ အားထုတ်ရသည် မှတ်လေ။

၁၄။ ဤကား။ ။ သော ဥယျာနသာ ကောမန္တေ စင်္ကမံ အဓိဋ္ဌာယ ဃဋ္ဋေန္တော ဝါယမန္တော ဝိပဿနံ ဝဍ္ဎေန္တော သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတ္တော။

ဆိုတဲ့ သုတ်မဟာဝါ အဋ္ဌကထာ နှင့် အညီ။ ။ ဥပက မဆာဝေါတို့ရဲ့သား ဘုရားပရိနိဗ္ဗာန်စံခါနီးဆဲဆဲ လက်သန်းတင် ကလေး တည်တည်တဲတဲကလေးတွင် နောက်ပိတ်ဆုံး ရဟန္တာ ဖြစ်သွားတဲ့ (သုဘဒ်)ရဟန်း၏ လုပ်ထုံး လုပ်နည်းပေတည်း။

F.11

ဒုတိယအကြိမ်

ဤ၌(ဿဗ္ဗေနွေ ဝါယမန္တော)အရ ရှေ့အမှတ်နှင့် နောက်အမှတ်၊ ဝါ၊ ရှေ့ကမ္မဋ္ဌာန်းနှင့်နောက်ကမ္မဋ္ဌာန်း၊ ဝါ၊သမထနှင့် ဝိပဿနာ၊ ဝါ၊ အကြောင်းဖြစ်သော ဝိပဿနာ နှင့် အကျိုးဖြစ်သော မဂ်၊ ဝါ၊ ဖြစ်ပျက် လောကီ နှင့် မဖြစ်ပျက်သော လောကုတ္တရာကို မပြတ် စပ်စေလျက် မီးပွတ်သော ယောကျ်ားကဲ့အလားသို့ တရားကို အားထုတ်ခြင်းသည် မဂ်ဖိုလ်ကိုရလောက်အောင် အားထုတ်ပုံ အားထုတ်နည်း မည်၏။

ဤ၌ ( အမိဋ္ဌာယ ကား ) ( သမထ ) ကို ပြဆိုသည်။ (ဝိပဿနံ ဝဍ္ဎေန္တော ကား) (ဝိပဿနာကို ပြဆိုသည်) သမထ ဝိပဿနာအစုံပါတဲ့ ယုဂနဒ္ဓနည်းဖြင့် အားထုတ်ပုံကို ပြဆိုပေသည်။

**ကာယာနုပဿနာပြီး၏။**

## ( ဆောင်ပုဒ်များ )

၁။ **(သွားသော ခဏ)** သွားလိုကြတာ၊ နာမ်ဟု မှတ်သား ရုပ်ကားသွားတာ၊ ရုပ်နာမ်သာသွား၊ သိပြားလေပါ၊ ရုပ်နာမ် ပျက်၊ ဆက်ဆက်သွားနေတာ။ ။

၂။ **(ရပ်သော ခဏ)** ရပ်လို ကြတာ၊ နာမ်ဟု မှတ်သား ရုပ်ကားရပ်တာ၊ ရုပ်နာမ်သာရပ်၊ သိမှတ်လေပါ၊ ရုပ်နာမ်ပျက် ဆက်ဆက်ရပ်နေတာ။ ။

၃။ **(ထိုင်သော ခဏ)** ထိုင်လိုကြတာ၊ နာမ်ဟုမှတ်သား၊ ရုပ်ကားထိုင်တာ၊ ရုပ်နာမ်သာထိုင်၊ အသိပိုင်စွာ၊ ရုပ်နာမ်ပျက်၊ ဆက်ဆက်ထိုင်နေတာ။ ။

၄။ **(အိပ်သော ခဏ)** အိပ်လိုကြတာ၊ နာမ်ဟု မှတ်သား ရုပ်ကားအိပ်တာ၊ ရုပ်နာမ်သာအိပ်၊ သိစိတ်ပါပါ၊ ရုပ်နာမ်ပျက် ဆက်ဆက်အိပ်နေတာ။ ။

| | | | | |
|---|---|---|---|---|
| ၁။ | (သွားဆဲခဏ) | ရုပ်နာမ်မျှရှိ | ငါမရှိ | သိလျှင်ဒိဋ္ဌိကွာ။ |
| ၂။ | (ရပ်ဆဲခဏ) | ။ | ။ | ။ |
| ၃။ | (ထိုင်ဆဲခဏ) | ။ | ။ | ။ |
| ၄။ | (အိပ်ဆဲခဏ) | ။ | ။ | ။ |
| ၅။ | (စားဆဲခဏ) | ။ | ။ | ။ |
| ၆။ | (သောက်ဆဲခဏ) | ။ | ။ | ။ |
| ၇။ | (ကွေးဆဲခဏ) | ။ | ။ | ။ |
| ၈။ | (ဆန့်ဆဲခဏ) | ။ | ။ | ။ |

၉။ ဒိဋ္ဌိကွာစင်၊ ပါယ်လေးခွင်၊ ပိတ်လျှင် တံခါးသာ။
အပါယ်တံခါး၊ ပိတ်ကာထား၊ ထက်ဖျား လူနတ်၊
ဗြဟ္မာရပ်၊ သုံးသပ်နိဗ္ဗာန်ပြည်။ ။

**ဆောင်ပုဒ်။**

ရုပ်,နာမ်မသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖေါက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။ ။

(မဃဒေဝ လင်္ကာသစ်)

(မှတ်ချက်) ရုပ်,နာမ်ကို မသိ၍ ဒိဋ္ဌိ မကွာသောကြောင့် ကုသိုလ် အဟုန်ကုန်က လူ့ဘုံနတ် ဘုံ ဗြဟ္မာ့ ဘုံမှ ဖေါက်ပြန်၍ အပါယ်ဘုံသို့ ပြန်ရောက်တတ်သည်ဟု အနွယ် အားဖြင့် ဆို ထားရာ။

ရုပ်နာမ်ကို ဝိပဿနာဥာဏ်ဖြင့်ကောင်းစွာသိ၍ ဒိဋ္ဌိကွာလျှင် ကုသိုလ်အဟုန် ကုန်သော်လည်း အပယ်လေးဘုံသို့ ပြန်မရောက် နိုင်တော့ပြီ၊ လူနတ် သုဂတိအလား မြဲတော့သည်ဟု ဗျတိရေက နည်းဖြင့်လည်း ပြန်လှန်၍ သိကြပါလေဦး ဟူလို။

(ဠ) ၂။ ဝေဒနာနုပဿနာ ၅၃-အစ၊ ၅၇-အဆုံး ရှိသော နံပါတ်တို့မှာ ဣရိယာပထ အစ၊ ဝေဒနာ နုပဿိ ဝိဟရတိ အဆုံး ရှိသော (သတိပဋ္ဌာန် ပါဠိတော်)

အထူးမှာ။ ။ လူသတ္တဝါမှစ၍ မည်သည့် သတ္တဝါမဆို—

၁။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနေ့ာ ဆိုတဲ့ ဒွါရခြောက်ပါး။

၂။ အဆင်း, အသံ, အနံ့, အရသာအထိသဘော ဆိုတဲ့ အာရုံခြောက်ပါး။

၃။ မြင်, ကြား, နံ့လျှက်, တွေ့, သိ ဆိုတဲ့ ဝိဉာဏ် ခြောက်ပါး။

အဆိုပါ အခံခေတ် အမခေတ် ဖြစ်တဲ့ ဒွါရ ခြောက်ပါး၊ ခြောက်တံခါး အတိုက်ခေတ် အဖိုခေတ်ဖြစ်တဲ့ အာရုံခြောက်ပါး အပေါ်ခေတ်ဖြစ်တဲ့ ဝိညာဉ် ခြောက်ပါး၊ ဤ ခြောက်ဒွါရ, ခြောက်အာရုံ ခြောက်ဝိဉာဉ် ၃-ပါးတို့ဟာ အကြောင်း အား လျှော်စွာ တိုက်ဆိုင်မိတိုင်း တိုက်ဆိုင်မိတိုင်းတို့မှာ သိတတ်တဲ့ အရွယ်ကစ၍ သေနေ့ကျအောင် တနေ့လုံး၊ တလလုံး၊တနှစ်လုံး တသက်လုံး၊ ခုတင်ခု၊ ခုတင်ခု၊ ခဏခြင်း၊ ခဏခြင်း အိပ်တဲ့ မျက်စေ့ကို ချန်လှပ်၍ အသစ်အသစ် အခိုက်အတံ့ အားဖြင့် တဖွားဖွား ဖြစ်ပျက်နေကြတဲ့ မြင်သိမှု၊ ကြားသိမှု၊ နံ့သိမှု၊ စား သိမှု၊ထိသိမှု၊ ကြံသိမှုတို့မှစမည်သည့်သတ္တဝါတစုံတယောက်တို့၏ မြင်သိမှုစသည် လုံးဝမဟုတ်ကြပေ၊ အမှန်မှာမျက်စေ့ အဆင်း အရောင်အလင်း နှလုံးသွင်းစသော အကြောင်းအား လျှော်စွာ ခြောက်ဒွါရ ခြောက်အာရုံ ဆိုတဲ့ (ရုပ်တရား) ခြောက် ဝိဉာဉ် ဆိုတဲ့ (နာမ်တရား) ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး သဘာဝ

ပရမတ်တရားတို့၏မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ထိမှု၊ကြံမှုစသော ပရမတ် သဘော သက်သက်မျှသာ ဖြစ်ကြလေသည်ဟု သိမှတ်လေ—။

သို့ရာတွင် **"သတိမပြု သိမှုမပေါ"** ဆိုတဲ့ အတိုင်း မြင်လျှင် မြင်တယ်ဟု သတိအမှတ် မပြုသောကြောင့်၊ ဝါ၊ သတိပဋ္ဌာန် အမှတ်မပါသောကြောင့်၊ဝါ(**တရားလက်လွတ်ငှက်တောင်ကျွတ် ပမာ**) ဂေါစရသမ္ပဇဉ္ဇ မပါ, ကမ္မဋ္ဌာန်း လက်လွတ် ဖြစ်နေပါ သောကြောင့် အဆင်းရူပါရုံ စသော ပရမတ်သဘောကို မမြင်၊ ဖြူ၊ မဲ၊ ကျား၊ မ စသော ပညတ် သဘောကိုသာ မြင်နေပါ သောကြောင့် အလိုရှိတဲ့ ဣဋ္ဌာရုံကို မြင်ရတဲ့အခါ စိတ်ချမ်းသာ သော သဘော သုခဝေဒနာဖြစ်သည်။

အလိုမရှိတဲ့ အနိဋ္ဌာရုံကို မြင်ရတဲ့အခါ စိတ်မချမ်းသာသော သဘော ဒုက္ခဝေဒနာ ဖြစ်သည်။ အလိုရှိ,မရှိ ဣဋ္ဌမဇ္ဈတ္တာရုံကို မြင်ရတဲ့ ခါ လျစ်လျူရှုသော သဘော ဥပေက္ခာ ဝေဒနာ ဖြစ်သည်။

## " သတို့သားနှင့် သတို့သမီး "

ဤလို ဤပုံ သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာ ဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်း။

၁၅။ စက္ခုရှုပေန သံဝါသံ- ရာဂပုတ္တံ ဝိဇာယတိ၊
မဟာနတ္ထ ကရောသောဟိ၊ တေန သံဝါသော
နိဝါရယေ။ ။ ဆိုတဲ့ ဘုရားဟော အတိုင်းဘဲ

အမိပ္ပါယ်မှာ မျက်စေ့ဆိုတဲ့ သတ္တိသားနှင့်အဆင်း ရူပါရုံ ဆိုတဲ့ သတ္တိသမီးတို့ ညားကြတဲ့ခါ ဝါ၊ တိုက်ဆိုင်မိကြတဲ့ခါ၊ မြင်, မြင်တယ်လို့ ရှုမှတ်မှု မရှိသောကြောင့် တပ်မက်မှု ရာဂ တည်းဟူသော မီးမနေ-သားဆိုး၊ ပြစ်မှားမှု ဒေါသတည်းဟူသော မီးမနေ-သားဆိုး၊ တွေဝေမှုမောဟတည်းဟူသော မီးမနေ-သားဆိုး၊ သမီးဆိုး တို့ကို တကြိမ်တကြိမ် ပေါင်းဖေါ်မိကြတယ် ဆိုလျှင် အနည်းဆုံး သား ၇-ယောက်၊၇-ယောက်၊ ၇-မြွာပူး၊ ၇-မြွာပူးမွေး ဖွားလေတော့သည်။ အဘယ်ကြောင့်ဟူမူ အဆင်း ရူပါရုံကို မြင် တိုင်း မြင်တိုင်း တို့မှာ တပ်မက်မှု လောဘဇော၊ ပြစ်မှားမှု ဒေါသဇော၊ တွေဝေမှု မောဟဇော၊ ၇ - ကြိမ်၊၇ - ကြိမ်စီ ဇောကျသွား သောကြောင့် ပေတည်း။ အဆိုပါ ရာဂ, ဒေါသ, မောဟဆိုတဲ့ သားဆိုး သားမိုက်တို့သည် လောက တမလွန် နှစ်တန်သော ကောင်းကျိုးတို့ကို ပြုလုပ် ပေးမလားဆိုတော့ လုံးဝမပြုလုပ်ကြပေ။အဘယ် ကြောင့် ဆိုသော် ပဋ္ဌမဇော စေတနာ ဟူသော သားကြီးက လက်ရှိဘဝမှာ ဒိဋ္ဌမမ္မအနေအားဖြင့် သူတပါးတို့ကိုစော်ကားရမ်းကား ပြုသောကြောင့် ငွေကုန် ကြေးကျ၊ ထောင်ကျ တန်းကျ၊ကြိုးဒဏ် ကြိမ်ဒဏ် စသည်ဖြင့် ထိုက်သင့်သလိုမကောင်းကျိုး ကိုသာ ပေးတတ်သောကြောင့်ပေတည်း။

သတ္တမဇော ဟူသော သားငယ် အထွေးလေးက ဒုတိယဘဝ မှာ ဥပပဇ္ဇဝေဒနိယ အနေအားဖြင့် အပါယ်လေးဘုံ တို့မှာ ထိုက်သင့် သလို မကောင်းကျိုးကို ပေးတတ် သောကြောင့် ပေတည်း။

အလယ် ဇော ငါးချက် စေတနာ ဟူသော သားလတ် ငါးယောက်တို့က တတိယ ဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင် အောင် အပရာပရိယအနေအားဖြင့်ဘုံ သုံးပါးတို့မှာ ဘဝတဖန် ရုပ်နာမ် ခန္ဓာဟူသော ဇာတိ ဒုက္ခ အတန်တန်တို့ကို အဖန်ဖန် ထိုက်သင့်သလို မကောင်းကျိုးကိုသာ ပေးတတ်သောကြောင့် ပေတည်း။

ထိုကြောင့် အဆိုပါ မျက်စေ့ဆိုတဲ့ သတ္တိသားနှင့် ရူပါရုံ ဆိုတဲ့ သတ္တိအမိတို့ဟာ သယ်နည်းနှင့်မျှ မတွေ့မဆုံ မညားကြရ အောင် "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ(ပ)ဝေညီ သိက္ခိတဗ္ဗံ" ဆိုတဲ့ အမိန့် တော်မြတ်ကို ဦးထိပ်ရွက် ပန်ဆင်ကာ မြင်, မြင်တယ်၊ ကြား ကြားတယ် စသည်ဖြင့် မြင်ရုံ, ကြားရုံဆိုတဲ့ ရပ်တန်းတွင် ရပ် တည်သွားအောင် (၀၁)တပ်မက်မှု၊ ပြစ်မှားမှု တွေဝေမှု ဆိုတဲ့ ပရိက္ခရာတန်းသို့ မရောက် ရအောင် (၀၁) နောက် ဆက် တွဲ လောဘဇော, ဒေါသဇော, မောဟဇောဆိုတဲ့ အကုသိုလ်ဇော တွေ ဆက်လက် ကျ, မသွားရအောင်၊ ဝိပဿနာ ရှုမှတ်မှုဖြင့် အဆိုပါ ရာဂစသော သားဆိုး, မြေး, မြစ်တွေ မမွေး မဖြစ်ရ လေအောင်၊ မြင်တိုင်း, ကြားတိုင်း စသည်တို့မှာ မြင်တယ်, ကြားတယ် စသည်ဖြင့် မြင်ရုံ,ကြားရုံတွင်မျှရပ်တည်သွားအောင်

နိုင်နိုင်နင်းနင်း ဆုံးမ တားမြစ်ရမည်ဟူ၍ အဘ,ဘုရား ဟော ကြားတော် မူခဲ့သောကြောင့်ပေတည်း။

ဤ၌ - ဘုရားဟောလိုရင်းအဓိပ္ပါယ် ပေါ်လွင် ထင်ရှား အောင် သတို့သားနှင့် သတို့သမီးပုံဆောင်၍ရေးလိုက်ပါသည်။

**သတိပြု - သိမှုပါ**... ဆိုတဲ့ စကားအတိုင်း မြင်, မြင်တယ် စသည်ဖြင့် သတိချပ်၍ အသိအမှတ်ပါပါနှင့် ရှုမှတ်နေတဲ့ ယောဂီတို့မှာ မြင်အပ်သော အဆင်းရူပါရုံ ရုပ်တရားကိုသာ ရိပ်ခနဲ မြင်လိုက်ရရုံမျှနှင့် ပြီးသွားသည်။ အဖြူဘဲ, အမဲဘဲ, ယောကျ်ားဘဲ, မိန်းမဘဲဟု ကွဲပြားအောင် မြင်၍ မနေပေ။ ပကတိ အဆင်းရုပ်တွင်သာ မြင်လိုက်ရပေသည်။ မြင်တတ် သော စက္ခုဝိညာဏ်ကိုလည်း မြင်, မြင်တယ်လို့ မှတ်သော ကြောင့် မြင်တာ နာမ်ဟုသာ သိမှုပေါ်လာပေသည်။ ဖြူ-မဲ ကို မြင်တယ်၊ ကျား-မကို မြင်တယ်ဟု သိမှုမပေါ်ပေ။

ထို့ကြောင့်- မြင်အပ်သော အဆင်းရူပါရုံ ရုပ်တရားနှင့်၊ မြင်တတ်သော စက္ခုဝိညာဏ် နာမ်တရား၊ ဤလို ရုပ်နာမ်ဟု မြင်သိမှုဟာ ရုပ်နာမ်ဖြစ်ပျက်အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တ အစစ် ဒုက္ခသစ္စာသာ ဖြစ်သည်ဟု အဖြစ်မှန်ကိုသာ သိသော ကြောင့် အဆိုပါ သာယာတဲ့ သုခဝေဒနာ၊ မသာယာတဲ့ ဒုက္ခ ဝေဒနာ၊ သာယာ မသာယာတဲ့ ဥပေက္ခာ ဝေဒနာ သဘော မျိုး ထင်ထင်ရှားရှား ဖြစ်ခွင့်မရပေ။ ရှုမှတ်မှုဖြင့် ထိန်းသိမ်း ထားသောကြောင့်ပေတည်း။

အကယ်၍ ≡ ဝိပဿနာဉာဏ် မရင့်သန်သေး၍ နိုင်နင်းအောင် မရှုမှတ်နိုင်သေးသောကြောင့် အဆိုပါသာယာသောသဘော သုခဝေဒနာ၊ မသာယာသောသဘော ဒုက္ခဝေဒနာ သာယာ,မသာယာသောသဘော ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာလျှင်လည်း ဤ သာယာ မသာယာသော သဘောသည် ပုဂ္ဂိုလ် သတ္တဝါတို့၏ သဘောမဟုတ်၊ သုခ-ဒုက္ခ-ဥပေက္ခာဝေဒနာတို့၏သာ ဝတ္ထုကို အာရုံပြု၍ ခံစားမှု သက်သက်သာ ဖြစ်ကြသည်ဟုအဖြစ်မှန်ကိုသိ၍ဆက်လက်၍တပ်မက်မှုစသည် မဖြစ်ရအောင် ဖြစ်ပေါ်ဆဲဖြစ်သော အာရုံအတိုင်း (သာယာလျှင် သာယာတယ်) မသာယာလျှင် မသာယာ စသည်ဖြင့် ရှုမှတ်၍ နေပေသည်။ တပ်မက်မှုစသည်ကို မဖြစ်စေ (ဝါ) မဖြစ်ရအောင် စောင့်ရှောက်၍ နေပေသည်။

ထို့ကြောင့်ပင် "ကောင်းဆိုးစုစု၊ ပေါ်တိုင်းရှု၊ ခေါ်မှု ဝေဒနာ၊ ဝိပဿနာ" ဟု ဆိုသည်။

(မှတ်ချက်) သာယာ မသာယာတဲ့ သဘောဟာ ပုဂ္ဂိုလ် သတ္တဝါရဲ့ သဘောမဟုတ်၊ ဝေဒနာ ပရမတ်သာ ဟုတ်၏။ ထို့ကြောင့် သာယာ မသာယာ စသော ဝေဒနာသဘောကို ဝေဒနာလို့သာရှု၊ သူ၏သာယာမှု ငါ၏သာယာမှုဟုမရှုလင့် သူငါဆိုတဲ့ ပညတ်တွေနှင့် မတွဲနှင့်၊ သူငါဆိုတဲ့ ပညတ်ထဲက သာယာမသာယာဆိုတဲ့ ပရမတ်ခဲကိုခွဲထုတ်ပါ၊ လိုရင်းအချုပ်မှာ သုခ ဝေဒနာကို ဒုက္ခ အနေအားဖြင့်၊ ဒုက္ခဝေဒနာကို

ဆူးငြောင့် အနေအားဖြင့်၊ ဥပေက္ခာ **ဝေဒနာ**ကို ငြိမ်သက်သော အနိစ္စအနေအားဖြင့်ထား၍ ရှုရမည်။ တနည်းအားဖြင့် တော့ သု-ဒု-ဥ သုံးပါးလုံးကိုပင် ဒုက္ခအနေအားဖြင့်သာ ရှုရမည်ဟု ဘုရားဟောတော် မူခဲ့ပေသည်။

ကာယာနုပဿနာတုံးက ရှုပုံရှုနည်းအတိုင်း မိမိသန္တာန်၌ ဖြစ်သော ဝေဒနာ၊ သူတပါး သန္တာန်၌ ဖြစ်သော ဝေဒနာ၊ မိမိ သူတပါး နှစ်ပါးသော သန္တာန်၌ဖြစ်သော ဝေဒနာကို၎င်း၊ ဝေဒနာတို့၏ ဖြစ်ခြင်းသဘော ပျက်ခြင်း သဘောကို၎င်း၊ ရှုမှတ်ရမည်။

**ဝေဒနာနုပဿနာ ပြီး၏။**

—....*——

(၄) ၃။ **စိတ္တာနုပဿနာ၊ ၅၂-အစ၊ ၆၂ အဆုံးရှိသော နံပါတ်တို့မှာ ဝုရာဘိက္ခဝေ အစ၊ စိတ္တာနုပဿီ ဝိဟရတိ—အဆုံးရှိတဲ့ သတိပဋ္ဌာန် ပါဠိတော်။**

( အထူးမှာ ) **ဝေဒနာနုပဿနာခဏ်းက** ပြည့်နှံးခဲ့တဲ့ အတိုင်း၊ ဒွါရ၊အာရုံ၊ဝိဉာဏ် သုံးပါးတို့ ပေါင်းဆုံ မိကြတဲ့ခါ မြင်သိ ဖြစ်ပျက် အဆက်ဆက်၊ ကြားသိဖြစ်ပျက် အဆက်ဆက် စသော ပရမတ်သဘောတို့သည် မြင်သိတတ်၊ကြားသိတတ်တဲ့ အရွယ်ကစ၍ တနေ့လုံး၊ တလလုံး၊ တနှစ်လုံး၊ တသက်လုံး၊ နေ့မစဲ ညမစဲ ထပ်တလဲလဲ အမြဲတစေ မြင်သိမှု, ကြားသိမှု စသည်မပြတ် ဖြစ်နေကြသည်မှာ-။

**သတိမပြု၊ သိမှုမပါ။** ဆိုတဲ့အတိုင်း မြင်ရုံ, ကြားရုံမျှတွင် ရပ်တည်သွားအောင် မြင်,မြင်တယ်၊ ကြား,ကြားတယ် စသည် ဖြင့် သတိချုပ်၍ သိမှတ်မှု မရှိသောကြောင့်၊ ဝါ၊ ရှုမှတ်မှု ဝိပဿနာ စည်းခြံကာ၍ မထားသောကြောင့်၊ အလိုရှိအပ် သော ဣဋ္ဌာရုံကို မြင်ကြတဲ့ခါ (ဣဋ္ဌာရမ္မဏေလောဘော) နှင့် အညီ တပ်မက်မှု လောဘဖြစ်၏။ အလိုမရှိအပ်သော အနိဋ္ဌာရုံ ကို မြင်ကြရတဲ့ခါ (အနိဋ္ဌာရမ္မဏေဒေါသော) နှင့် အညီ ပြစ်မှု ဒေါသဖြစ်၏။ အယောနိသော မသင့်သောအားဖြင့် ရှုတဲ့ခါ (အသမပေက္ခာမောဟော)နှင့်အညီ တွေဝေမှု မောဟဖြစ်၏။ ဝါ၊ မြင်ရတဲ့အဆင်းရူပါရုံ စသည်ကား ရုပ်တရား၊ မြင်သိတဲ့

စက္ခုဝိညာဏ်စသည်ကား နာမ်တရား၊ ဤ ရုပ်နာမ် နှစ်ပါးတို့သာ အကြောင်းအားလျော်စွာ မြင်သိကြသည်။ သူ၊ ငါ တို့၏ မြင်သိမှုမဟုတ်ဟု မသိတဲ့ခါ မောဟဖြစ်၏။

**သတိပြု၊ သိမှုပါ။** ဆိုတဲ့အတိုင်း မြင်၊မြင်တယ် စသည်ဖြင့် မြင်ရုံတွင်သာ မြင်ရုံမျှသာ ရုပ်တန်းတွင် ရုပ်တန့်သွားအောင် သတိချုပ်၍ သိမှတ်မှုဝိပဿနာစည်းခြံကာထားပါလျှင်၊ ဝါ၊ ရိပ်ခနဲ မြင်လိုက်ရရုံတွင်သာ ရုပ်တန့်သွားပါလျှင် မြင်အပ်တဲ့ အဆင်းရူပါရုံ ရုပ်တရား၊ မြင်တတ်တဲ့ စက္ခုဝိညာဏ်နာမ်တရား အပ်နှင့် တတ်ကို ကြပ်ကြပ်သတိထား၊ ကြားအပ် ကြားတတ် စသည်တို့မှာလည်း ထို့အတူသာ မှတ်သား၊ ရုပ်၊နာမ် နှစ်ပါး သဘာဝတရား၊ ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက် အနိစ္စ-ဒုက္ခ အနတ္တအစစ်၊ ဒုက္ခသစ္စာတို့သာ သိမြင်ကြသည်။ မြင်သိတတ်သော သူ၊ ငါ စသည်ကား လားလားမှမရှိဟု မြင်သိဆဲစသည် တို့မှာ အဖြစ်မှန်ကို သိရှိတဲ့ခါ အဆိုပါ တပ်မက်မှု၊ပြစ်မှားမှု တွေဝေမှု၊ လော-ဒေါ-မော ကိလေသာမဖြစ်ပေ။ လော-ဒေါ-မော စသော အာဂန္တုကကိလေသာများ တဒင်္ဂစသည် ဖြစ်ခွင့်မရအောင် မြင်တိုင်း၊ ကြားတိုင်း စသည်တို့မှာ မြင်ရုံ တွင်သာ ရုပ်တည်သွားအောင် မပြတ် ရှုမှတ်မှုကြောင့် မြင်သိ ဖြစ်ပျက် အဆက်ဆက်၊ အနိစ္စ၊ဒုက္ခ၊အနတ္တအစစ် သမုဒယနှင့် ဒုက္ခသစ္စာသာဖြစ်၏ဟု အသိမှန် အမြင်မှန် ဝိပဿနာဉာဏ်ကို ရ၍ အယူမှန်ကိုသာ ယူနေတော့၏။

**ဓမ္မဒုက္ခ၏ အဆုံးသည် နိဗ္ဗာန်။**

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ ဗာဟိယ ဧဝဉှိ သိက္ခိတဗ္ဗံ" ဆိုတဲ့ ဒေသနာတော်အရ၊ အဆိုပါ ဝေဒနာ စိတ္တာနုပဿနာ နှစ်ပါးစုံတို့၌ပင် ဒွါရ၊အာရုံ၊ ဝိညာဏ်သုံးပါး ပေါင်းဆုံမိကြ၍ မြင်သိမှု စသည် ဖြစ်ပေါ်-ဖြစ်ပေါ် လာကြတဲ့အခါ သူမြင်တယ်၊ ငါမြင်တယ်စသော ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောမဘက် ရုပ်နာမ်ဖြစ်ပျက် သဘောသက်သက်ဟုသိ၍ အဆိုပါ ရုပ်နာမ် ဖြစ်ပျက်အဆက်ဆက်တို့အပေါ်မှာ လောဘစသော တပ်မက်ခြင်းသဘော စသည်နှင့် မစပ်ယှက်ရအောင်၊ ဝါ၊ ရှေ့အမှတ် နောက်အမှတ် အစဉ်မပြတ်စပ်နေအောင် ရှုမှတ် သွားနိုင်ပါလျှင် ခြောက်ဒွါရဆိုတဲ့ ပစ္စုပ္ပန်လောကနှင့်လည်းမစပ်၊ ပြတ်နေ၏။ ခြောက်အာရုံဆိုတဲ့ တမလွန်လောကနှင့်လည်း မစပ်၊ ပြတ်နေ၏။ ခြောက်ဝိညာဏ် ဆိုတဲ့ ကြားလောကနှင့်လည်း မစပ်၊ ပြတ်နေ၏။

ဤလို ဤပုံ၊ ခြောက်ဒွါရ၊ ခြောက်အာရုံ၊ ခြောက်ဝိညာဉ် တို့၌ မိမိသည် လုံးလုံးမရှိ၊ မိမိနှင့် လုံးလုံး မဘက်စပ်၊ အံပြတ်ကြီး ပြတ်နေ၏။ ဤလို ဒွါရအာရုံ ဝိညာဏ်တို့၌ မိမိမရှိခြင်း၊ မိမိ၏ မဖြစ်ခြင်း၊ မိမိ၏ အပြီးဆုံးသည်ပင်လျှင် (ဧသေဝန္တော ဒုက္ခဿ) အရ ငြိမ်းအေးသော နိဗ္ဗာန်ပေတည်းဟု နိဗ္ဗာန်ကို မျက်မှောက် သိမြင်သွားသော မဂ်စိတ်၊ ဖိုလ်စိတ် ဖြစ်ပေါ် သွားတော့သည် ဟူလို။

ဘုရားလက်ထက် ဒါရုစိမထေရ်သည် ဤကမ္မဋ္ဌာန်းဖြင့်မင် ဤပုံမြင်၍ နိဗ္ဗာန်ဝင်သွားလေသည်။

(မှတ်ချက်) ဤ၌ ဆိုလိုရင်းမှာ ရှေ့နောက်စပ်အောင် ဝိပဿနာရှုမှတ်မှုမရှိခြင်းဖြစ်သောဒွါရအာရုံဝိညာဏ်တို့၌ တဖန်တဖန် တပ်မက်မှုစသည် ဖြစ်,ဖြစ်နေ၍သာ တဖန်တဖန် ဘဝတဖန် ရုပ်နာမ်ခန္ဓာ အသစ်,အသစ်ဖြစ်၍ ဖြစ်ပျက်မွေးသေ သံသရာ ရှည်၍ နေကြသည်ဖြစ်ရာ ဝိပဿနာ ရှုမှတ်ပေးထဲ့ခါ ဒွါရ အာရုံဝိညာဏ်တို့၌ တပ်မက်မှုစသည် အသစ်မဖြစ်၍ ဘဝတဖန် ရုပ်နာမ်ခန္ဓာလဲအသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းနေတဲ့ နိဗ္ဗာန် သို့သာ ရောက်တော့သည် ရတော့သည်ဟု ဆိုလိုပေသည်။

နောက်ကအတိုင်း နိုင်နင်းအောင် မရှုမှတ်နိုင်သေးလျှင် ဖြစ်ပေါ်တဲ့စိတ်အတိုင်းသာ ရှုမှတ်နေရပေသည်။ အချုပ်မှာ ဘယ်စိတ်မျိုးဘဲ ဖြစ်ဖြစ် စိတ်မှန်က ဥပါဒ်-ဌီ-ဘင်မျှ ဖြစ်၍ ပျက်သောကြောင့် မမြဲတဲ့ အနိစ္စဘဲဟုသာ ရှုမှတ်ရမည်ဟု ဘုရားဟောခဲ့ပေသည်။

ထို့ကြောင့် **စိတ်ဖြစ်တိုင်းသာ၊ ရှုမှတ်တာ၊ စိတ္တာနုပဿနာ** ဟု ဆိုပေသည်။

**စိတ္တာနုပဿနာ ပြီး၏။**

## မဂ် ၃-ပါး။

ဝိပဿနာမပါ-မဂ်မလာ၊ ဝိပဿနာပါမှ-မဂ်လာသည်၊ ဆိုသည့်အတိုင်း မဂ်သည် အနိမိတ္တမဂ်၊ အပ္ပဏိဟိတမဂ်၊ သုညတမဂ်ဟု ၃-မျိုးရှိရာ—

**၁။ အနိမိတ္တမဂ်။** **အဆိုပါ** လော-ဒေါ-မော စသော စိတ်,စေတသိက်တရားတို့သည် ဒွါရအာရုံနှစ်ပါးတို့ ပေါင်းဆုံမိကြတဲ့အခါ ခဏ်တသဘောအားဖြင့် လတ်တလော ခြင်း ဥပါဒ်-ဌီ-ဘင် အခိုက်အတန့်မျှ လျှပ်စစ်ပမာ ခဏခြင်း,ခဏခြင်းဘဲ ဖြစ်၍,ဖြစ်၍ ပျက်,ပျက်သွားတတ်ပေသည်။ ၎င်းတို့၏ မမြဲသောအနိစ္စအချက်ကို လက်ခနဲ-လင်းခနဲ မြင်လာအောင် ရှုးစိုက်ရှုးစိုက်၍ရှုမှတ်ပေးပါ၊ ဤနည်းဖြင့် ရှုမှတ်ဖန်များလာတဲ့အခါ အဆိုပါ စိတ်, စေတသိက် တို့၏ မမြဲသော အနိစ္စအချက်ကို လက်ခနဲ-လင်းခနဲ သိမြင်လိုက်တဲ့ **အနိစ္စဝိပဿနာ** ဉာဏ်သည် အဆိုပါ လော-ဒေါ-မော စသော ကိလေသာ၊ ၎င်းတို့ကြောင့်ဖြစ်သော ခန္ဓာ၊ ဤ ကိလေသာ ခန္ဓာတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း ဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ကို မတွေ့မဝေ သိမြင်နိုင်သော မဂ်ဉာဏ်နှင့် စပ်မိသွားပါလျှင် ထိုမဂ်သည် အနိမိတ္တမဂ် မည်၏။ ဖိုလ်လည်း အနိမိတ္တဖိုလ်။ နိဗ္ဗာန်လည်း အနိမိတ္တနိဗ္ဗာန်မည်၏ဟု သိလေမှတ်လေ။

**၂။ အပ္ပဏိဟိတမဂ်။** တဖန် အဆိုပါ လော,ဒေါ,မော စသော စိတ်,စေတသိက်တရားတို့သည် ဥပါဒ်-ဌီ-ဘင် အခိုက်

အတန့်အားဖြင့် ခဏခြင်း–ခဏခြင်း နှိပ်စက်၍နေတဲ့ ဒုက္ခအချက်ကို လက်ခနဲ–လင်းခနဲ သိမြင်လိုက်တဲ့ ဒုက္ခ ဝိပဿနာ ဉာဏ်သည် အဆိုပါ လော–ဒေါ–မော စသော ကိလေသာ ရင်းတို့ကြောင့်ဖြစ်သော ခန္ဓာ၊ ဤကိလေသာခန္ဓာတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာနိဗ္ဗာန်ကို မတွေ့မဝေသိမြင်နိုင်သော မဂ်ဉာဏ်နှင့်စပ်မိသွားပါလျှင် ထိုမဂ်သည် အပ္ပဏိဟိတမဂ်မည်၏ ဖိုလ်လည်းအပ္ပဏိဟိတဖိုလ်၊ နိဗ္ဗာန်လည်းအပ္ပဏိဟိတနိဗ္ဗာန်မည်၏

၃။ သုညတမဂ်။ တဖန် အဆိုပါ လော – ဒေါ – မော စသော စိတ် စေတသိက်တရားတို့သည် ဥပါဒ်–ဌီ–ဘင်အခိုက် အတန့် အားဖြင့် ခဏခြင်း, ခဏခြင်း ဖြစ်ပျက် နေသည်တို့ကို မဖြစ်မပျက်စေရန်သော်၎င်း၊ ဖြစ်ပြီးသည်တို့ကိုပျက်စီးမသွားစေရန်၎င်း မည်သူမျှအစိုးမရ အစိုးမပိုင် သူ့ပင်ကိုယ်သဘော အတိုင်း ဖြစ်ခွင့် ပေါ်တဲ့အခါ ဘယ်က ပေါ်လာမှန်း မသိ၊ ဘယ်လိုရောက်၍ဘယ်ကိုပျောက်သွားမှန်းမသိ ဓါတ်သဘော အားဖြင့် လတ်တလောခြင်း ဖြစ်ပေါ်လာပြီး တားဆီး၍ မရ၊ ဆုပ်ကိုင်၍မပြနိုင်ဘဲ ပျောက်ပျောက်ပျက်ပျက် ကုန်ကုန် ခန်းခန်း မရှိ,မရှိ ဆိတ်သုဉ်း, ဆိတ်သုဉ်း၍ သွားကြသော အနတ္တ အချက်ကို လက်ခနဲ–လင်းခနဲ သိမြင်လိုက်တဲ့ အနတ္တဝိပဿနာ ဉာဏ်သည် အဆိုပါ လော, ဒေါ, မော စသော ကိလေသာ၊ ရင်းတို့ကြောင့်ဖြစ်သော ခန္ဓာ၊ ဤ ကိလေသာ ခန္ဓာ တို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မတွေ့မဝေ သိမြင်နိုင်သော

F. 13

မဂ်ဉာဏ်နှင့် စပ်မိသွားလျှင် ထိုမဂ်သည် သုညတမဂ်မည်၏။ ဖိုလ်သည်လည်းသုညတဖိုလ်၊ နိဗ္ဗာန်သည်လည်းသုညတနိဗ္ဗာန် မည်၏။

**အဘယ်ကြောင့်နည်း ဟူမူ....၊**

၁၆။ **လောဘော အာဒိနဝံဒိသွာ ။ပ။ ဒေါသော အာဒိနဝံ ဒိသွာ ။ပ။ မောဟော အာဒိနဝံ ဒိသွာ ။ပ။ အနိစ္စ နုပဿီ ။ပ။ ဒုက္ခနုပဿီ ။ပ အနတ္တနုပဿီ ။ပ။ ဝိတ ရာဂေါ။ပ။ဝိတဒေါသော ဝိတမောဟော ဟောတိ**

ဆိုတဲ့ **အ**ဆိုနှင့်အညီ၊ လောဘစိတ်သည် များသောအား ဖြင့် ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ဒေါသစိတ်သည် ငရဲဘုံ၌ ဖြစ်စေတတ်၏။ မောဟစိတ်သည် တိရစ္ဆာန်ဘုံ၌ ဖြစ်စေတတ် ၏။ ဤလိုဤပုံ လော, ဒေါ, မော စသော စိတ် စေတသိက် တရားတို့၏ ကြီးလေးလှသော **အ**ပါယ်-**အ**ပါယ် မြစ်–အပြစ် အနာ **အ**ဿာဝတွေကို ကြိုတင်၍ တတ်တတ် ထင်ထင် ပညာ မျက်စိဖြင့် မြင်သောကြောင့်ရင်း။

( **ဒေါရဲ၊ လောပြိတ်၊ မောတိရိစ်၊ ကြောက်စိတ်၊ ကြပ်ကြပ် ထား** ) ဟူ၍ ကျမ်းဂန်တို့၌ **အ**ဆို ရှိသောကြောင့် မသေခင် သေနေ့မဦးခင် ကိုယ်တွင်းရန်သူစိတ်တို့ကိုပင် ဝိပဿနာဉာဏ် သို့တင်၍ ဝါ၊အနုပဿနာတရား သုံးပါးဖြင့် ဆင်ခြင်ရှုမှတ်မှ သာ လော,ဒေါ,မောတို့မရှိရာ နိဗ္ဗာန်သို့ရောက်မည် ဖြစ်သော ကြောင့်ပေတည်း။

(မှတ်ချက်) ရှံခါ ဣဋ္ဌ အနိဋ္ဌတို့နှင့်တွေ့တဲ့ခါ မိမိစိတ်ထဲမှာ ဓမ္မတာအတိုင်း လော,ဒေါ,မော ဖြစ်ပေါ် လာတတ်၏။ ထိုအခါ အဆိုပါ လော, ဒေါ, မော တို့သည် နာမ်တရားမျိုး ဖြစ်၍ ဥပါဒ် ဌီ,ဘင်မျှဖြစ်၍ ပျက်နေကြသောကြောင့် မမြဲတဲ့ အနိစ္စဟု အနိစ္စအချက်ကို လက်ကနဲမြင်အောင် အနိစ္စဆင်ခြင်ပေးပါ၊ အဆိုပါ အနိစ္စအချက်ကို လက်ကနဲမြင်လိုက်သည်နှင့် တပြိုင်နက်-အဆိုပါ လော,ဒေါ,မော စိတ်သည် တခါတည်း ချုပ်ငြိမ်းသွားလေတော့သည်။ လက်တွေ့ဖြစ်အောင် စမ်းသပ်ကြည့်စမ်းပါ။ လော, ဒေါ, မောကို **အနိုင်ဆုံး** ဆေးစွမ်းကောင်းတည်း။

## ဆောင်ပုဒ်များ

၁။ (မြင်ဆဲခဏ) မြင်သိကြတာ၊ရုပ်နာမ်မှတ်သား၊ မမှားလေတာ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ရုပ်နာမ်ပျက် ဆက်ဆက်မြင်သိတာ။

၂။ (ကြားဆဲခဏ) ကြားသိ ကြတာ၊ ရုပ် နာမ် မှတ် သား၊ မမှားလေတာ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ရုပ်နာမ်ပျက် ဆက်ဆက် ကြားသိတာ။

၃။ (နံဆဲခဏ) နံသိကြတာ၊ ရုပ် နာမ်မှတ်သား၊ မမှားလေတာ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ရုပ်နာမ်ပျက် ဆက်ဆက်နံသိတာ။

၄။ (စားဆဲခဏ) စားသိကြတာ၊ရုပ်နာမ်မှတ်သား၊မမှား လေတာ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ရုပ်နာမ်ပျက်၊ ဆက်ဆက်စားသိတာ။

၅။ (ထိဆဲခဏ) ထိသိကြတာ၊ ရုပ်နာမ်မှတ်သား၊ မမှား လေတာ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ရုပ်နာမ်ပျက် ဆက်ဆက်ထိသိတာ။

၆။ (ကြံဆဲခဏ) ကြံသိကြတာ၊ ရုပ်နာမ်မှတ်သား၊ မမှား လေတာ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ ရုပ်နာမ်ပျက် ဆက်ဆက်ကြံသိတာ။

(မှတ်ချက်) မြင်တတ်၊ ကြားတတ်၊ နံတတ်၊ စားတတ်၊ ထိတတ်၊ သိတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါဟာ လားလားမရှိ၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တ ဒုက္ခသမုဒယ သစ္စာတို့သာ ဖြစ်သည်ဟု သိလေ။

(၃) ၄။ ဓမ္မာနုပဿနာ ၆၃-အစ၊ ၇၃-အဆုံးရှိသော နံပါတ်တို့မှာ၊ ဣရိယာပထ အစ၊ ဓမ္မာနုပဿီ ဝိဟရတိ အဆုံးရှိသော သတိပဋ္ဌာန်ပါဠိတော်။

(အထူးမှာထားချက်) ၆၃-နံပါတ်၌ နီဝရဏ ဆိုသည် မှာ ဓမ္မာနုပဿနာတွင် တွက်ကျုံးဝင်သော နီဝရဏငါးပါး ခန္ဓာငါးပါး၊ ဗောဇ္ဈင် ၇-ပါး၊ သစ္စာ ၄-ပါး၊ တရားအစု

တို့တွင် အစဦးစွာ နိဝရဏ ၅-ပါးတို့ကို အစထား၍ ဖော်ပြသွားမည်ဟု ဆိုလိုပေသည်။

ကျန် ၆၄-အစ၊ ၇၃-အဆုံးရှိသော နံပါတ်တို့၏ အဓိပ္ပါယ်မှာ—။

၁၇။ အနိစ္စေ နိစ္စန္တိ ဒုက္ခေသုခန္တိ-အနတ္တနိ အတ္တာတိ
အသုဘေသုတန္တိသညာ စိတ္တ-ဒိဋ္ဌိ ဝိပလ္လာသော။

စသော ဘုရားဟောနှင့်အညီ၊ မသိအပ်သော အစရှိသော သံသရာတခွင် ခန္ဓာအစဉ်တို့ကစ၍ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံသည် တိုင်အောင် ဖြစ်အစဉ် ပျက်အစဉ်နှင့် လည်ခဲ့ကြသော တေဘူမက ဝဋ္ဋတရား ရုပ်နာမ်ခန္ဓာဆိုတဲ့ ဖြစ်သွား,ပျက်သွား ဖြစ်တရား,ပျက်တရား ဖြစ်ပျက်မနား လျင်သော အဟုန်ဖြင့် နေ့ညဥ့်မပြတ် အမြဲစီးဆင်း၍နေသော မြစ်ချောင်းတွင်းရှိ ရေအလား တဘာဝ-တဘာဝ ခြားကာ,ခြားကာ စုတိနောင် ပဋိသန္ဓေ၊ပဋိသန္ဓေနောင် စုတိ၊အစဉ်မပြတ် စပ်ကာ,စပ်ကာထပ်ကာထပ်ကာသမုဒ္ဒရာ၌လေသည်ပစ်လွှင့်အပ်သောလေဘောင်သင်္ဘောကဲ့သို့ရင်း၊ ယန္တရားစက်၌ က,အပ်သော နွားကဲ့သို့ရင်း ဩဃလေးဖြာ သံသရာဝဋ္ဋဆင်းရဲကြီး၌ နစ်တုံပေါ်တုံ တမှုန်မွှားမွှား ဆိုလည်သည့်နွား ရဟတ်ချားကဲ့သို့ ပြေးသွားကျင်လည်၍နေကြရသည်မှာ မည်သည့်သတ္တဝါ တစုံတယောက်မျှမဟုတ်၊ အခိုက်အတန့်အားဖြင့် ခုတင်ခု-ခုတင်ခု၊ ခဏခြင်း-ခဏခြင်း၊ မြစ်ချောင်း အတွင်းရှိသော မြစ်ရေအယဉ်ပမာ

တဖွားဖွား ဖြစ်ပျက်၍နေကြတဲ့ ပရပတ်ရုပ်နာမ် အစစ်အမှန်တို့သည် ဘယ်ကမ္ဘာ ဘယ်ဘဝကမှ မျက်တောင်တခတ်စာမျှ ခိုင်မြဲချမ်းသာ အစိုးရ တင့်တယ်တဲ့ နိစ္စ, သုခ, အတ္တ, သုဘ သဘောဟူက မြူမျှမရှိ မြူမျှ မရနိုင်သောကြောင့်၊ အနိစ္စကောန်၊ ဒုက္ခကောန်၊ အနတ္တကောန်၊ အသုဘကောန် စင်စစ်မှန်ပါလျက် ပုထုဇန်သတ္တဝါ လူနတ်ပြဟ္မာတို့သည် ဝိပဿနာဉာဏ် အမြင်မှန်ကို လက်ကိုင်မရရှိကြသောကြောင့် မိမိလက်ရှိ ခန္ဓာကိုယ်ကြီးကိုယ်ပင် တနေ့လုံး,တလလုံး,တနှစ်လုံး,တသက်လုံး, (နိစ္စ ,သုခ, အတ္တ, သုဘ)ဟု ပြောင်းပြန်လန်အောင် (ဝါ) တက်တက်စင် လွဲမှားအောင်၊ (ဝါ) မဟာအလွဲတော်ကြီး၊ မဟာ အမှားတော်ကြီး၊ လွဲမှားအောင် မှတ်မှား, သိမှား, ယူမှား နေကြသည်ကား ခြားမဟုတ်၊ ရှာသူရဲ့ အတတ်ဆိုတာလို ( သညာ-စိတ္တ-ဒိဋ္ဌိ ) ဆိုတဲ့ ဝိပလ္လာသတရားဆိုး ဆယ့်နှစ်မျိုးတို့၏ (ဝါ) မြက်ခြောက် မြက်ဆွေး တွေကို မြက်စိမ်း မြက်စိုထင်ရအောင် ကျွဲ, နွား, မြင်းတို့၌ တပ်ပေးထားသော မျက်မှန်စိမ်းကဲ့သို့ (အမှတ်မှား၊ အသိမှား၊ အယူမှား)ဝိပလ္လာသ မျက်မှန်စိမ်းတရားတို့၏ လိမ်လည်လှည့်ပတ်မှု လှည့်စားမှု မှားယွင်းဖေါက်ပြန်မှု သက်သက် တို့ကြောင့်သာ ဖြစ်နေကြရ၏

၁၈။ သုဘ,သုခ,နိစ္စ,အတ္တ,ဘာဝ,ဝိပလ္လာသ ပဟာနတ္တံ
စတ္တာရော·သတိပဋ္ဌာနာ ဝုတ္တာ။ ။

ဆိုတဲ့ သတိပဋ္ဌာန်အဲ့ဌကထာနှင့်အညီ အဆိုပါ သုဘများ သုခများ၊ နိစ္စများ၊ အတ္တများ၊ ဝိပလ္လာသတရား မူလအားဖြင့် ၄-ပါး၊ မူလီအားဖြင့် ၁၂-ပါးတို့ကို ပယ်ရှားခြင်း အကျိုး ငှါပင် သတိပဋ္ဌာန်လေးပါးကို ဟောတော် မူခဲ့ရင်း ဖြစ်ပါ သောကြောင့်-။

၁။ **ကာယောအသုဘော**။ စသော ကျမ်းဂန်အရ၊ ဘာ ရုပ်ဘဲဖြစ်ဖြစ် ရုပ်ကို အသုဘလို့ ရှုရမည်ဆိုတဲ့အတိုင်း ဤ သူ, ငါ, ကျား, မ, ဖြူ, မဲ စသည်ဖြင့် ခေါ်ဆိုကြတဲ့ တကိုယ်လုံး တကောင်လုံးရှိ ဆံပင် အစ၊ ကျင်ငယ် အဆုံးရှိတဲ့ (၃၂)ခု၊ (၃၂)စု ရုပ်ပေါင်းအစုတွေဟာ တခုမှတင့်တယ်သော သုဘ သဘောမရှိ၊ တရက် နှစ်ရက်မျှ ရေမချိုးခေါင်းမလျှော်လျှင် နံနံ စော်စော် ချေးညှော်အတိ ရွံဘွယ်လိလိ စက်ဆုပ်ဘွယ် ရှိစွတကား။ ဇီဝိတရုပ် မချုပ်သမျှ လှုပ်လှုပ် ရွရွ သွားလာ နေထိုင် ကြသော်လည်း ကျင်ကြီးပေါက်က ကျင်ကြီး၊ ကျင် ငယ်ပေါက်က ကျင်ငယ် စသည်ဖြင့် ကိုးပေါက် ကိုးဒွါရတို့မှ နေ့ညမစဲ အမြဲတစေ အောက်အထက် တစိစိတစိုစို အမြဲတမ်း စီးယိုနေသောကြောင့် ဆံခြည်တခြမ်းမျှ သုဘ သဘောမရှိ၊ ရွံဘွယ်လိလိ စက်ဆုပ်ဘွယ်အတိသာ ဖြစ်၏။

ဇီဝိတရုပ် ချုပ်သည်နှင့် တပြိုင်နက် လေဖြင့် ပြည့်သော သားရေအိတ်ကဲ့သို့၊ ဖူးရောင် ညိုမဲ ပေါက်ကွဲ သွေးပြည် ပိုးလောက်တွေ တဖွါးဖွါးနှင့် လားလားမျှမတင့်တယ် အလွန်

အလွန် စက်ဆုပ်ဘွယ်ကောင်းလှ၍၊ ရှင်လဲ အသုဘ၊ သေလဲ အသုဘ၊ သုဘမဟုတ်၊ စက်ဆုပ်ဘွယ်ရာ အသုဘ သာဟု (ကာယာနုပဿနာ)ကို အခါခါရှုမှတ်ပေးတဲ့ခါ (ဝိပဿနာဉာဏ်)အမြင်မှန်ကို ရရှိလာသောကြောင့်၊ (အသုဘ)အစစ်ကိုပင်(သုဘ)အစစ်ဟု တသက်လုံး မှတ်မှား,သိမှား,ယူမှားခဲ့သော သုဘ သညာ၊ သုဘ အလွဲအမှား၊ သုဘ ဝိပလ္လာသ တရားကို ပယ်ရှားစွန့်ခွါ နိုင်လေတော့သည်။

ထို့ကြောင့် သုဘထင်မှု၊ပျောက်အောင်ရှု၊ခေါ်မှုကာယာနုပဿနာ-ဟု ဆိုလေသည်။ ဤလို ဤပုံ တသံသရာလုံးက အသုဘကိုပင် သုဘဟု မှားယွင်းဖေါက်ပြန်လာခဲ့သော အသုဘကို သုဘဟု မှတ်မှားသော သညာဝိပလ္လာသ၊ သိမှားသော စိတ္တဝိပလ္လာသ၊ ယူမှားသော ဒိဋ္ဌိဝိပလ္လာသ တရား ၃-ပါးတို့ကို ပယ်ရှားစွန့်ခွါ၍ အနာဂါမိမဂ်၊ အရဟတ္တမဂ်ကို ရစေရောက်စေခြင်း အကျိုး၄ပါးပင် သတိပဋ္ဌာန် တရားလေးပါးတို့တွင် ဤ ကာယာနုပဿနာကို ဟောတော် မူ ခဲ့ သည် ဟု သိလေ မှတ်လေ။

.......* ......

( ဆောင်ပုဒ် )

၁။ အမှတ်မှားတာ၊ ပဌမာ၊ သညာဝိပလ္လာ။

၂။ အသိမှားတာ၊ ဒုတိယာ၊ စိတ္တာဝိပလ္လာ။

၃။ အယူမှားတာ၊ တတိယာ၊ ဒိဋ္ဌိဝိပလ္လာ။

**တနည်း။**

သူငါယောကျ်ား၊ မိန်းမအားဖြင့်၊ ထင်မှားကြရာ၊ မဟုတ်ပါဘဲ၊ မှတ်လွဲသိလွဲ၊ အယူလွဲကြ၊ ဝိပလ္လာသည့်၊ မှတ်သိဘိုရာ၊ အမှန်မှာကား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့်၊ အသုဘသာ၊ ဖြစ်ကြပါသည်၊ မှန်စွာနာမ်ရုပ် ဖြစ်ပျက်တည်း။

**ဝေဒနာဒုက္ခာ** အရ၊ ဘာဝေဒနာဘဲ ဖြစ်ဖြစ် ဝေဒနာကို ဒုက္ခလို့သာရှုရမယ်ဆိုတဲ့ အတိုင်း (ဒွါရအာရုံဝိဥာဏ်) သုံးပါးစုံရှိတဲ့အံခါမျက်စေ့ပေါက်နားပေါက်စသည်တို့မှာ ဖဿအနေအားဖြင့် တွေ့ထိကြတဲ့အခါ ခံသာ၊မခံသာ သာယာမသာယာစသော သုခ၊ဒုက္ခ၊ဥပေက္ခာ ဝေဒနာ သဘောတို့သည်သူတို့သဘောအတိုင်းမှီရာဝတ္ထုကိုအာရုံပြု၍ဝေဒနာ၏အရသာကို ခံစားကြဘာသူငါမဟုတ်၊ သုခဝေဒနာ စသောပရမတ်သဘောတို့၏ ခံစားမှုသက်သက်သာဖြစ်ပါလျက် မှတ်သိမှုသတိပဋ္ဌာန်မဘက်သောကြောင့် တပ်မက်မှုစသည်ဖြစ်တဲ့ခါ၊ အဆိုပါခံသာသောသဘောသည်ပင်လျှင် မကြာခင်မခံသာသောဝိပရိဏာမသဘောသို့ ရွေ့လျော ဖေါက်ပြန်တတ်သောကြောင့်ခံသာတဲ့သုခဝေဒနာကိုဖေါက်ပြန် တတ်သောဝိပရိဏာမဒုက္ခအားဖြင့်မခံသာတဲ့ဒုက္ခဝေဒနာကိုဆူးငြောင့်နှင့်တူသောအားဖြင့်၊ ခံသာမခံသာတဲ့ဥပေက္ခာ ဝေဒနာကိုမမြဲသောအနိစ္စအားဖြင့်ဝေဒနာနုပဿနာကိုရှုမှတ်၍ ပေးတဲ့

အခါ ဝိပဿနာ ဉာဏ်ဖြင့် အမှန်ကို သိမြင်သောကြောင့် တသံသရာလုံးက ဒုက္ခ အစစ်အမှန်ကို သုခ အစစ်အမှန်ဟု မှတ်မှားသိမှား ယူမှားခဲ့သော သုခသညာ၊ သုခ အလွဲအမှား သုခဝိပလ္လာသ တရားကို ပယ်ရှား စွန့်ခွာ နိုင်လေသည်၊ ဤ သုခ အမှားကို ပယ်ရှားခြင်း အကျိုးငှါပင် ဤ ဝေဒနာ နုပဿနာကို ဟောတော်မူသည်ဟု သိလေ–မှတ်လေ။

ထို့ကြောင့်၊ သုခထင်မှု၊ ပျောက်အောင်ရှု၊ ခေါ်မူဝေဒနာ နုပဿနာ—ဟု ဆိုသည်။

၃။ စိတ္တံ အနိစ္စံ အရ၊ ဘာစိတ်ဘဲဖြစ်ဖြစ် စိတ်ကိုအနိစ္စ လို့ ရှုရမယ်ဆိုတဲ့ အတိုင်း လောဘ ဒေါသ မောဟ စသော တဆယ့် ခြောက်ပါးသော စိတ်တို့သည် အကြောင်းအား လျော်စွာ အခိုက် အတန့် အားဖြင့် ဖြစ်ပေါ် လာကြတဲ့ခါ (ဥပါဒ်၊ဌီ၊ဘင်)မျှဖြစ်ရှိပျက်ကြရသောကြောင့် မျက်စိတောင် တခတ်မျှ ခိုင်မြဲ တည်တန့် အရှည် မခံနိုင်ကြ သောကြောင့် နိစ္စသဘောဟူကမြူမျှမရှိဟု အမှန်ကိုသိ၍ မမြဲ့မမြဲဟုအဖန် တလဲလဲ စိတ္တာနုပဿနာကို ရှုမှတ်၍ ပေးတဲ့အခါ ဝိပဿနာ ဉာဏ်ဖြင့် အမြင်မှန်ကို သိသောကြောင့် တသံသရာလုံးက အနိစ္စ အစစ်ကိုပင် နိစ္စအစစ်ဟု (မှတ်မှား သိမှား ယူမှား) ခဲ့သော နိစ္စသညာ၊ နိစ္စအလွဲအမှား၊ နိစ္စဝိပလ္လာသတရားကို ပယ်ရှား စွန့်ခွာနိုင်လေသည်။

ဤနိစ္စအမှားကို ပယ်ရှားခြင်း အကျိုးငှါပင် ဤစိတ္တာ နုပဿနာကို ဟောတော်မူခဲ့သည်ဟု သိလေမှတ်လေ—။

ထို့ကြောင့်– နိစ္စထင်မှု၊ ပျောက်အောင်ရှု၊ ခေါ်မှု စိတ္တာ နုပဿနာ....ဟု ခေါ်ဆိုပေသည်။

၄။ ဓမ္မာအနတ္တာ အရ၊ ဘယ်ရုပ် ဘယ်နာမ်တဲ့ ဖြစ်ဖြစ် ရုပ်နာမ်ဟူသမျှကို အနတ္တလို့ရှုရမည် ဆိုတဲ့ အတိုင်း ကာယာ နုပဿနာခဏ်း၊ ဝေဒနာနုပဿနာခဏ်း၊ စိတ္တာ နုပဿနာ ခဏ်းက ပြဆွန်းခဲ့ပြီးသော အဆိုပါ ရုပ်သဘော ဝေဒနာ သဘော၊ စိတ်သဘောတို့သည် (ဝါ)ကမ္မစ္ဆန္ဒနီဝရဏတရား ခန္ဓာငါးပါး စသည်တို့သည် အကြောင်း အားလျော်စွာ ဓါတ်သဘောအားဖြင့် လတ်တလောခြင်း လတ်တလောခြင်း သူ့သဘောအတိုင်း တဖွားဖွား ဖြစ်ပျက်နေကြတဲ့ ဖြစ်တရား ပျက်တရား ဖြစ်သွား ပျက်သွားဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါး အစစ် အမှန်တို့ကို မဖြစ်မပျက် စေရန် လည်း အစိုးမရ၊ ဖြစ်ပြီးသော ရုပ်နာမ်တို့ကို ပျက်စီးမသွား ရအောင်လည်း အစိုးမရ၊ မည်သူ့အလိုကိုမျှ မလိုက်၊ မည်သူ့ အကြိုက်ကိုမျှမပါ မျက်နှာကြီးငယ်မရွေး မိမိ၏အတ္တသဘော အတိုင်းသာ ဖြင်ပြီ လျှင်မရှိ၊ဖြစ်ပြီးလျှင်မရှိ၊ ပျောက်ပျက်ကုန် ခမ်း မရှိမရှိ ဖြစ်၍ဖြစ်၍ သွားတတ် သောကြောင့် ငါထင်တဲ့ အတ္တကေန်မဟုတ်၊ နာမ်ရုပ် အတ္တဟု ရှုတဲ့ အခါ ဝိပဿနာ ဉာဏ်ဖြင့် အမှန်ကိုသိသောကြောင့် တသံသရာလုံးကအနတ္တ အစစ်အမှန်ကိုပင် အတ္တ, အစစ်အမှန်ဟု (မှတ်မှား, သိမှား ယူမှား)ခဲ့သော အတ္တသညာ၊ အတ္တအလွဲအမှားအတ္တဝိပလ္လာ သတရားကို ပယ်ရှား စွန့်ခွာနိုင်လေသည်။ ဤအတ္တအမှားကို

ပယ်ရှားခြင်းအကျိုးငှါပင် ဤဓမ္မာနုပဿနာကို ဟောတော်မူခဲ့သည်ဟု သိလေ မှတ်လေ။

ထို့ကြောင့်—**အတ္တထင်မှု၊ ပျောက်အောင်ရှု၊ ခေါ်မှုဓမ္မာနုပဿနာ**....ဟုဆိုပေသည်။

ဤလိုဤပုံ"ကြောရိုး၊အရေ၊ ကြွင်းကျန်စေ၊ခြောက်လေသား,အသွေး၊ အသက်ကိုမျှ မငဲ့ရ၊ သမ္မပ္ပဓာန်လေး" ဆိုတဲ့ သမ္မပ္ပဓာန်လေးပါးနှင့် အညီ၊ မီးပွတ်သော ယောကျ်ား ကဲ့အလားသို့၊ မစားရလျှင်အရှင်း၊ စားရလျှင်ဆီထမင်း 'ငုပ်မိသဲတိုင် တက်နိုင်ခေါင်ဖျား' ဆိုစကားသို့ ဝဋ်မှထွက်မြောက်စေတတ်တဲ့တရားကို အားထုတ်လျှင် မုချဝဋ်မှထွက်မြောက်တယ်၊ မဂ်ဖိုလ်ရစေတတ်တဲ့ တရားကို အားထုတ်လျှင် မုချမဂ်ဖိုလ်ကို ရတယ်ဆိုတဲ့ စကားကိုယုံကြည်အားထားပြီးလျှင် အင်တိုက် အားတိုက် ရှူးရှူး စိုက်စိုက် မပြတ်မစဲ အမြဲတစေ ဝိပဿနာအလုပ်ကို အားထုတ်၍နေသည်ရှိသော်—။

၁။ အနိစ္စကေန် စင်စစ်မှန်သော ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာတရားတို့၌ တသံသရာလုံးက နိစ္စဟု မှတ်မှားသိမှား,ယူမှားခဲ့သော (သညာ စိတ္တ-ဒိဋ္ဌိ) ဝိပလ္လာသ တရားသုံးပါး။

၂။ အနတ္တကေန် စင်စစ်မှန်သော ရုပ်,နာမ်,ခန္ဓာ,ဒုက္ခသစ္စာတရားတို့၌ တသံသရာလုံးကအတ္တဟုမှတ်မှားသိမှား,ယူမှားခဲ့သော (သညာ,စိတ္တ,ဒိဋ္ဌိ) ဝိပလ္လာသ တရားသုံးပါး။

၃။ ဒုက္ခကောနိ အသုဘကောနိ စင်စစ်မှန်သော ရုပ်နာမ် ခန္ဓာ,ဒုက္ခ,သစ္စာတရားတို့၌တသံသရာလုံးကသုခဟု သုဘဟု ယူမှားခဲ့သော ဒိဋ္ဌိဝိပလ္လာသ တရားနှစ် ပါးပေါင်း ဝိပလ္လာသတရား ရှစ်ပါးတို့ကို ဝိပဿ နာဉာဏ် မဂ်ဉာဏ် အားဖြင့် ယုံမှား ကင်းအောင် ပယ်ရှားနိုင်တဲ့ခါ သောတာပန်၊ သကဒါဂါမ်။

၄။ အသုဘ၌ သုဘဟု မှတ်မှား, သိမှားခဲ့သောသညာ စိတ္တ ဝိပလ္လာသ တရား နှစ်ပါးကို ထပ်၍ ပယ်ရှား နိုင်တဲ့ခါ အနာဂါမ်။

၅။ ဒုက္ခ၌ သုခဟု မှတ်မှား, သိမှားခဲ့သော (သညာ, စိတ္တ)ဝိပလ္လာသ တရား နှစ်ပါးကို ထပ်၍ ပယ်နိုင် တဲ့ခါ ရဟန္တာဖြစ်တော့သည်။

ဤလိုဤပုံ- သတိပဋ္ဌာန်အလုပ် ဝိပဿနာကို အားထုတ် သည်ရှိသော် သောတာပန်စသော အရိယာတို့သည် မိမိတို့ သိသင့် သိထိုက်တဲ့တရားကိုသိ၍ မိမိတို့ပယ်သင့် ပယ်ထိုက်တဲ့ မိမိမဂ်နှင့်ဆိုင်ရာကိလေသာ အထူအပါးတို့ကိုမိမိတို့၏ ဝိပဿ နာဉာဏ်မဂ်ဉာဏ် အဆင့်ဆင့်ဖြင့် အကြွင်းမထား သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်သတ်၍ သောတာပန် စသော အရိယာ များ အဆင့်ဆင့်သို့ ဆိုက်ရောက်လေတော့သည် ဟူလို။

ဆောင်ပုဒ်၊

အနိစ္စနှင့်၊အနတ္တဝယ်၊ကုန်လုံးပယ်၊ဒုက္ခအသုဝယ်၊ဒိဋ္ဌိပယ် ရှစ်ပယ် သောတာပန်၊ အသုဘဝယ် သည်စိတ်ပယ်လတ်၊ နာဂါမ်မှတ် ဒုက္ခ၌ဝယ်သည်စိတ်ပယ်လတ်၊ ရဟန္တာမှတ်၊မချွတ် ပယ်စဉ်တည်း။

(မှတ်ချက်) ဤလို ဤပုံ တသံသရာလုံးက (အနိစ္စ, ဒုက္ခ အနတ္တ အသုဘ) စင်စစ် ကောန်ဖြစ်တဲ့ ရုပ် နာမ် ခန္ဓာဒုက္ခ သစ္စာတရားတို့၌ (နိစ္စ သုခ အတ္တ သုဘ) ဘဲလို့ ပြောင်းပြန် လန်အောင် အလွဲကြီးလွဲ၊ အမှားကြီးမှား၊ အမှောက်ကြီး မှောက်မှားခဲ့ကြသော ဝိပလ္လာသ တရား ၁၂ ပါး၊ မျက်မှန် စိမ်းတို့ကို ဝိပဿနာဉာဏ်ဖြင့် ပယ်ဖျက် ဖြုတ်ချ၍ သမထ ဝိပဿနာ တည်းဟူသော ဘုရားပေးတဲ့ ရွှေကိုင်း မျက်မှန် ကြီးကို သူကငါကအသီးသီးတပ်ဆင်၍ ရှုမှ ကြကာမဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်စေ့ရစေခြင်း အကျိုးငှါပင် ဤသတိပဋ္ဌာန် ကို ကျင့်ရပေသည်။

ဤလိုဤပုံ သတိပဋ္ဌာန် အကျင့်ကိုပင် ယုံယုံကြည်ကြည် လိုလိုချင်ချင် အင်တိုက်အားတိုက် ကျင့်ကြံအားထုတ်သွားပါ လျှင် မဂ်အန္တရာယ်ကင်းလွတ်၍ မဂ်ဖိုလ်ရထိုက်တဲ့ ဘဗ္ဗပုဂ္ဂိုလ် မှန်ပါလျှင် (သာယံအနုသိဋ္ဌောပါတော ဝိသေသံအဓိဂစ္ဆတိ) ဝါဘုရားယာနှုညာနေကဆုံးမထားလျှင်နက်ဖန်နံနက် မဂ်ဖိုလ် တရားတူးကို ရစေမယ်။

(ပါတော အနုသိဋ္ဌော- သာယံ ဝိသေသံ အဓိဂစ္ဆတိ)

ငါဘုရား ယနေ့ နံနက်က ဆုံးမတရားပြ လုပ်ငန်းစဉ်ပေးထားလျှင် ယနေ့ညဘဲ မဂ်ဖိုလ် တရားထူးကို ရစေမယ်၊ လွန်လွန်ကြူးကြူး (၇)ရက်၊(၇)လ၊(၇)နှစ် မလွန်စေရဘူး။မဂ်ဖိုလ်ဆိုတဲ့တရားထူးကို ရစေမယ်ဟု ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားကျေညာချက် ဝန်ခံတော်မူခဲ့တဲ့အတိုင်း အချိန်တန်သည့်အခါ နွားပိန် ကန်သည့်ပမာ အစဉ်အတိုင်း ဥာဏ်စဉ်တက်၍ တမဂ်ပြီး တမဂ်၊ တဖိုလ်ပြီး တဖိုလ်၊ အရဟတ္တ မဂ်ဖိုလ်တိုင်အောင် စွမ်းငှမ်းတမန်တကယ် ရွက်ဆောင် ပေးနိုင်တဲ့ တကြောင်းတည်းသော သတိပဋ္ဌာန် နိဗ္ဗာန် သွားခန်း လမ်းမတော်ကြီးပင် ဖြစ်သည်ဟု သိလေ မှတ်လေ—။

## ထွေထွေလာလာ မှတ်သားစရာ

၁။ ဤ=သတိပဋ္ဌာန် လေးပါး ဟူသည် ခန္ဓာငါးပါး ကမ္မဋ္ဌာန်း တရားပင်ဖြစ်လေသည်။

၁။ ကာယာနုပဿနာ ဖြင့် ရူပက္ခန္ဓာ ကမ္မဋ္ဌာန်းကို ပြည့်နှန်းသည် မှတ်လေ။

| | | | | |
|---|---|---|---|---|
| ၂။ | ဝေဒနာနုပဿနာ ၎င်း။ | ဝေဒနက္ခန္ဓာ | ။ | ။ |
| ၃။ | စိတ္တာနုပဿနာ ၎င်း။ | ဝိညာဏက္ခန္ဓာ | ။ | ။ |
| ၄။ | ဓမ္မာနုပဿနာ ၎င်း။ | သညက္ခန္ဓာ | ။ | ။ |
| | | သင်္ခါရက္ခန္ဓာ | ။ | ။ |

## တနည်း။

၁။ ကာယာနုပဿနာ ဖြင့် ရုပ်ကမ္မဋ္ဌာန်းကို ပြဆိုသည်။

၂။ ဝေ,စိတ်,ဓမ္မာနုပဿနာ ဖြင့် နာမ် ကမ္မဋ္ဌာန်းကို ပြဆိုသည်။

## ၁။ အနုပဿနာ အစဉ်အားဖြင့်

၁။ ကာယာနုပဿနာ ဖြင့် သုဘ အမှားကို ပယ်ဖျက်သည်။

| | | | | | |
|---|---|---|---|---|---|
| ၂။ | ဝေဒနာနုပဿနာ | ။ | သုခ | ။ | ။ |
| ၃။ | စိတ္တာနုပဿနာ | ။ | နိစ္စ | ။ | ။ |
| ၄။ | ဓမ္မာနုပဿနာ | ။ | အတ္တ | ။ | ။ |

## ၂။ ဝိပလ္လာသ အစဉ် အားဖြင့်

၁။ စိတ္တာနုပဿနာ ဖြင့် အနိစ္စမှားကို ပယ်သတ်သည်။
၂။ ဝေဒနာနုပဿနာ ။ သုခ ။
၃။ ဓမ္မာနုပဿနာ ။ အတ္တ ။
၄။ ကာယာနုပဿနာ ။ သုဘ ။

## ၃။ လက္ခဏာ အစဉ်အားဖြင့်

၁။ စိတ္တာနုပဿနာ ဖြင့် အနိစ္စ လက္ခဏာကိုပြသည်။
၂။ ဝေဒနာနုပဿနာ ။ ဒုက္ခ ။
၃။ ဓမ္မာနုပဿနာ ။ အနတ္တ ။
၄။ ကာယာနုပဿနာ ။ အသုဘ း

## ၄။ ပရိညာ အစဉ်ဖြင့်

ဝိပဿနာဉာဏ် ဖြစ်ဆဲခဏ ဉာတပရိညာ ဆိုက်၏။
လက္ခဏာယာဉ် ထင်ဆဲခဏ တိရဏပရိညာ ။
မဂ်ဉာဏ် ဖြစ်ဆဲခဏ ပဟာနပရိညာ ။

## ပရိညာသုံးပါး၊

ပရိညာသည် ၁-ဉာတ ပရိညာ၊ ၂-တိရဏ ပရိညာ၊ ၃-ပဟာနပရိညာဟု သုံးမျိုးရှိရာ—ဖြစ်ဆဲ ရုပ်နာမ် ပစ္စုပ္ပန် အစစ်အမှန်ကို ဝိပဿနာဉာဏ်ဖြင့် သိမြင်လျှင် ဉာတပရိညာ ဆိုက်၏။ ဖြစ်ဆဲ ရုပ်နာမ် ပစ္စုပ္ပန်တို့၏ ဖြစ်ဆဲ ဖြစ်ဆဲ ခဏ၌ မမြဲတဲ့အနိစ္စအချက် ဆင်းရဲနှိပ်စက်ဘဲ့ ဒုက္ခအချက်၊ အစိုးမရ

အလိုသို့မလိုက် အနှစ်အသားမရှိတဲ့ အဖြစ် ဆိတ်သုံးတဲ့အဖြစ်ကို လက်လက် လင်းလင်း ကွက်ကွက် ကွင်းကွင်း ဝိပဿနာရှုခိုက် ဝိပဿနာ ဉာဏ်ဖြင့် သိမြင်ပေလျှင် တီရဏပရိညာ ဆိုက်၏။

ဖြစ်ခိုက်ဖြစ်ဆဲ ဖြစ်တဲ့ ပရမတ်ရုပ်နာမ် အစစ်အမှန် တို့၏ အနိစ္စစသည်ကို သိမြင်၍ နိစ္စ စသည်ကို ပယ်လျှင် လောကီ ပဟာနပရိညာ၊ ထိုရုပ်နာမ်တို့၌ တပ်မက်မှုတဏှာကိုပယ်လျှင် လောကုတ္တရာ ပဟာန ပရိညာ ဆိုက်၏။

---

## ဆောင်ပုဒ်

"လှေတွေ့ဥာတ၊ ကူးကတိရဏ၊ ရောက်ခါပဟာနပမာပြ မှတ်ကြ ပရိညာ" ဆိုတဲ့ ဆောင်ပုဒ်နှင့် အညီ၊ (ဥပမာ) မြစ်ချောင်း၏ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ကူးသွားလို သောယောကျ်ားသည် လှေကိုရှာသည်ရှိသော်အရံသင့် တွေ့၊ လှေကိုစီး၊ လှေ်ခတ်၍ ကူးသည်ရှိသော် ထိုမှာဘက်ကမ်းသို့ ချမ်းသာစွာရောက်၊ ရွှေမြို့တော် ဝင်ပြီးလျှင် ရွှေနန်းစံရလေ၏။

(ဤကား ဥပမာတည်း)

ဤ...လှေဥပမာ၌ မြစ်ချောင်းနှင့် သံသရာတူ၏၊ ဤမှာဘက်ကမ်း နှင့် ဤလောကကြီး တူ၏။ ထိုမှာဘက်ကမ်းနှင့် နိဗ္ဗာန်တူ၏။ လှေနှင့် မဂ္ဂင်ရှစ်ပါး တူ၏။ ယောကျ်ား နှင့် ယောဂီတူ၏။ ယောကျ်ားသည် ထိုမှာဘက်ကမ်းသို့ ကူးလို၍

လှေကိုရှာသည်နှင့် ယောဂီသည် နိဗ္ဗာန်ကို ကူးလို၍ ရုပ်နာမ် သိအောင် တရားအားထုတ်သည်နှင့် တူ၏၊ လှေတွေ့သည်နှင့် ဖြစ်ဆဲ ရုပ် နာမ်ကို ဝိပဿနာဥာဏ် နှင့် ဒိဋ္ဌကိုယ်တွေ့ တွေ့ သည်နှင့် တူ၏။

(ဥဒယ ပရိညာပေတည်း)

လှေတွေ့၍စီးလှော်ကူးသည်နှင့်ရုပ်နာမ်တွေ့၍ လက္ခဏာ ယာဉ်သုံးပါး ထင်မြင်သည် နှင့် တူ၏။ (တိရဏပရိညာပေ တည်း)ကူးသွား၍ ထိုမှာဘက်ကမ်းသို့ ရောက်သည်နှင့် နိစ္စ သညာ စသည်ကို ပယ်၊ ထိုရုပ်နာမ်တို့၌ တပ်ခြင်းကင်းတဲ့ မဂ်သို့ရောက်သည်နှင့် တူ၏။ (ပဟာနပရိညာတည်း) ရွှေမြို့ တော်သို့ ရောက်၍ ရွှေနန်းစံသည် နှင့် နိဗ္ဗာန်သို့ ရောက်၍ နိဗ္ဗာန်ချမ်းသာ စံသည်နှင့် တူ၏။

အချုပ်.... လှေတွေ့တာနှင့် ဉာတ ပရိညာ၊ ကူးတာ နှင့် တိရဏပရိညာ၊ တဘက်ကမ်းသို့ရောက်တာနှင့်ပဟာနပရိညာ တူ၏ဟု သိလေ။

( ဓ ) ၅။ သောတာပန်ပယ် ၇၅၊အစ၊ ၈၀-အဆုံးရှိ သော နံပါတ်တို့မှာ-

၁၉။ "ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယ ဂမနော သောတာပန္နော နာမဟောတိ"နှင့် အညီ၊ မဂ္ဂင်ရှစ်ပါး မဂ် တရားဟူသော နိဗ္ဗာန် ရေယာဉ်သို့ ရှေးဦးစွာ ရောက်တတ် သော သောတာပန် ပုဂ္ဂိုလ်တို့မှာ ဘုရားစသော သူတော်

ကောင်းတို့၏ ရုပ်နာမ်ခန္ဓာ ဓါတ်သစ္စာနှင့် စပ်သောအမြတ်တရား ဝိပဿနာ အစားစားတို့ကို ကြားနာရတဲ့ခါ ပညတ်ပျောက်၊ ပရမတ်ပေါက်၊ လက္ခဏာယာဉ်ဆိုက်၊ သစ္စာလေးပါး ကိုက်အောင် ကိုယ်ပိုင် ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင်ဒိဋ္ဌ သိမြင်ပြီးဖြစ်၍ ယူမှားကင်းပြီး ယုံမှားကင်းပြီးဖြစ်သောကြောင့် မိမိသူတပါးတို့၏ ကိုယ်တွင်းရှိ ရုပ်နာမ်ခန္ဓာကို ငါ့ကိုယ်အတ္တဟုဘယ်နည်းနှင့်မှ ယူဆမှု မရှိသောကြောင့် တသံသရာလုံး တသက်လုံးက ယူမှားခဲ့သော ဒိဋ္ဌိ အယူမှားကိုလည်းပယ်၊ ကိုယ်တိုင်သိ ဒိဋ္ဌသိ ဝိပဿနာဉာဏ်သစ္စာဉာဏ်လက်ကိုင် ရှိနေသောကြောင့် ရုပ်နာမ်ခန္ဓာတို့၌၎င်း၊ ရတနာသုံးပါးတို့၌၎င်း ယုံမှားကင်းပြီ ဖြစ်၍ ဝိစိကိစ္ဆာ ကိုလည်းပယ်၊ မိမိကိုယ်၌က တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်နေသောကြောင့် ကျင့်သိက္ခာလည်းကိုယ်မှာမြဲသည့်ပြင်တွေ့မြင်တွေ့မြင်နေရတဲ့ ရုပ်နာမ် ဖြစ်ပျက်အဆက်ဆက်ကိုလည်းဒုက္ခသစ္စာမှန်းသိ၊ ထိုရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို အသစ်အသစ် ဖြစ်စေတတ်သော ရှေ့ဖြစ်သော တဏှာ ကိုလည်းသမုဒယ သစ္စာမှန်း သိ။

ထို ဒုက္ခ သမုဒယ တို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကိုလည်း နိရောဓသစ္စာမှန်း သိ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော၊ သမုဒယသစ္စာကို ပယ်တတ်သော၊ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုတတ်သော မဂ္ဂင် ရှစ်ပါးတို့ကိုလည်း မဂ္ဂသစ္စာမှန်း သိ။

ဤလိုဤပုံ ရှေးဦးစွာ သစ္စာလေးပါးတို့ကို လောကီအနုဗောဓ ဉာဏ်ဖြင့်သိ၍ နောင်အခါ ဒိဋ္ဌိဝိစိကိစ္ဆာကိလေသာတို့ကြောင့် ဖြစ်သော အပါယ်ခန္ဓာ၊ ဤကိလေသာ ခန္ဓာတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိရောဓ သစ္စာ နိဗ္ဗာန်ကို တည့်တည့်ရှင်းရှင်း မတွေ့မဝေ အာရုံရောက်၍ မျက်မှောက် မြင်သိနိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ဆဲခဏတို့မှာလောကုတ္တရာ ပဋိဝေဓ ဉာဏ်ဖြင့် ထိုးထွင်း၍ သိသွားသောကြောင့်နွားတို့ ခွေးတို့၏ အလေ့ အကျင့်ဖြင့် သံသရာမှ စင်ကြယ်သည်ဟု ယူမှားသော သီလဗ္ဗတ ပရာမာသကိုလည်း ပယ်ပြီးသည့်ပြင် သောတာပန် တို့အား နိဗ္ဗာန်ကို မျက်မှောက် မြင်သိတဲ့ မိမိတို့ရဲ့ မဂ်ခဏကပင် ဣဿာ မစ္ဆရိယ တရားတို့ကို သမုစ္ဆေဒ အားဖြင့် အကြွင်းမဲ့ ပယ်သတ်ခဲ့ပြီး ဖြစ်၍ မည်သည့်အခါမှ သူတပါးတို့အား ငြူစူခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ လုံးဝ အပြစ်မရှိတော့သည် ဖြစ်၍ ၎င်းတို့ကိုလည်း မယ်၊ သောတာပန် တို့မှာ အဆိုပါ (ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ, ဣဿာ,မစ္ဆရိယ) ပုထုဇန်တို့အား တုတ်နှောင်ထားတဲ့ကြိုး ငါးစင်း ပြုတ်ပြီး ပြတ်ပြီး ဖြစ်၍ ဒုဂ္ဂတိ စင်, သုဂတိ ဝင်, အထက်မဂ် ၃ ပါးလျှင် လားရောက်ရာရှိတော့သည်ဟူလို။

ဤကား-အကျိုး။

---

(ဏ) ၆။ ဝိမုတ္တိခေတ် ၈၁-အစ၊ ၉၄-အဆုံးရှိသော နံပါတ်တို့မှာ ဝိမုတ္တိဆိုတာက ပါဠိ စကား၊

မြန်မာလိုတော့ ကျွတ်လွတ်ခြင်းဟု ဆိုလိုပေသည်။

ခေတ်ဆိုတာက အချိန်ကာလဟု ဆိုလိုသည်။ အဲဒီပွါယ်ယခုလို နေမီးအလား ဝိပဿနာခေတ်ကြီး ထွန်းကားနေတဲ့ အချိန်အခါမှာ မိစ္ဆာဒိဋ္ဌိတရား အမှားအမျိုးမျိုး ဝိပလ္လာသတရားအလွဲအမျိုးမျိုး၊ ဒိဋ္ဌိစွဲ၊ တဏှာစွဲ၊ မာနစွဲ၊ အတ္တစွဲ၊ သတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ သတ္တဝါစွဲ၊ ယောကျ်ားစွဲ၊ မိန်းမစွဲ၊ သူစွဲ ငါစွဲ လင်စွဲ မယားစွဲ၊ သားစွဲ သမီးစွဲ စသော (အစွဲပေါင်းများစွာဖြင့်) အလွဲအမှား အစွဲတရား အမျိုးမျိုးတို့ကို တစွဲပြီး တစွဲ ကျွတ်လွတ် ထွက်မြောက် နိဗ္ဗာန်သို့ပင်ရောက်နိုင်သော ယခုကာလဖြစ်ပေါ်နေတဲ့ ဝိပဿနာခေတ်ကြီးကို ဝိမုတ္တိခေတ် ဆိုသည်ဟု သိလေ မှတ်လေ။

အဲနည်းငယ် ထင်ရှား စေဦးအံ့။ ယခုလို နေလပမာ ဝိပဿနာခေတ်စားတဲ့ အချိန်ကောင်း အခါကောင်းကြီးမှာ သူကငါက နင်လားငါလား သူတပါးကို တွယ်ကပ်မထားဘဲ ဝိပဿနာ အလုပ်တရားကို ကြိုးစားအားထုတ် လိုက်ကြမယ်ဆိုပါလျှင် သတိ, သမာဓိဉာဏ် ရင့်သန်၍ ပညာအား ပြည့်လာတဲ့ခါ သူငါသူငါနှင့် လူတကာ တစာစာ ပြောဆိုနေကြတဲ့ သူငါတို့ဟာ ခေါ်စရာပညတ်မျှသာအဟုတ်မရှိ တကယ်မရှိ၊ မုချမရှိ၊ လုံးဝမရှိ၊ ဘိတ်မရှိ၊ အဟုတ်ရှိ တကယ်ရှိဆိုတာက သူငါဟု ခေါ်ဆိုကြတဲ့ ခန္ဓာကိုယ် အတွင်းသားထဲမှာ

တဖွားဖွားဖြစ်ပျက်နေကြတဲ့ အတွင်းတရားတို့ကို အတွင်းသို့ ဝင်၍ သိနိုင်ကြတဲ့အတွင်းသိ ဝိပဿနာဉာဏ်ကို လက်ကိုင်ရ၍ လာတဲ့အခါသူပြောလူပြော,စာတွေ့,စာသိ,သုတသိ,ရုပ်နာမ် သူပြောလူပြော, စာတွေ့,စာသိ, သုတသိ,အနိစ္စ၊ဒုက္ခ၊အနတ္တ အသုဘမျိုးကို မဆိုလို၊ ကိုယ်တိုင်အားထုတ်၍ ကိုယ်ပိုင်ဉာဏ် ဖြင့် တွေ့မြင်သိရှိရသော ဖြစ်ခိုက် ဖြစ်ဆဲ ဖြစ်တဲ့ပရမတ် ရုပ် နာမ် အစစ်အမှန်၊ အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘ အစစ် အမှန် တို့ကို တတ်တတ်ထင်ထင် ဒိဋ္ဌသိ ဝိပဿနာဉာဏ်ဖြင့်တွေ့မြင် တဲ့ ပရမတ် ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အစစ် အမှန်တို့ကို ဆိုလိုသည်၊ အဆိုပါ ရုပ်နာမ် အနိစ္စ၊ဒုက္ခ၊အနတ္တ တို့ကို ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်ရသည်ရှိသော် ငါထင်တဲ့ ငါမဟုတ်မှန်း၊ အခိုက်အတန့်အားဖြင့် တဖွားဖွား ဖြစ်ပျက် နေကြတဲ့ ပရမတ် ရုပ်နာမ်မှန်း၊ ကျား,မ,မဟုတ်မှန်း အနိစ္စ ဒုက္ခ,အနတ္တ အစစ်မှန်း၊ ဖြူ,မဲ မဟုတ်မှန်း၊ ဒုက္ခသစ္စာ နှင့် သမုဒယ သစ္စာသာ ဟုတ်မှန်းကို အတတ်သိလာတဲ့အခါ မသိ တဲ့ မောဟ ကိလေသာမှ လွတ်၏။

ထိုအခါ အဆိုပါပရမတ် ရုပ်နာမ် တို့ကိုပင် တသံသရာ လုံးက ကြက်ကန်းစွဲ ငါ့ကိုယ်အတ္တဟု မှတ်ထင် ယူဆနေခဲ့တဲ့ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် တို့မှ လွတ်၏။ အဆိုပါ ပရမတ်ရုပ်နာမ်တို့သည် (ရုပ်နာမ်,အနိစ္စ ဒုက္ခ,အနတ္တ)ဒုက္ခသစ္စာ သမုဒယ သစ္စာမှန်း မသိတဲ့ အဝိဇ္ဇာ၊

မသိလို့ဘဲ ရုပ်နာမ်တို့အပေါ်၌ တပ်မက်သောတဏှာ။ တပ်မက်မှုအားကြီးလို့ဘဲ စွဲလမ်းတဲ့ ဥပါဒါန်၊ စွဲလမ်းလို့ဘဲ ပြုခဲ့တဲ့ ကံ၊ လက်ရှိဘဝ စားမျိုတဲ့ အာဟာရ၊ ဤအဝိဇ္ဇာ တဏှာ ဥပါဒါန်ကံ,အာဟာရတို့ကြောင့် ဖြစ်သည်ဟုအဖြစ်မှန်ကို သိတဲ့ခါ ရုပ်နာမ်တို့၌ရင်း၊ ရတနာ သုံးပါးတို့၌ရင်း ရှေးကယုံမှားမှု ဝိစိကိစ္ဆာ ကိလေသာမှလွတ်၏။

၁။ ဤဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာနှစ်ပါးမှ လုလုယူမှားယုံမှားမရှိလျှင်လည်း "ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန။ ပ။ သောတာပန္နော နာမ ဟောတိ" ဆိုတဲ့ အဲတိုင်း ဒိဋ္ဌိ ကိလေသာ အပါယ်ခန္ဓာတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ကိုမျက်မှောက် မြင်သိသွားနိုင်တဲ့ သောတာပတ္တိ မဂ်ဉာဏ်ကို ရသွားသောကြောင့် ဘယ်ဘဝ ဘယ်ကမ္ဘာကမှ အပြီးအစီး ပိတ်မထားနိုင်ခဲ့တဲ့ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်ပြီးဖြစ်၍ အပါယ် လေးပါးမှလည်း အပြီးအစီး လွတ်လေတော့သည်။

၂။ သည်မျှသာလော၊ မကသေးပေ၊ အဲဆိုပါ ဝိပဿနာ မဂ်ကို ဆက်လက်ပွားများ သွားပါလျှင် ပွားများတိုင်း ပွားများတိုင်းတို့၌ ရုန့်ရင်းကြမ်းထမ်းသော လောဘ,ဒေါသ ကိလေသာအကြမ်းစားခေါင်းပါးနဲ့ပါးသွားတဲ့သကဒါဂါမ် ဖြစ်သွားပါက လူ့ဘုံ နတ်ဘုံတို့၌ တကြိမ်မက အကြိမ်ကြိမ် ဖြစ်ရမဲ့ ကိလေသာ ခန္ဓာကိုယ်တို့မှ လွတ်၏။

၃။ သည်နှင့်ပင်မတန်သေးဘဲ တဆင့်တက်၍ ဝိပဿနာ မဂ်ကို ပွားများ အားထုတ်ပါလျှင် နူးညံ့ သိမ်မွေ့ နေတဲ့ လော,ဒေါကိလေသာ အနုစားတို့မှ အကြွင်းမဲ့ ကုန်သွားတဲ့ အနာဂါမ် ဖြစ်သွားပါက လူ့ဘုံ နတ်ဘုံတို့၌ တကြိမ်ခန့် သာဖြစ်ရမဲ့ ကိလေသာ ခန္ဓာကိုယ်တို့မှ လွတ်၏။

၄။ သည်မျှနှင့်သာ မကသေး။ အဆိုပါဝိပဿနာမဂ်ကို လက်ရှိဘဝ စခမ်းကုန် လမ်းကုန် အစွမ်းကုန် နှစ်၍ပွားများ အားထုတ်ပါလျှင် ရူပရာဂ-အရူပရာဂစသော ကိလေသာအလုံး စုံတို့မှ အကြွင်းအကျန်မရှိ ကုန်ခမ်းသွားသော ရဟန္တာဖြစ်ပါက အလုံးစုံသောကိလေသာ ခန္ဓာကိုယ်တို့မှလည်းလွတ်၍ အလုံးစုံ သော သံသရာ ဝဋ္ဋဆင်းရဲတို့မှလည်း ကျွတ်လွတ် ထွက်မြောက် နိဗ္ဗာန်သို့ပင် ရောက်လေတော့သည်ဟု သိလေ-မှတ်လေ။

ဤပုံ ဤနည်း ဝိပဿနာ အလုပ်ကို အဟုတ် အဟာ်အား ထုတ်၍ အဟုတ်အမှန် ရုပ်နာမ် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊အသုဘ ဒုက္ခသစ္စာ၊သမုဒယသစ္စာ)တို့ကို ဝိပဿနာဉာဏ်ဖြင့် အမှန်သိက (ဝါ) မရှိတာသိ, ရှိတာသိက (ဝါ) မရှိပညတ် ရှိပရမတ်ကို အတတ်သိက မသိမှုမောဟ ကိလေသာမှ လွတ်၊ ယူမှားမှု ဒိဋ္ဌိ ကိလေသာမှ လွတ်၊ ယုံမှားမှု ဝိစိကိစ္ဆာ ကိလေသာမှ လွတ်။

(ငါ့ကိုယ်၊ငါ့ဟာ၊ငါဟု) အမှားစွဲလမ်းမှု (ဒိဋ္ဌိ တဏှာ၊မာန ကိလေသာ)မှလည်းလွတ်၊တသံသရာလုံးကမှောက်မှားခဲ့လေသမျှ

အမှောက်အမှား မိစ္ဆာဒိဋ္ဌိတရားအမျိုးမျိုးတို့မှလွတ်၊ တသံသရာလုံးက လွဲမှားခဲ့လေ ဆမျှ အလွဲအမှား ဝိပလ္လာသတရား မူလ ၄-ပါး၊ မူလီ ၁၂-ပါးတို့မှလည်း လွတ်နိုင်ကြတဲ့ ဝိပဿနာခေတ်ကောင်း အချိန်ကောင်းကြီးမျိုးကို ဝိမုတ္တိခေတ် ဆိုသည်ဟု သိလေ-မှတ်လေ ယောဂီတွေတို့ —။

## လွတ်ခြင်း ဝိမုတ္တိ ငါးမျိုး

လွတ်ခြင်းခေါ်တဲ့ ဝိမုတ္တိသည် -

၁။ တဒင်္ဂ ဝိမုတ္တိ။ ၂။ ဝိက္ခမ္ဘန ဝိမုတ္တိ။
၃။ သမုစ္ဆေဒဝိမုတ္တိ။ ၄။ ပဋိပဿဒ္ဓိ ဝိမုတ္တိ။
၅။ နိဿရဏ ဝိမုတ္တိ ဟူ၍ ငါးမျိုးရှိသည်။

### ၁။ တဒင်္ဂ ဝိမုတ္တိ။

ဝိပဿနာ အလုပ်ကို အားထုတ်၍ ကိုယ်တွင်းရှိ တရား၊ အဟုတ်ရှိတရား၊ အမှန်ရှိတရား၊ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါး နိစ်၊ ဒုတ် နတ်၊ လက္ခဏာယာဉ်သုံးပါး၊ ဒု၊ သ၊ နိ၊ မသစ္စာလေးပါး တရားတို့ကို ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် ဗိဋ္ဌ ကိုယ်တွေ့ရှိတဲ့ တရားနှင့်မရှိတဲ့တရား ခွဲခြား၍ ထင်ရှားစွာ ယုံမှား ကင်းသွားအောင် တခဏမျှ သိတဲ့ခါ တခဏကလေးမျှ မသိမှု၊ ယူမှားမှု ယုံမှားမှု စသော ဆန့်ကျင်ဘက် ကိလေသာမှ လွတ်သည်ကို တဒင်္ဂ ဝိမုတ္တိဆိုသည်။

## ၂။ ဝိခမ္ဘန ဝိမုတ္တိ

တအောင့် တခဏမက တမိနစ်, တနာရီ,တနေ့,တလ,တနှစ် စသည် ဆန့်ကျင်ဘက် ကိလေသာ နီဝရဏတို့မှ လွတ်သော အဖျင်းဆုံး ဥပစာရသမာဓိ၊ အလွန်အားဖြင့်အပ္ပနာသမာဓိကို ဝိက္ခမ္ဘနဝိမုတ္တိ ဆိုသည်။

## ၃။ သမုစ္ဆေဒ ဝိမုတ္တိ

မိမိတို့၏မဂ်ခဏ-မဂ်ခဏတို့၌ မိမိတို့၏မဂ်နှင့်ဆိုင်ရာဆန့်ကျင် ဘက်ကိလေသာတို့မှ အကြွင်းအကျန်မရှိ လွတ်လွတ်သွားသော မဂ်လေးပါးတို့ကို သမုစ္ဆေဒဝိမုတ္တိ ဆိုသည်။

## ၄။ ပဋိပဿဒ္ဓိ ဝိမုတ္တိ

မဂ် ပယ်သတ် ပြီးသော ကိလေသာ အခိုးအငွေ့ အကြွင်း အကျန်တို့ကို နှစ်ကြိမ် သုံးကြိမ် ပယ်သတ်၍ ဆန့်ကျင်ဘက် ကိလေသာတို့မှ လွတ်သော ဖိုလ်လေးပါးတို့ကို ပဋိပဿဒ္ဓိဝိမုတ္တိ ဆိုသည်။

## ၅။ နိဿရဏ ဝိမုတ္တိ

အလုံးစုံသော ကိလေသာ ခန္ဓာ၁၁ဌတရားတို့မှ ကျွတ်လွတ် ထွက်မြောက်သော နိဗ္ဗာန်ကို နိဿရဏ ဝိမုတ္တိ ဆိုသည်။

**အဲဒါ ဝိမုတ္တိအစစ်ဆုံးဘဲ။**

## အဖြေမှန် ဘယ်လိုပေးမလဲ။

ဤလိုဤပုံ...တမှားပြီးတမှား၊ တလွဲပြီးတလွဲ၊ တစွဲပြီး တစွဲ ဖြတ်၍ လွတ်၍၊ တမဂ်ပြီးတမဂ်၊ တဖိုလ်ပြီး တဖိုလ်၊ အရဟတ္တ

မဂ်ဖိုလ်တိုင်အောင် ရောက်နိုင်ရနိုင်ကြ၍ ဖြစ်ပျက်မေ့းသေဆိုတဲ့ သံသရာ ဝဋ်ဆိုးကြီးထဲက ကျွတ်လွတ် ထွက်မြောက် နိဗ္ဗာန်သို့ ရောက်နိုင် ကြတဲ့ အဆိုပါ ( ဝိမုတ္တိ ) ခေတ်ကြီးကို သံသရာမှာ ကြည်လည်ကြရတဲ့ခါ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါများ တွေ့ကြုံခဲ့ ကြရဘူးပါ ပြီနည်းဟုမေးလျှင် ဘယ်လို အဖြေမှန်ပေးကြမလဲ။ တွေ့ရတာက အနည်းသား မတွေ့ရတာက အများအပြား၊ လက် သည်းခွံပေါ်၌ မြေမှုန့်အလား အပယ်၌ များသောကြောင့် ဟုသာ အဖြေမှန် ပေးရပေတော့မည်။

တကြိမ်တခါတွေ့ကောင်းပါရဲ့ ဆိုပြန်သော်၊ တွေ့တဲ့ခါကော တွေ့ကျိုး နပ်အောင် လွတ်သင့် လွတ်ထိုက်တဲ့ ကိလေသာတို့မှ လွတ်၍ ရသင့် ရထိုက်တဲ့ မဂ်ဖိုလ်တရားထူး တပါးပါးကိုကော ရခဲ့ပါ၏လော။ ယခုဘဝလိုဘဲလားဟု ထပ်လောင်း၍ မေးပြန် လျှင် ဘယ်လို အဖြေပေးမလဲ၊..(ဘ-မှ-မရ) ဘာမှမရဟု ဖြေ မလား။ ဝိမုတ္တိခေတ်ကောင်းနှင့်အကြောင်းသင့်တွေ့သော်လည်း အားမထုတ်က မရ၊ အားထုတ်မှ ရမည်။ ယခုဘဝ တွေ့နေပြီ၊ တမဂ်မဂ် တဖိုလ်ဖိုလ်ရအောင်အားထုတ်ဘို့သာ လိုတော့သည်။ အဲသည် အချက်ကို မေ့မပြစ်ကြနှင့်၊ မေ့ပစ်မှုဖြင့် အခက်ပါဘဲ နရက်ရွာ ငရဲ၊ မသက်သာဘဲ၊ အဲဒါဘဲ ဒါဘဲ။

## ထို့ကြောင့်ပင်

၈၁။ ဝိမုတ္တိခေတ် ပေါ်ထွက်လာပြီ၊
နည်းမှန်လမ်းကောင်း ဖွင့်ညွှာင်းနေပြီ၊
သောတာပန်စစ် အောက်ထစ်ရွယ်ရည်၊
ခါကောင်းတုံး ကျင့်သုံးခါတော်မှီ။ ။

ဟုဆိုပေသည်၊ အဖန်တလဲလဲ အပါယ်ငရဲကို တကယ်ဆွဲချ ထတ်တဲ့ အတ္တဒိဋ္ဌိ အယူမှားကြီးကို တကယ် တားဆီး နိုင်တဲ့ ဒိဋ္ဌိပဋိသေဓက တရားကို လက်ရှိဘဝ တကယ် ရသွားအောင် တကယ်အဓိရေးပါ၍ တကယ်အရာရောက်လှသော ရုပ်နာမ်ခန္ဓာ ဓါတ်သစ္စာနှင့်စပ်သော အမြတ်တရားဝိပဿနာအစားစားတို့ကို မသွယ်မဝိုက် တိုက်ရိုက်တည့်တိုး ကျဉ်းကျဉ်းနှင့်ရှင်းရှမ်း သူက, ဝါက, လူက, ရှင်က, ဟောပြနေကြသောကြောင့် အပါယ်လွတ် လွယ်၊မဂ်ဖိုလ်ရလွယ်တဲ့နည်းမှန်လမ်းမန်ကောင်းတွေပွင့်ညောင်း နေပြီ၊ ပွင့်သီး နေပြီတဲ့၊ နေမဝင်မီ စပါးလှန်း၊ လ,သာတုန်း ဗိုင်းငင်၊မိုးရွာတုန်းရေခံဆိုတာလို၊ ဝိပဿနာနေမင်းကြီး မဝင်မီ ဝိပဿနာ လ,သာနေတုန်း၊ ဝိပဿနာ မိုးရွာနေတုန်း၊ အချိန် ကောင်း,အခါကောင်းကြီးတွင်သေနေ့မဦးခင် အချိန်မှီ အချိန်မှီ ယူမှားမှုဒိဋ္ဌိ၊ ယုံမှားမှုဝိစိကိစ္ဆာ၊ ဤကိလေသာနှစ်ပါးက လွတ် လျှင် အောက်တစ်ဆုံး အပါယ်လွတ်တရားရတဲ့ သောတာပန် အဖြစ်ဦးသွားအောင် တရားကို အထူးအားထုတ်ကြပါတဲ့။

(၈၂) အဖြေကတော့ ရုပ်နှင့် နာမ် အိုးစားမကွဲမှီ တရား အားထုတ်ပါတဲ့။

(၈၃) အဖြေကတော့ ငယ်တယ်ကြီးတယ် သဘောမထား ဘဲ အမြန်အားထုတ်ပါတဲ့။

(၈၄) အဖြေကတော့ ရုပ်နာမ် သိက ကလျာဏ အမြတ်၊ နာမပစ္စယ နှစ်ဉာဏ်ရက စူဠသောတာပန်အမြတ် သမ္မသနအစ အနုလောမအဆုံး ဆယ်ဉာဏ် ရက မဇ္ဈိမ သောတာပန်အမြတ်၊ (ဂေါ၊မဂ်၊ဖိုလ်၊ပစ်)

လေးဉာဏ်ရကာ၊မဟာသောတာပန်အမြတ်အဆိုပါ အမြတ်၄-မျိုးတို့တွင် ဘယ်အမြတ်မျိုး များကို ငါ ယခု လက်ရှိဘဝ လက်ကိုင် ရရှိသည် မရသည်ကို ဉာဏ်နှင့်ရပ်၍ရပ်၍ကြည့်ကြပါတဲ့ အထက်အဆိုပါ အမြတ် ၄-မျိုးထဲကတပါးပါးကိုဖြစ်စေ၊၄-ပါးလုံး ကိုဖြစ်စေ၊ မသေမှီလက်ကိုင်ရရှိသွားအောင် ကြိုး စားကြပါတဲ့၊ တပါးမှ လက်ကိုင်မရရှိဘဲနှင့်တော့ သေမသွားကြပါနှင့်တဲ့။

(စူဠ-မဇ္ဈိမ မဟာ)

(၂၁) သောတံ အာဒိတော ပဇ္ဇိ°သု ပါပုဏိ°သူတိ သောတာပန္နာ၊ စူဠာ သောတာပန္နာ စူဠ သောတာပန္နာ၊ မဇ္ဈိမာ သောတာပန္နာ-မဇ္ဈိမ သောတာပန္နာ၊ မဟန္တာသောတာပန္နာ-မဟာ သောတာပန္နာ။ ။

ယေ၊ အကြင်နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးကို လက်ကိုင်ရရှိထားကြသော ယောဂီပုဂ္ဂိုလ် တို့သည်။ သောတံ၊မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေအယဉ်သို့၊ အာဒိတော၊ အစရှေးဦးစွာ။ အာပဇ္ဇိ°သု ပါပုဏိ°သု၊ ရောက်ကြ ကုန်ပြီ။ ဣတိ၊ထို့ကြောင့်။ တေ၊ထိုနာမပစ္စယနှစ်ဉာဏ်ရသော ယောဂီတို့သည်။ သောတာပန္နာ၊ လက်ရှိဘဝ စုတိကျက ဘယ် နည်း နှင့်မျှ အပါယ်သို့ မကျရောက်နိုင်ဘဲ လူ, နတ်, သုဂတိ

အလားမြဲသောသောတာပန်တို့မည်ကုန်၏။ စူဠော၊ငယ်ကုန်သော မဇ္ဈိမာ၊ အလတ် ဖြစ်ကုန်သော။ မဟန္တာ၊ ကြီးကုန်သော၊ သောတာပန္နာ၊ စူဠသောတာပန်, မဇ္ဈိမသောတာပန်, မဟာ သောတာပန်တို့တည်း။

(မှတ်ချက်) ဤစူဠမှာ "မူလပါဠိ"၊ "မဇ္ဈိမ မဟာ" မှာ "နယဂ္ဂါဟ"မှတ်။

(၇၅) အဖြေကတော့ 'မသိသူကျော်သွားသိသူပေါ်စား' ဆိုတဲ့ စကားပုံကဲ့သို့၊ အထက်အဆိုပါ အမြတ်လေး မျိုးတို့ကို တခုခုကိုမှယူမသွားနိုင်ကြဘဲ မသိသူတွေ ကျော်သွား၍၊ သိသူတွေမှာမသေမိတမျိုးဖြစ်စေ၊ နှစ်မျိုး လေးမျိုးလုံးဖြစ်စေယူသွားသောအားဖြင့် ပေါ်စားကြလေပြီတဲ့။

(၇၆) အဖြေကတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရပါလို၏၊ရောက် ပါလို၏ဟု ဆုတောင်း နေရုံနှင့်တော့ အာပေါက် အာပြဲဘယ်လိုဘဲတောင်းတောင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရမည်ရောက်မည်မဟုတ်ဆုတောင်းထားတဲ့အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တဲ့နည်း၊ ရောက်နိုင်တဲ့နည်း တရားကိုသာ အားထုတ် ပါတဲ့၊ ဆုတောင်းတာ အပိုဘဲဟု အယူမမှားပါလေနှင့်၊ဘုရားဆုတောင်း, သာဝကဆုတောင်းတွေ ကျမ်းဂန်မှာ အများကြီး ရှိနေသည်။

(၁၇) အဖြေကတော့ နက်ဖန်မှ၊ သဘက်မှ၊ ရှေ့လ ရှေ့နှစ်မှ တရားကို အားထုတ် တော့မယ်ဟု နေ့ ၊ လ ရက်တွေကို ရွှေ့ဆိုင်းမထားဘဲ သေနေ့ မဦးခင် ရသင့်ရထိုက်တဲ့ အမြတ်တရားတွေကို လက်ကိုင်ရရှိသွားအောင် မမြန်ကြိုးစားပါတဲ့။

(၁၈) အဖြေကတော့ အရိယာခေတ်ဆိုတာ အကျင့်သာ လိုရင်းဖြစ်ပါသတဲ့။

(၁၉) အရိယာဟုတ်-မဟုတ်မှာလဲ အလုပ်ဘဲဖြစ်ပါသတဲ့၊ အရိယာဖြစ်စေတတ်တဲ့အကျင့်ကိုမကျင့်ဘဲ၊ မလုပ်ဘဲနှင့်တော့ အရိယာမဖြစ်နိုင်ဘူးတဲ့။

အရိယာ ၄-မျိုး။

(၂၃) သော နပ အရိယော စတုဗ္ဗိဓေါဟောတိ
အာစရ အရိယော ဒဿနအရိယော လိင်္ဂ
အရိယော ပဋိဝေဓ အရိယောတိ။
(တိကနိပါတ် မုဋ္ဌိလဇာတ်)

ကျမ်းဂန်တို့၌ တမျိုးလာသော အရိယာသည်—

၁။ အာစာရ အရိယာ။
၂။ ဒဿန အရိယာ။
၃။ လိင်္ဂ အရိယာ။
၄။ ပဋိဝေဓ အရိယာ။

ဟု ၄-မျိုးရှိရာ၊ သောတာပန်စသော အရိယာဖြစ်စေတတ်သော သတိပဋ္ဌာန် စသော ကမ္မဋ္ဌာန်း အကျင့်ကို ကျင့်ကြံအားထုတ်၍ နေသောသူသည် အာစာရ အရိယာ မည်သတဲ့၊ တဖန် သတိပဋ္ဌာန် အကျင့်ကို ကျင့်၍ ကိုယ်ခန္ဓာ အတွင်းသားထဲမှာ တဖွားဖွားဖြစ်ပျက်၍နေကြတဲ့ဖြစ်တရားပျက်တရား၊ ဖြစ်သမား ပျက်သမား၊ ဖြစ်ပျက်မနား သူငါတို့ ကိုယ်တွင်းရှိ တရား၊ ရုပ်နာမ် ခန္ဓာ၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ် သုံးပါး၊ဒုက္ခသမုဒယသစ္စာ တရားတို့ကို ကိုယ်တိုင် အားထုတ်၍ ကိုယ်ပိုင် ဝိပဿနာဉာဏ်ဖြင့် ဒိဋ္ဌ ကိုယ်တွေ့ သိမြင်၍ နေသောသူသည် ဒဿနအရိယာမည်သတဲ့။တဖန် တရားကိုအားမထုတ်သေးဘူး၍ ရှေးအခါက တခါဘူးမျှ မသိမြင်သေးဘူးသော ကိုယ်တွင်းရှိ တရား, ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက်၊ အနိစ္စ, ဒုက္ခ, အနတ္တ အစစ် ဒုက္ခသစ္စာ,သမုဒယသစ္စာ ဖြစ်သော တရားတို့ကိုတစ်တစ်ခွခွဉာဏ်တွေ့ ဉာဏ်မြင် ဒိဋ္ဌဉာဏ်ဝမှာ တွေ့မြင် နေရတဲ့ အခါ ရှေးကနှင့်မတူ တမူကွဲပြား စိတ်နေ စိတ်ထား အသွားအလာ အနေအထိုင် ဟန်ပန်မူရာ အစစအရာရာ ပြောင်းလွဲ သွားသော သူသည် လိင်္ဂအရိယာ မည်သတဲ့။

တဖန်- အပါယ်လွတ်တဲ့ တရား, အချုပ်အားဖြင့် မေးသေ လွတ် နိဗ္ဗာန်ရတဲ့တရားကို လက်ရှိဘဝ ရလိုရောက်လို၍ တရားကို အားထုတ်သော ယောဂီသည် နည်းမှန်လမ်းမှန် မိမိဆရာသမား ထံမှ သင်ကြား မှတ်သားခဲ့ဘူးတဲ့ အတိုင်း ရှေးဦးစွာ မိမိ စရိုက်နှင့် ကိုက်ညီတဲ့ သမာဓိ ကမ္မဋ္ဌာန်း တရား တပါးပါးကို

F.17

သမာဓိရရုံ ကြိုးစားပြီးလျှင် စိတ်တည်ငြိမ်လာတဲ့ခါ ရှုမှတ်နေရတဲ့အာရုံကိုရုပ်တရား၊ ရှုမှတ်နေရတဲ့စိတ်ကို နာမ်တရားဟုရုပ်နာမ် ၂-ပါးကိုပိုင်းခြား၍ရုပ်နာမ်တို့၏အကြောင်းကို သိမ်းဆည်းပြီးလျှင် အကြောင်းနှင့်တကွသော ရုပ်နာမ်တို့ကို ရှေ့ဖြစ်ပျက်နှင့် နောက်ဖြစ်ပျက် အစဉ်မပြတ် စပ်စေလျက် နုမဿနာသုံးပါး(၇)ပါ ဖြင့် ရှုမှတ်သွားရာ အထူးအားဖြင့် အဆိုပါရှုမှတ်နေရတဲ့ရုပ်နာမ်ဖြစ်ပျက်တို့အပေါ်မှာ မုန်းတီး ငြီးငွေ့မှု ဖြစ်ပေါ်လာ၊ ငြီးငွေ့မှု အားကြီးလာတဲ့ အခါ လက္ခဏာယာဉ်သုံးပါးတွင် တပါးပါးအလိုလို ထင်မြင်၍ယော ဂါဝစရ ပုဂ္ဂိုလ်သည် ဩဠာရိက ဝိပဿနာချိန်ကိုက် သွားပါလျှင် ရှုမှတ်နေရတဲ့ အဆိုပါဖြစ်ပျက်တွေဟာ ရုတ်တရက်ဖြုံးကနဲ ဖြစ်စေ၊ တဖြေးဖြေးဖြစ်စေ၊ တနည်းနည်းဖြစ်စေ ဖြစ်ပျက် တွေ အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်လာဘဲ တခဏမျှ သခါရှုံ့ရပ်စဲ အမြဲငြိမ်းနေတဲ့ နိဗ္ဗာန်အာရုံကို တည့်တည့် ရှင်းရှင်း မတွေ့မဝေ ထိုးတွင်း၍ သိမြင်သွားသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် တို့သည် ပဋိဝေဓအရိယာ မည်သတဲ့။

(သတိ) အဆိုပါ အရိယာလေးမျိုးတွင် မိမိသည် ဘယ် အရိယာအဆင့်အတန်းများကို ငါယခုရောက်ရှိသည်မရှိသည် တို့ကိုကြီးကြီးမားမားသတိထား၍ကြည့်ရှုရမယ်တဲ့ အရိယာ ဖြစ်စေတတ်သောမဂ်အကျင့်ကိုကျင့်ပါလျှင်အာစာရအရိယါ စာရင်းဝင် ဖြစ်နိုင်မည် မဟုတ်ပါလော၊ တဆင့်ပြီး တဆင့်

အဆင့်အတန်း မြင့်အောင် ကျင့်သွားပါလျှင် ပဋိဝေဓ အရိယာ စာရင်းဝင်ထိယခုခေတ်ရှိနေသေးသည် မဟုတ်ပါလော မဂ်အကျင့်ကို မကျင့်လျှင် (အာစာရစာရင်းဝင်ပင် မဖြစ်) အနွ စစ်စစ်သာ ဖြစ်နေ၏။ ဤအချက်ကို မေ့မပြစ်ဘဲလေး လေးနက်နက်ဘဲ စဉ်းစားဉာဏ် တက်လေ။

(၉၀) အဖြေကတော့ မျက်မှောက်၌ပင် အားထုတ်ရတဲ့ အကျိုးကို ရရှိခံစားရပါသတဲ့။

(၉၁) အဖြေကတော့မဂ်နောင်ဖိုလ်ဟူသော အကျိုးကို ကာလမခြားဘဲ ပေးပါသတဲ့။

(၉၂) အဖြေကတော့ ပြောမယုံ ကြုံဘူးမှသိ ဆိုတာလို မယုံလျှင်လာခဲ့၊ လုပ်ကြည့်စမ်းအားထုတ်ကြည့် စမ်းပါတဲ့။

(၉၃) အဖြေကတော့ ရုပ်ခတ်,နာမ်ခတ် ပရမတ်မှာ ဝိပဿနာ ဉာဏ်နှင့် ကပ်ထားပါလျှင် နိဗ္ဗာန်သို့ ပင် ရောက်အောင်ပို့ဆောင်တဲ့ တရားပါတဲ့။

(၉၄) အဖြေကတော့ လူပြော, သူပြောမဟုတ်၊ ကိုယ်ကိုယ်တိုင်အားထုတ်၍ ကိုယ်ပိုင်ဉာဏ်ဖြင့် သိရတဲ့ တရားမျိုးပါတဲ့။

(၉၅) အဖြေကတော့ အနှစ်တရာတရာကြာမှသာတခါ တခါရေပေါ်သို့ပေါ်လာတတ်တဲ့လိပ်ကန်းကြီး ဟာ အထက်သမုဒ္ဒရာမှ မျောလာတဲ့ ထမ်းပိုးရဲ့

ထမ်းပိုးပေါက်နှင့်လိပ်လည်ပင်းဟာ နွားလှဲ့က, သလို ကုံတော် ကံကြွေး ဖြစ်သွားဘို့ရာ ခက်ခဲတာထက်ဘဲ လူ့အဖြစ် လူ့ဘဝကို ရဘို့ရာက ပိုမိုသာလွန်၍ ခက်ခဲ ပါသတဲ့၊ ဤမျှ ခက်ခဲ လှတဲ့ လူ့ဘဝကို ကံကောင်း ထောက်မလို့ ယခုရကြတဲ့ခါ၊ မမေ့ မလျော့သတိမပေါ့ကြဘဲ အဖျင်းဆုံး၊ အညံ့ဆုံး၊ အောက်ထစ်ဆုံး၊ အပါယ်တံခါးပိတ်၊ အပါယ်လွတ် တရားရတဲ့ မဟာသောတာပန် အစစ် ဖြစ်သွားနိုင် ကြအောင် အချိန်မှီ အားထုတ်ကြပါဟု ဆိုလိုပေ သည်။

**ကျန်နံပါတ်များမှာ သိသာထင်ရှားပြီ**

**အလုံးစုံ အဖြေပြီး၏။**

—·—၀—·—

အထူး မှာထားချက်။ ။ "သတိပဋ္ဌာနံမှာယ ပညာယ သလ္လက္ခေတ္တဗ္ဗ" ဆိုတဲ့အတိုင်းသတိပဋ္ဌာန်တရားတော်မှာသတိ၏ အာရုံဖြစ်သော ကာယ,စိတ္တ,ဝေဒနာ,ဓမ္မတို့၌ စွဲမြဲအောင် မှတ်သိမှု၊ သတိတလုံးကို ယုံကြည်အားကိုးကာ ရှုမှတ် နိုင်ပါလျှင်၊ ကော,ဓမ္မာအရ ဘယ်သတိပဋ္ဌာန်ဘဲ ဖြစ်ဖြစ် မှတ်တာနှင့်ဘဲ သတိအားပြည့်, သမာဓိအားပြည့်, ပညာအားပြည့်လာပြီးလျှင် ရုပ်နာမ်မြင် လက္ခဏာထင်၊ သစ္စာမြင်ပြီးလျှင် လောကီ ကျော်ဖေါက်, လောကုတ္တရာသို့ ရောက်နိုင်သည်ဟူသိပါလေ။သို့ရာတွင် အမှတ်သတိကို မယုံကြည်အားမကိုးကြတဲ့အတွက် လိုသလောက် မရကြဘဲ၊ လုပ်သလောက်သာ ရရှိကြလေသည်မှတ်ကြပါလေ။ အာနာပါနသတိတခုကို ထင်မြင်ပေါက်ရောက်အောင်ပွားများ အားထုတ်လိုက်တယ်ဆိုရင်ဘဲ အားလုံးသောဗောဓိပက္ခိယတရား ၃၇-ပါးတို့ဟာ အထိုက်အလျောက် ပါဝင်ပြီးစီးသွားလေတော့သည်။ မဂ်ဖိုလ်ရခြင်းကိစ္စ ပြီးစီးသွားလေတော့သည် ဟူလို။

(၂၄) အာနာပါနသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ။ ။

(သတ္တင်္ဂုတ္တိုရ်ပါဠိ)

(အဓိပ္ပါယ်မှာ) အာနာပါန သတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်လိုက်လျှင် သတိပဋ္ဌာန် လေးပါးတို့လဲ ပါဝင်ပြီးစီး သွားတော့၏။ သတိပဋ္ဌာန်ကို စီးဖြန်းပွားများလျှင်လဲ ဗောဇ္ဈင်ခုနှစ်ပါးတို့ဟာတခါထဲပြည့်စုံသွားတော့၏ ဗောဇ္ဈင်ခုနှစ်ပါးကို ပွားများ အားထုတ် လိုက်လျှင်လဲ မဂ်လေးပါး ဖိုလ်လေးပါးတို့ဟာ တခါထဲပြည့်စုံသွားတော့၏ဟု ဆိုလိုပေသည်။ (ဝိဇ္ဇာ ဝိမုတ္တိ ပရိပူရေန္တိ) ၌ ဝိဇ္ဇာကား မဂ်ဉာဏ်လေးပါးတည်း။ ဝိမုတ္တိကား ဖိုလ်ဉာဏ်လေးပါးတည်း ပရိပူရေန္တိကား ပြည့်စုံလုံလောက်ခြင်းတည်း။

(အနက်မှာ လွယ်လှ၍မရေးပြတော့ပြီ)

--o--

## နောက်ဆက်တွဲ

လက်ရှိ ဘဝအတွက် အရေးကြီးတဲ့အချက် နောက်ထပ်ဖြည့်စွက်ချက်။

၁။ ဘယ်ဟာအရေးကြီးဆုံးလဲ ဆိုတဲ့အမေး၌ (၂၅) အဖြေကား။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဆိုတဲ့ ဘုရားဟောနှင့်အညီ၊ ရုပ်,နာမ်ခန္ဓာကိုပင် ပုဂ္ဂိုလ် သတ္တဝါ,ငါ,ကိုယ်အတ္တဟုမှတ်ထင်ယူဆနေကြတဲ့သက္ကာယဒိဋ္ဌိ

အယူမှားကြီးကို တားဆီးပယ်စွန့်ခြင်းငှါ ရင်ဝလှံစူး၊ ထိပ်ဦး မီးလောင်နေသောသူသည် ထိုစူးသောလှံ၊ လောင်သောမီး ကို ဆောလျင်စွာ ဆွဲနှုတ် ငြိမ်းသတ်ဘို့ရာ အရေးကြီးသည် ထက်ပင် ဆထက်လွန်ကြူးအထူးသဖြင့် ဝါ-အဆတရာမက သာ၍အရေးကြီးသည်ဟု အဖြေမှန် ပေးရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော်—အဆိုပါ အယူမှားဒိဋ္ဌိရှိနေက ပြုအပ်သော ကံအားလျော်စွာ ဘယ်ဘုံ ဘယ်ဘဝမှာ ဘာ ကောင်ကြီး၊ ဘာမင်းကြီးဘဲ ဖြစ်ဖြစ် ကုသိုလ်ကံ ကုန်က အပါယ်သို့ တဖန်ပြန်ရောက်တတ်သည်မှာ=

(၂၆) "ဥက္ခိတ္တာ ပုညတေဇေန ပ-ပုနာ ဂစ္ဆန္တိ ဒုဂ္ဂတိံ" အရသေချာလှပေသည်။

အဆိုပါ-အယူမှား ဒိဋ္ဌိမရှိက(ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပါပယိနာပါယ ဂမနော)အရ၊ အပါယ်သို့ပြန်မကျနိုင်တော့ သည်မှာလည်း သေချာ လှပေသောကြောင့်ပေတည်း။

ထိုကြောင့်-လက်ရှိဘဝစုတိမကျခင်၊ ဝါ၊ သေနေ့မဦးခင် အဆိုပါဒိဋ္ဌိအယူမှားကို တားဆီးနိုင်တဲ့ဝိပဿနာဉာဏ် အမြင် မှန် အမြန်လက်ကိုင် ရရှိထားနိုင် ကြအောင် ဘုရား စသော သူတော်ကောင်းတို့ကို၊ ဝါ၊ ရဟန်းပညာရှိ လူပညာရှိတို့ကိုမှီဝဲ ဆည်းကပ်၍ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့် စပ်သော အမြတ် တရားတို့ကို မကြာမကြာ ကြားနာကြ၍ သူငါဆိုတဲ့ ပညတ် ပျောက်ရုပ်နာမ်ဆိုတဲ့ ပရမတ်ပေါက်အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုဘဲ့

လက္ခဏာယာဉ်ဆိုက်၊ ဒု, သ, နိ, မ, ဆိုတဲ့ သစ္စာလေးပါး ကိုက်အောင် သိစွမ်းနိုင်တဲ့ အသိမှန် အမြင်မှန် ဝိပဿနာဉာဏ် အကြမ်းစားကို ရှေးဦးစွာ ရရှိအောင်ကြိုးစား၍၊ ဒိဋ္ဌိအကြမ်းစားတို့ကို တဒင် ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်သတ်၍၊ နောက်ကာလ ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် အကြွင်းမထားဘဲ ပယ်သတ်၍၊ မိမိကိုယ်ကို တခါတည်း အပယ်လေးပါးမှ အပြီးအစီး လွတ်လပ်ရေးကြီး အမြဲတမ်း ရရှိသွားအောင် ရှက်ဆောင်ရမည် ဟု သိလေ မှတ်လေ။

## ရှေ့က နောက် နောက်က ရှေ့

ဟုကား,နောက်၊ဒေါက်ကား,အရင်ဆိုတာလိုရှေ့က,နောက်နောက်က,ရှေ့မဖြစ်စေလင့်။ ။ လောကုတ္တရာ ဘက်မှာ မဂ်လေးပါး, ဖိုလ်လေးပါးဟု ရှစ်ပါးရှိရာ၊ အစဦးစွာ သောတာပတ္တိမဂ်မှာ - အယူမှား ဒိဋ္ဌိ၊ ယုံမှား ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးတည်းကိုသာ အလဲထိုး အသေသတ်နိုင်သေးတဲ့ မဂ်ပေတည်း။ ယူမှား ကင်းရုံ၊ ယုံမှား ကင်းရုံသာ ရှိသေးသည် ဟူလို။ ။

အဆိုပါ သောတာပန် ပုဂ္ဂိုလ်မှာ မဂ်၏ ရှေ့ အဘို့က အယူမှား ဒိဋ္ဌိကို တဒင် ဝိက္ခမ္ဘနအားဖြင့် ပယ်သတ်ခဲ့ပြီး ဒိဋ္ဌိ ကိလေသာ အပါယ်ခန္ဓာတို့၏ တဖန်အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းနေတဲ့ နိဗ္ဗာန်ကို အာရုံ ပြုသော အားဖြင့် မျက်မှောက်မြင်သိတဲ့ သောတာပတ္တိ မဂ်စိတ်ဖြစ်ဆဲ ခဏမှာ အဆိုပါ ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်း မထားဘဲ ပယ်သတ်ခဲ့ပြီးဖြစ်၍၊ ရုပ်နာမ်ကို ပုဂ္ဂိုလ်သတ္တဝါငါ့ကိုယ်အတ္တဟု အယူမှားမှု ဒိဋ္ဌိကိုလည်း ကင်းသွားပြီ။

ရုပ်နာမ်ကို ရုပ်နာမ်ဟု အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဒုက္ခသစ္စာ သမုဒယသစ္စာဟု အမှန်ယူပြီးဖြစ်၍၊ ဝါ၊ အယူမှန်ရပြီးဖြစ်၍ ဒုက္ခသစ္စာ, ရုပ်နာမ် ခန္ဓာကိုပင် ငါကိုယ်အတ္တ လေလောဟူ၍ လည်း၊ မယုံမှား၊ နိစ္စ၊သုခ၊အတ္တလောဟူ၍မယုံမှားပြီ၊ အဆိုပါ ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာတို့သည် အဝိဇ္ဇာ-တဏှာ-ကံ စသော အကြောင်းတို့ကြောင့် ကာလသုံးပါးတို့၌ အကြောင်း အကျိုး အားဖြင့်ဖြစ်ပျက်နေကြသည်တို့ကိုလည်း ဝိပဿနာဉာဏ်အမြင် မှန်ဖြင့် သိမြင်ပြီးဖြစ်၍ ထာဝရဘုရား, သိကြား, ဗြဟ္မာ, နတ် ဒေဝါတို့ကြောင့် ဖြစ်လေသလောဟူ၍ မယုံမှားပြီ။

ထိုကြောင့်—ယုံမှားလည်း ကင်းလေပြီ။

ဤလိုဤပုံ ယူမှားမှုဒိဋ္ဌိ၊ ယုံမှားမှု ဝိစိကိစ္ဆာ ကင်းပြီးရှင်းပြီး ချုပ်ငြိမ်း ပြီးသော လူ,နတ်ဗြဟ္မာ သတ္တဝါတို့ကို ဘယ်သူဘဲ ကင်းကင်း အပါယ်လွတ် တရား အပါယ်တံခါး ပိတ်တဲ့ တရား လက်ကိုင်ရရှိထားတဲ့ အရိယာသောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ဆို ရလေသည်။

( သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေ န ပဟိနာ ပါယ ဂမနော ) ကို မြွှော်လေ။

ထို့ကြောင့်ပင် ဘုရားရှင် ကြီးသည် အမိ မွေးကျေးဇူးကို အထူးဆပ်ခြင်းငှါ တာဝတိံသာ နတ်ပြည်သို့တက်၍မယ်တော် ဖြစ်ခဲ့ဘူးတဲ့ သန္တုဿိ နတ်သားကို အမှူးထားပြီး စကြဝဠာ တသောင်းမှလာရောက်ကြတဲ့ နတ်,ဗြဟ္မာတို့အားတဝါတွင်းလုံး ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာနှင့်စပ်တဲ့အဘိဓမ္မာ တရားတော်မြတ်

ကြီးကို ဟောကြားတော်မူတဲ့ အခါ နတ်,ဗြဟ္မာတို့ နှင့် တကွ မယ်တော်မိနတ်သားမှာ ဒိဋ္ဌိဝိစိကိစ္ဆာကင်းလွတ်၍ သောတာပန် အရိယာပုဂ္ဂိုလ်ဖြစ်သွားလေသည်။

ထို့ကြောင့်ပင်(တဝါတွင်းလုံး၊ယူကြုံးရုပ်နာမ်၊ ငါဟောသံကို၊နာခံမှန်စွာ၊ စိပ်စိပ်နာသော်၊သခါဒိဋ္ဌိ၊ မစွမ်းငြိတည့်၊ အာဒိဖလ၊ဖိုလ်အစကို၊ ရတုံလေလျှင်း၊ တုပ်နှောင်ကင်းသည်၊ မိရင်းဘဝ၊ ငြာဆန်တည်း)ဟူ၍ဇာတ်ပေါင်းစုံ လက်ာ၌ ရှင်သီလဝံသ ဆရာ စပ်ဆိုတော်မူခဲ့ပေသည်။

၁။ ထို့ကြောင့် မဂ် လေးပါး, ဖိုလ် လေးပါး ဆိုတဲ့ လောကုတ္တရာ တရားထဲက အစဦးစွာ ဖြစ်တဲ့ သောတာပတ္တိမဂ်တရား၊ အယူမှားကြီးကို တားဆီးနိုင်တဲ့ ဒိဋ္ဌိ ပဋိသေဓက တရား လက်ကိုင် ရရှိထားအောင် ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာနှင့်စပ်တဲ့အမြတ်တရားကို ကြားနာခြင်း၊ ရုပ်နာမ် ခန္ဓာ နှင့် စပ်တဲ့ အမြတ်တရားတွေကို ကျဉ်းကျဉ်းနှင့် ရှင်းရှင်း ရေးသားဖေါ်ပြထားတဲ့ စာအုပ်စာတမ်းတို့ကို အမြဲတမ်း လက်ကိုင်ထား၍ ကြည့်ရှု မှတ်သားခြင်း၊ ခန္ဓာကိုယ် အတွင်းသား၌ တဖွားဖွားဖြစ်ပျက်နေကြတဲ့ အတွင်း တရားတို့ကို အတွင်းသို့ ဝင်၍ သိနိုင်တဲ့ အတွင်း ဝိပဿနာဉာဏ်ကို လက်ကိုင်ရရှိထားအောင် ရှေးဦး စွာ ကြိုးစားရမည်။

၂။ ထိုနောက် ဆက်လက်၍ ဝိပဿနာမဂ်ကို ပွားများ အားထုတ်မှုကြောင့်၊ လောဘကြမ်း, ဒေါသကြမ်း

ခေါင်းပါး နဲပါးသွားတဲ့ သကဒါဂါမိ မဂ်ကို ရရှိအောင် ကြိုးစားရမည်။

၃။ ထိုနောက် ဝါဆင့်တက်၍ ဝိပဿနာ မဂ်ကို နာနာပွားများ အားထုတ်မှုကြောင့် လောဘနု, ဒေါသနုကုန်သွားတဲ့ အနာဂါမိမဂ်ကို ရရှိအောင် ကြိုးစားရမည်။

၄။ ပြီးမှ စခန်းကုန် အစွမ်းကုန် လမ်းကုန် မီးကုန် ယမ်းကုန် ဝိပဿနာမဂ်ကို ပွားများ အားထုတ်မှုကြောင့် ကိလေသာဟူက မြူမျှ မကျန် ရအောင် အကုန်လုံး ပယ်သတ်တဲ့ အရဟတ္တမဂ်ကို ရရှိအောင် ကြိုးစားရမည်။

ဤလိုဤပုံ ရှေ့နောက် မမှားစေဘဲ အားထုတ် လုပ်ကိုင်သွားရမဲ့ လုပ်ငန်းစဉ်ကို ကြိုတင်သိရှိထားရမည် ဟူလို။

**ထ,လေးလုံးတရားတော်။**

(၂၇) အာရဗ္ဘထ နိက္ခမထ၊
ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊
နဠာဂါရံဝ ကုဉ္ဇရော။ ။

ဘွန္တော၊ အို့ လူနတ် ပြဟ္မာ သတ္တဝါအပေါင်းတို့။ တုမှေ၊ သင့်လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့သည်။ ဣဒါနိ၊ ဤ ယခု လူ့နတ် ဖြစ်လာကြတဲ့ ဘဝကြီး၌။ ဒုလ္လဒ္ဓံ၊ ကမ္ဘာထောင်ရာ ရှည်မြင့်ကြာသော်လည်း တဘာဝတခါ ရခဲလှစွာသော။ ဒေဝ မနုဿတ္တံ၊ လူနတ်တို့၏အဖြစ်ကို။ လဒ္ဓါန- ကံကောင်းထောက်မ

ယခုဘဝရကြပါကုန်သည်ဖြစ်၍ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာ၌။ နိဗ္ဗာနပါပကံ၊နိဗ္ဗာန်ထုတ်ချောက်အမှန်ရောက်စေ တတ်သော။ ဒါနသီလာဒိ ကုသလကမ္မံ၊ ဒါနသီလ စသည် ပေါင်းစု ကုသိုလ်ကောင်းမှုကို။ အာရဗ္ဘထ၊ နေ့ ည မခြား ကြိုးစားမယုတ် အားပါးထုတ်ကုန်လော့။ နိက္ခမထ၊ကိလေသာ အာရုံ ကာမဂုဏ်မှ အမြန်ထွက်မြောက်ကြကုန်လော့။ ယုဉ္ဇထ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်လှ၊ မဇ္ဈိမ-ပဋိပဒါ သမထ ဝိပဿနာဆိုတဲ့ အကျင့်မြတ်ကြီးကို နေ့ ညဘဲ ကြိုးစားမယုတ် ပွားများ အားထုတ်ကြကုန်လော့။ ကုဉ္ဇရော၊ အားအင်ပြည့်ပြီး သင်ပြောင်ကြီးသည်။ နဠာဂါရံ၊ကြူထရံယှင်းယို အိမ်ဆွေးအို ကို။ ဓုနာတိဣဝ၊ မှုံ့မှုံ့ ညက်ညက် နင်းချေ ဖျက်သကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ မစ္စုနော၊ သေမင်း၏။ သေနံ၊ လောဘ ဒေါသစသည်များစွာ တထောင့်ငါးရာသော စစ်သည် ဗိုလ်ပါတို့ကို။ ဓုနာထ၊ သမထဝိပဿနာဉာဏ် အဆက်ဆက်ဖြင့် ညက်ညက်ကြေအောင် တိုက်ဖျက်ကြကုန်လော့....။

၂၀။ ယော ဣမသ္မိံ ဓမ္မဝိနယေ၊
အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယဇာတိသံသာရံ၊
ဒုက္ခဿန္တံ ကရိဿတိ။ ။

(အရုဏဝတီသုတ်-ပါဠိတော်)

ယော၊ အကြင်သူသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ဘုရားကိုယ်စား ဟောကြားမိန့်မှာ ဤဓမ္မဝိနယသာသနာ၌။ အပမတ္တော၊သတိ မပေါ့ မမေ့ မလျော့ ကြသည် ဖြစ်၍။ ဝိဟေဿတိ၊ သမထ

ဝိပဿနာအလုပ်တို့ကို နေ့ညမစဲ အမြဲအားထုတ်၍ နေကြသည် ဖြစ်ငြားအံ့။ သော၊ ထိုသူသည်။ ဇာတိသံသာရံ၊ ဖြစ် ပျက် မွေးသေ ဖြစ်ပျက်မွေးသေဆိုတဲ့ ဇာတိသံသရာကြီးကို။ ပဟာယ၊ အမြန်မုချ ပယ်စွန့်ကြ၍။ ဒုက္ခဿန္တံ၊ ဒုက္ခ၏ ချုပ်ဆုံးရာဌာန အမတမှန် ပြည်နိဗ္ဗာန်သို့။ ကရိဿတိ၊ မုချမသွေ မျက်မှောက် ပြုနိုင်ကြပါစေလတ္တံ့သတည်း။

အဆိုပါ (အာရဗ္ဘထ၊ နိက္ခမထ၊ ယုဉ္ဇထ၊ ဓုနာထ) ဆိုတဲ့ ထ လေးလုံးပါသော ဂါထာတရား ဒေသနာတော်ကြီးကို သိခိ မြတ်စွာဘုရားရဲ့ လကျ်ာတော်ရံ အဘိဘူမထေရ်အရှင်မြတ်ကြီး သည် တန်ခိုးတော်ဖြင့် အထက်ဗြဟ္မာပြည်သို့ ကြွတော်မူပြီးလျှင် ထိုဗြဟ္မာပြည်မှနေ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့အား အိပ်စား မေ့လျော့ သတိပေါ့၍ မနေကြဘဲ ဒါန သီလ စသည် ပေါင်းစု ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီးလျှင်ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာ စဝ်ဆင်းရဲကြီးထဲက ဆောလျင်စွာ ကျွတ်လွတ် ထွက် မြောက်နိုင် သွားကြအောင် တရားကြွေးကြော်တဲ့ ဂါထာတော် ကြီးဖြစ်ပေတယ်။ ယခုကာလကို (လောဝပီးကား) ခေါ်တဲ့ အသံချဲ့စက် မတပ်ဘဲလျက် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် အားလုံးသဲသဲကွဲကွဲ ထင်ထင်ရှားရှား အကုန်လုံးကြားရသတဲ့။

## နလေးလုံး နသာဓု တရားလေးပါး။

(၂၉) အလသော ဂိဟိ နသာဓု၊ အသညတော ပဗ္ဗဇိတော နသာဓု၊ အနိသမ္မကာရီ ရာဇာပိ နသာဓု၊ ပဏ္ဍိတောပိ ကောဓနော နသာဓု။

ဂိဟိ၊လူဖြစ်ပါလျက်။ အလသော၊ ပျင်းမှုကား။ နသာဓု၊ မကောင်း။ အသညတော၊ကိုယ်နှုတ်နှလုံးကို မစောင့်စည်းသော။ ပဗ္ဗဇိတောပိ ရဟန်းသည်လည်း။ နသာဓု၊မကောင်း။ အနိသမ္မကာရီ၊ စူးစမ်းဆင်ခြင်၍ ပြုလေ့မရှိသော နိသမ္မကာရီ တရားကင်းသော။ ရာဇာပိ၊ မင်းသည်လည်း။ နသာဓု၊ မကောင်း။ ပဏ္ဍိတောပိ၊ ပညာရှိကြီးတဦးဖြစ်ပါလျက်။ ကောဓနော၊တဟူးဟူး အမျက်ထွက်တတ်မှုကား။ နသာဓု၊ မကောင်း။ အဲဒါက မကောင်းတဲ့ လူ ၄ ယောက်ပေါ့။

၁။ လူဖြစ်ပြီး မလုပ်ချင် မကိုင်ချင် အပျင်းကြီးနေရင်လဲ မကောင်းဘူးတဲ့။
၂။ ရဟန်းဖြစ်ပြီး ကိုယ်နှုတ်နှလုံးကို မစောင့်စည်းရင်လဲ မကောင်းဘူးတဲ့။
၃။ မင်းဖြစ်ပြီး စူးစမ်းဆင်ချင်၍ ပြုတဲ့ နိသမ္မကာရီတရား ကင်းလျှင်လဲ မကောင်းဘူးတဲ့။
၄။ ပညာရှိကြီးတဦးဖြစ်ပါလျက် တဟူးဟူး အမျက်ထွက်လျှင်လဲ မကောင်းဘူးတဲ့။

နသာဓုတရား၄ပါးလို့ ခေါ်တယ်။

အဲသည် လူ ၄·ယောက်ထဲကို မိမိ ပါ, မပါ စဉ်းစား၍ ကြည့်ပါ၊ ပါနေလျှင် အမြန်နှုတ်ထွက်ပါ။

သ:ဓု ၇·လုံး၊ သာဓုတရား ၇·ပါး။

(၃၀) စက္ခုနာ သံဝရော သာဓု, သာဓု သောတေန သံဝရော၊ ဃာနေန သံဝရော သာဓု, သာဓု

ဇိဝှါယ သံဝရော။ ကာယေန သံဝရော သာဓု
သာဓု ဝါစာယ သံဝရော၊ မနသာ သံဝရော
သာဓု-သာဓု သဗ္ဗတ္ထ သံဝရော၊ သဗ္ဗတ္ထ သံဝုတော
ဘိက္ခု သဗ္ဗဒုက္ခာပမုစ္စတိ။ ။

စက္ခုနာ၊ မျက်စိဖြင့်။ သံဝရော၊ ကောင်းကောင်း ဆိုးဆိုး ရူပါရုံအမျိုးမျိုးတို့ကို မြင်ရတဲ့ခါ တပ်မက်မှုလောဘ, ပြစ်မှားမှု ဒေါသ,တွေဝေမှု မောဟ, အကုသိုလ်တရား မဖြစ်ပွားရအောင် မြင်-မြင်တယ်စသည်ဖြင့် ဝိပဿနာ ရှုမှတ်မှုဖြင့် စောင့်စည်းခြင်း သည်။ သာဓု၊ မဂ်ဉာဏ်ဖိုလ်ပေါက် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၍ ကောင်းလှတော့သည်သာတည်း။

ထို့အတူ နားနှင့် အသံ၊ နှာခေါင်း နှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့်အတွေ့၊ နှုတ်နှင့်စကား၊ မနောနှင့် သဘော ဓမ္မာရုံ ပေါင်းဆုံမိကြတဲ့ ခါမှာ လော, ဒေါ, မော စသောတပ်မက်မှု, ပြစ်မှားမှု, တွေဝေမှုများ ဆက်လက်မဖြစ်ပွား ရအောင် ဝိပဿနာရှုမှတ်မှုဖြင့် စောင့်စည်းခြင်းသည်မဂ်ဉာဏ်ဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၍ကောင်းလှတော့သည်သာတည်း။

မြင်, မြင်တယ်စသည်ဖြင့် ဝိပဿနာရှုမှတ်မှုဖြင့် စောင့်စည်း ထားပါလျှင်၊ မြင်အပ်သော အဆင်းရူပါရုံ ရုပ်တရားနှင့် မြင်တတ်သော စက္ခုဝိညာဏ် နာမ်တရား၊ ဤရုပ်နာမ် နှစ်ပါးတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ မဂ်စိတ် ဖိုလ်စိတ် ဖြစ်သွားပါလျှင် မဂ်ဖိုလ် ထုတ်ချောက် နိဗ္ဗာန်သို့ပင် ရောက်နိုင် ရနိုင်၍ ကောင်းလှသတဲ့။

အဲဒါက သာဓုတရား ၇ ပါးခေါ်တယ်။

## ကြက်မ=ပမာ

လက်ရှိဘဝ မဂ်၊ဖိုလ်၊ နိဗ္ဗာန်ကို အလိုရှိကြသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် **သေယျထာဝိနာမ**- ကုက္ကုဋီယာ၊ အဋ္ဌဝါ ဒသဝါ၊ ဒွါဒသဝါ၊ အဏ္ဍာနိ၊ဇာသယျုံ စသည်ဖြင့် ဟော တော်မူအပ်သည်နှင့်အညီ၊ ကြက်မသည် ရှစ်လုံး, ဆယ်လုံး,ဆဲ့ နှစ်လုံးစသည်ဖြင့် ဥဘို ကို ဥပြီးလျှင် အဆိုပါ ဥတို့၏ အထက်၌ နေ့မပျက် ညမပျက် ကောင်းစွာဝပ်၍ ပေးခြင်း၊ ကြက်တို့၏ အနံ့ကိုထုံစေခြင်း၊ ကြက်တို့၏ အငွေ့ကို ယူစေခြင်း၊ အဆိုပါ ဤသုံးချက်တို့ကို မပျက်မကွက် ဆောင်ရွက်၍ ပေးသည်ရှိသော် အဆိုပါ ကြက်ဥတို့သည် တစတစ ဥခွံပါး၍ပါး၍ လာခြင်း၊ အဆီအစေးတစတစ ခမ်းခြောက်၍သွားခြင်း၊ ကြက်သူငယ်တို့၏ အကောင်အထည် ထင်ရှား ခြေသီးဖျား,နှုတ်သီးဖျား,အတောင် များတို့သည် တစတစ ရင့်သန်ထက်မာလာ၍ မကြာမီ ဥခွံကို ဖေါက်ခွဲ၍ ပေါက်ပွားလာသော ကြက်သူငယ်ကို အမိ,ကြက်မ သည် တတ်တတ်ထင်ထင် သိမြင်သကဲ့သို့။

ထို့အတူ ယောဂီဖြူ သူမြတ်တို့သည်လည်း သူငါ ခေါ်ဆို ကြတဲ့ ခန္ဓာကိုယ် အတွင်းသားထဲမှာ တဖွားဖွား ဖြစ်ပျက် နေကြတဲ့ဖြစ်တရားပျက်တရား၊ ဖြစ်သမားပျက်သမား၊ ဖြစ်ပျက် မနား ရုပ်နာမ် ခန္ဓာ တရားတို့ကို တည့်တည့် တွေ့မြင် ရတဲ့ခါ အဆိုပါ ဖြစ်ပျက် ရုပ်နာမ်တို့ကိုပင် မမြဲမမြဲဟု အဖန်တလဲလဲ ရှုနေတဲ့ (အနိစ္စာနုပဿနာ) ဆင်းရဲဆင်းရဲဟု အဖန် တလဲလဲ ရှုနေတဲ (ဒုက္ခာနုပဿနာ) အစိုးမရ အစိုးမရဟု အဖန် တလဲလဲ ရှုနေတဲ့(အနတ္တာနုပဿနာ) အဆိုပါ နုပဿနာ ၃ -မျိုးတို့ဖြင့်

မပြတ်မစဲ ထပ်တလဲလဲ ရှုမှတ်မှုကို မပျက်မကွက် ဆောင်ရွက်၍ ပေးသည်ရှိသော် ရုပ်နာမ်လက္ခဏာ သစ္စာမှန်းမသိတဲ့ အဝိဇ္ဇာ ဉာဉ်သည် တစတစ ပါးစ ပါးစ ပါး၍ပါး၍သွား၏။

လူ့ဘုံ နတ်ဘုံတို့၌ ကောင်းနိုးနိုး မှတ်ထင် ယူဆနေတဲ့ တပ်မက်မှု ဟူသော တဏှာ အစေးကလည်း တစတစ ခမ်းစ ခြောက်စ ခမ်းခြောက်၍ သွား၏၊ အဆိုပါ ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက်တို့ကို မမြဲမှန်းသိတဲ့ အနိစ္စဉာဏ်၊ သင်းရဲမှန်းသိတဲ့ ဒုက္ခဉာဏ်၊ အစိုးမရမှန်းသိတဲ့ အနတ္တဉာဏ်၊ ဤဝိပဿနာဉာဏ် သုံးပါးတို့ ကလည်း တစတစ ရင့်သန် ထက်မာ၍ လာသော ကြောင့် ဝိပဿနာဉာဏ်အဆက်ဆက်ဖြင့်လောကီကျော်ပေါက် လောကုတ္တရာသို့ ရောက်ပြီးလျှင် အဝိဇ္ဇာ တည်းဟူသော ဉာဉ်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဖေါက်ခွဲ၍ သောတာပတ္တိ မဂ်ပုဂ္ဂိုလ် သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်ဟု တကြိမ်တကြိမ်ပေါက်ဖွားမွေးဖွား လာလျှင် တစ်တစ် အမွှာပူး အမွှာပူး မွေးဖွား လာသည် တို့ကို ယောဂီသူမြတ်သည် တတ်တတ်ထင်ထင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တွေ့မြင် တွေ့မြင်နေရလေတော့သည် ဟူလို။

## ဥပမာ—ဥပမေယျ နှစ်ရပ်ကို စပ်၍ပြခြင်း။

ဤကြက်မ,ဥပမာ၌၊ အမိ,ကြက်မ နှင့် ယောဂီတူ၏၊ အမိ ကြက်မသည် ဥ,တို့ အထက်၌ သုံးပါးသော ကိစ္စကို မပျက် မကွက် ဆောင်ရွက်ပေးသည် နှင့် ယောဂီသည် ရုပ် နာမ် တို့၏ အပေါ်၌ သုံးပါးသော အနုပဿနာကို မပျက်မကွက် ဆောင်

ရွက်သည်နှင့်တူ၏။ ဥခွံတို့၏ပါးခြင်း၊ အဆီအစေး ခန်းခြင်း၊ ခြေသည်းဖျား,နှုတ်သီးဖျား,အတောင်ဖျား ရင့်သန်လာသည်နှင့် အနုပဿနာ ဉာဏ်သုံးပါး ရင့်သန်လာသည်နှင့် တူ၏။ ဥခွံကို ဖေါက်ခွဲ၍ ချမ်းသာစွာ ကြက်သူငယ် ပေါက်ဖွားလာသည် နှင့် အဝိဇ္ဇာခွံကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဖေါက်ခွဲ၍ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ် တစုံ ဖြစ်ပေါ်လာသည်နှင့် တူ၏ဟု သိလေ။

မဂ်ဖိုလ် နိဗ္ဗာန်ရလို ရောက်လိုလျှင် ဤကြက်မ ဥပမာ နှင့် တူစွာကျင့်ပါ၊ "ဝိပဿနာမပါ-မဂ်မလာ၊ ဝိပဿနာပါမှ မဂ်လာသည်" ဆိုသည်ကို သတိပြုပါ။ ဝိပဿနာ ရှုတယ်ဆိုဘာ မဂ်ဖိုလ်နိဗ္ဗာန်ရှာတာဘဲ၊ ရှာဖန်များတော့ တွေ့၊ တွေ့တော့ ရ၊ ရတော့ စံရတာဘဲ။

## (လေးသမား ဥပမာ)

(၃၁) ယထာ ဖလသာသကောနာမ၊ သာယံပါတော ဥပါသတိ၊ ဥပါသန္တံ နရိဥ္စန္တော လဘတေ ဘတ္တဝေတ္တနံ။

(၃၂) တထေဝ ဗုဒ္ဓပုတ္တောပိ၊ ကရောတိ ကာယုပါသနံ၊ ကာယုပါသနံ နရိဥ္စန္တော၊ အရဟတ္တ မဓိဂစ္ဆတိ။ ။ (မိလိန္ဒပဉှာပါဠိ)

ဖလသာသကောနာမ၊ လေးသမားမည်သည်ကား။ သာယံ၊ ညနေတိုင်း။ ပါတော၊ နံနက်ဘိုင်း။ ဥပါသတိ၊ လေးပစ်လေ့ ကျင့်ခြင်းကို။ နရိဥ္စန္တော၊ မပြတ်မလပ် လေ့ကျင့်သည်ရှိသော်။

ဘတ္တဝတ္တနံ၊ ထမင်း, လခ, ရိက္ခာ, ရာထူး,ဌာနန္တရကို။ လဘတေ
ယထာ၊ မင်းထံမှရရှိလေသကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။
ဗုဒ္ဓပုတ္တောပိ၊ ဘုရားသခင်၏ သားတော်သည်လည်း။ ကာယုပါ
သနံ၊ မိမိကိုယ်ခန္ဓာ အတွင်းသားထဲမှာ တဖွားဖွား ဖြစ်ပျက်
နေကြတဲ့ ဖြစ်တရား, ပျက်တရား, ဖြစ်ပျက်မနား ရုပ်နာမ်တရား
တို့ကို အနိစ္စ,ဒုက္ခ,အနတ္တ၊ အနိစ္စ,ဒုက္ခ,အနတ္တဟု လက္ခဏာယာဉ်
သုံးပါးသို့ တင်၍ ဆင်ခြင် သုံးသပ်ခြင်းကို။ ကရောတိ၊ ပြု၏။
ကာယုပါသနံ၊မိမိကိုယ်ခန္ဓာ၌ရှိသော ရုပ်နာမ်ဖြစ်ပျက် အဆက်
ဆက်တို့ကိုအနိစ္စ,ဒုက္ခ,အနတ္တ ဟုဆင်ခြင်သုံးသပ်မှုကို။ နိရန္တရံ၊
မပြတ်မလတ် ဆင်ခြင် သုံးသပ် လတ်သည် ရှိသော်။ အရဟတ္တံ၊
မဂ်ဖိုလ် အဆင့်ဆင့်တက်၍ အရဟတ္တမဂ် အထိ။ အဓိဂစ္ဆတိ၊
ဘုရားထံမှ ရရှိလေတော့၏။

ဤ၌လည်းလေးပစ်သော လေးသမားကို အတုခိုး နည်းယူ၍
အရဟတ္တ မဂ်ဖိုလ်တိုင် အရယူရမည် ဟူလို။ ။

## (သစ်ကျား-ဥပမာ)

(၃၃) ယထာပိ ဒိပိကောနာမ၊ နိလီယိတွာ ဂဏှတေ
မိဂေ၊ တထေဝါယံ ဗုဒ္ဓ ပုတ္တောပိ ယုတ္တယောဂေါ
ဝိပဿကော၊ အရညံ့ ပဝိသိတွာန၊ ဂဏှာတိ–
ဖလမုတ္တမံ။ ။

(ထေရ ဂါထာ)

ဒိပိကောနာမ၊ ကျားသစ်, သတ္တဝါ မည်သည်ကား။ နိလိ
ယိတွာ၊ တောတောင် ချုံပိတ်ပေါင်း၌ပုန်းအောင်းတည်နေ၍။

မိဂေ၊သားသမင်တို့ကို။ ဂဏှတေယထာ၊ ရတ်တရက် ထွက်ကာ ဖမ်းယူပါသကဲ့သို့။ တထေဝ၊ ထိုကျားသစ် အတူသာလျှင်။ ယုတ္တယောဂေါ၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်း နှင့် ယှဉ်သော။ ဝိပဿကော၊ဝိပဿနာရှု၍နေသော။ ဗုဒ္ဓပုတ္တောပိ၊ ဘုရားတပည့်သားသည်လည်း။ အရညေ၊ လူသူမနီး တောမြိုင်ကြီး ဆိတ်ငြိမ်ရာ အရပ်သို့။ ပဝိသိတွာ၊ဝင်၍။ ဥတ္တမံမြတ်သော။ ဖလံ၊အရဟတ္တဖိုလ်ကို။ ဂဏှာတိ၊ အရယူလေသတည်း။

ဤဋ္ဌလည်း၊ ယနေ့ကာလဥ္ဇသစ် ခေါ်ကြသော ကျား သတ္တဝါ အတုခိုးနည်းယူ၍ မဂ်ဖိုလ်ကိုရအောင် ယူရမည် ဟူလို။ ။

## (၃၄) မဂ္ဂင်ရှစ်ပါး ယာဉ်ရထား။

၁။ ဥဇုကောနာမ သောမဂ္ဂေါ၊ အဘယာနာမ သာဒိသာ၊
ရထော အကူဇနောနာမ ဓမ္မစက္ကေဟိ သံယုတော။

၂။ ဟိရိကာဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။

၃။ ယဿ ဧတာဒိသံယာနံ၊ ဣတ္ထိယာ ပုရိသဿဝါ၊
သဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။
(ရထူပမသုတ် သမဏ နတ်သားကို ဟောသည်)

၁။ ဒေဝပုတ္တ၊ အို့ သမဏ နတ်သား။ သောမဂ္ဂေါ၊ ထို မဂ္ဂင် ရှစ် ခဏ်း နိဗ္ဗာန်သွား ခရီးလမ်း ကြီးသည်။ ဥဇုကောနာမ၊ မကောင်းမသန်း အဖြောင့် တန်းဆုံး

ဖြစ်သောလမ်းမည်၏။ **သာ**ဒိသာ၊ ဘေးရန်ရှင်းပြတ်
နိဗ္ဗာန်တည်း ဟူသော ထို**အ**ရပ်သည်။ အဘယာနာမ
ဝကျောကျွတ်ရှင်း ဘေးရန်ကင်းသော အရပ်မည်၏။
ဓမ္မစက္ကေဟိ၊ ကာယိက, ဝိရိယ, စေတသိက, ဝိရိယ
တည်းဟူသော ဓမ္မ, **စက်ဘီး** တို့ဖြင့်။ သံယုတော၊
ကောင်းစွာ တပ်ရှင်အပ်**သော**။ ရထော၊ မဂ္ဂင်ရှစ်ပါး
ယာဉ်ရထားသည်။ အကူ**ဇ**နောနာမ၊ ရေ,ဆီ,လှည်းစာ
မထိုးပါလည်း ကြိုးကြိုး ကျုဉ်းကျုဉ်း မမည်သော
ရထားမည်၏။

၂။ ဟိရိ၊ ရှက်ကြောက်နှစ်ပါး ဟိရိဩတ္တပ္ပ တရားသည်။
တဿ၊ မဂ္ဂင် ရှစ်ပါး ယာဉ် ရထား၏။ အပါလမ္ဗော၊
အတည်မလွှဲ အမှီတကဲ **မည်**၏။ သတိ၊ မလွှဲမစောင်း
အာရုံကောင်းကို တိမ်းစော**င်း**မှုသွေ့အောင့်မေ့နိုင်ခြင်း
ဟူသော **သ**တိတရားသည်။ အဿ၊ ထိုမဂ္ဂင်ရှစ်ပါး
ယာဉ်ရထား၏။ ပရိဝါရ**ဏံ**၊ မလဲမယိုင် အမြဲခိုင်သည်၊
လှည်းရံတိုင် မည်၏။ **သမ္မ**ာဒိဋ္ဌိ ပုရေဇဝံ၊ လောကီ
ဝိပဿနာ သမ္မာဒိဋ္ဌိလျှင် **ရှေ့**သွား ရှိသော၊ ဓမ္မံ၊
မဂ်ဉာဏ် ဖိုလ်ဉာဏ်ခေါ်**တဲ့** လောကုတ္တရာ သမ္မာဒိဋ္ဌိ
ကို။ **သာ**ရထိ၊ မလွှဲမယိ**မ်း** ရထားထိန်းကြီး အစစ်
အမှန်ဟူ၍။ အဟံ၊ **သင်တို့ဆ**ရာငါဘုရားသည်။ ဗြူမိ၊
ဟောတော်မူ၏။

၃။ ယဿဣတ္ထိယာဝါ၊ အကြင် မိန်းမအား**ရင်း**။ ယဿ
ပုရိသဿဝါ၊ အကြင်ယောကျ်ားအားရင်း၊ ဧတာဒိသံ၊

ဤသို့ သဘောရှိသော။ ယာန်၊ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည်။ အတ္ထိ၊ လက်ဝယ်မိမိ လက်ကိုင်ရှိ၏။ သဘောဣတ္ထိပုရိသော။ ထိုမိန်းမ ယောကျ်ားသူမြတ်များသည်။ တေနယာနေန၊ ဤမဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့်။ နိဗ္ဗာနသောဝ၊ မသေရာမှန် မြတ်နိဗ္ဗာန်သို့ သာလျှင်။ ဧဝ၊ ကေန်စင်စစ် အမှန်။ သန္တိကေ၊ မုချ မသွေ ရောက်ကြလေတော့သတည်း။

ဤဒေသနာတော်အရ မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့ပို့ဆောင်တတ်သော ယာဉ်ရထားကြီး အစစ်အမှန်ပါတကားဟု သိရှိကြ၍ မန္တလေးသို့ သွားရောက်လိုသော သူတို့သည် ဘူတာရုံသို့ သွား၍ မန္တလေးလက်မှတ်များကိုယူကြပြီးလျှင် မန္တလေးသို့ခုတ်မောင်းတဲ့ ရထားကို စီးနင်းလိုက်ပါကြလျှင် ထိုင်ရင်းနှင့်ပင်မန္တလေးသို့ ရောက်နိုင်ကြသကဲ့သို့။

ထို့အတူပမာ၊ နိဗ္ဗာန်သို့ သွားရောက်လိုသော သူတို့သည် နိဗ္ဗာန်ဘူတာ ဆိုထိုက်တဲ့ ရိပ်သာ ကမ္မဋ္ဌာန်းတိုက်သို့ သွား၍ သမ္မသန့ ဥဒယဗ္ဗယစသော ဝိပဿနာဉာဏ် နိဗ္ဗာန် လက်မှတ်များကို အရယူပြီးလျှင် နေ့မှန်မှန် ညဥ့်မှန်မှန် ဝိပဿနာအလုပ်ကို အားထုတ်သောအားဖြင့် မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကြီးကို စီးနင်း လိုက်ပါကြ ပါလျှင် ယခုဘဝတွင် သော်၎င်း၊ ဒုတိယစသော ဘဝတို့တွင် သော်၎င်း၊ ဖြစ်ပျက် မွေးသေ အစဉ်ပြတ်တဲ့ အသခင်တခေတ် နိဗ္ဗာန်သို့ အမှန်ရောက်ကြမည်ဟု သိရှိကြပါလေ။

## ဝိပဿနာ သမ္မာဒိဋ္ဌိ။

မဂ္ဂင်ရှစ်ပါးတွင် အကျုံးဝင်သော သမ္မာဒိဋ္ဌိသည် -

၁။ ရတနာသုံးတန်ကံ, ကံ၏ အကျိုးကို ယုံကြည်သော (ကမ္မဿကတာသမ္မာဒိဋ္ဌိ)

၂။ ရုပ်နာမ် ဖြစ်ပျက်ဘို့ကို တစ်တစ် ခွခွ သိမြင်တဲ့ (ဝိပဿနာသမ္မာဒိဋ္ဌိ)

၃။ နိဗ္ဗာန်ကို မျက်မှောက် မြင်သိတဲ့ ဉာဏ် လေးပါး (မဂ္ဂသမ္မာဒိဋ္ဌိ)

၄။ နိဗ္ဗာန်ကို သန့်သန့်ကြီး အာရုံ ပြုနိုင်တဲ့ ဖိုလ်ဉာဏ် လေးပါး (ဖလသမ္မာဒိဋ္ဌိ)

၅။ မဂ်ဖိုလ်နိဗ္ဗာန် ပယ်ကျန် ကိလေသာကို ဆင်ခြင်တဲ့ (ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ)

ဤလို ငါးမျိုးရှိရာ ဗုဒ္ဓဘာသာ လူမျိုးတို့မှာ ကမ္မဿကတာသမ္မာဒိဋ္ဌိကိုရရှိပြီးဖြစ်သည်။ (မဂ္ဂဖလပစ္စဝေက္ခဏာ)ဤသုံးပါးတို့မှာလည်း မဂ်စိတ်ဖြစ်သည်နှင့် တပြိုင်နက် ဆက်ကာ ဆက်ကာ ဖြစ်ပေါ် လာကြသော သမ္မာဒိဋ္ဌိ မျိုးဖြစ်၍ တမင်သက်သက် အားထုတ်နေဘွယ် မလိုပေ။ လိုသည်ကား အဆိုပါ ငါးပါးတို့တွင် ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်တို့ကို တစ်တစ်ခွခွ တဲ့တဲ့ ရှင်းရှင်း လင်းလင်းကြီး ဖြစ်နိုင်သော ဝိပဿနာသမ္မာဒိဋ္ဌိ တခုတည်းကိုသာ သေနေ့ကို အဆုံးထား၍ အားထုတ်ကြရန် လိုလေသည်။

၁၅၂ ခန္တီးရိပ်သာ ဝတ်ရွတ်စဉ် နှင့် ဝိပဿနာကျင့်စဉ်

အဘယ်ကြောင့်ဆိုသော်=

(၁၅) သစေပိ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ- ဓမ္မေ အရဟတ္တံပါပေတုံ သက္ကောတိ၊ ဣစ္စေ တံကုသလံ နောစေ သက္ကောတိ၊ သတ္တဘာဝေ ဒေတိ အာဝုသော။ ။ ဟု

ဘောနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ လာသောကြောင့် ပေတည်း။

ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက်တို့ကို တစ်ဘစ်ခွခွ သိမြင်နိုင်ကြတဲ့ လောကီ - ဝိပဿနာ ဉာဏ်ကို၊ ဘာဝိတာ၊ နေ့ညမခြား ပွားများ အားထုတ်အပ်သည် ရှိသော်၊ ဒိဋ္ဌေဝဓမ္မေ၊ ယခုလက်ရှိဘဝ၌ပင်လျှင်။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။ ဝါ၊ ရဟန္တာအဖြစ်သို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ သစေ သက္ကောတိ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်ငြားအံ့။ ဣစ္စေတံ၊ ဤသို့စွမ်းနိုင်ခြင်းသည်။ ကုသလံ၊ပြောဘွယ်မရှိ ကောင်းလှဘိ၏။ နောစေ သက္ကောတိ၊ ယခု လက်ရှိဘဝ အရဟတ္တဖိုလ်သို့ ရောက် အောင်မဘတ်နိုင်ဘူး ထားဦးတော့။ အာဝုသော၊ တရားအလုပ် အားထုတ်ကြသော အရှင်ဘုရားတို့။ သတ္တဘာဝေ၊ယခုဘဝမှစ၍ ခုနစ်ခုမြောက်သောဘဝ၌။ ဒေတိ၊ အရဟတ္တဖိုလ်ကိုပေးနိုင်၏။ ဝါ၊ ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။

အဓိပ္ပါယ်ကား.... အဆိုပါ ဝိပဿနာ သမ္မာဒိဋ္ဌိကို လက်ရှိ ဘဝ လက်ကိုင်ထား၍ မီးပွတ်သော ယောကျ်ား ကဲ့အလားသို့ ပွားများအားထုတ်နိုင်ပါလျှင် လက်ရှိဘဝ၌ပင် အရဟတ္တဖိုလ်သို့

ရောက်နိုင် ရနိုင်၏။ အကယ်၍လက်ရှိဘဝ ပါရမီဥာဏ် အပြည့် အစုံမရှိ၍ အရဟတ္တဖိုလ်သို့ မရောက်မရ နေနိုင်စေကာမူ ခုနစ် ခုသောဘဝမှာ မုချကေန် ရဟန္တာအမှန်ဖြစ်နိုင်၏ဟု ကျမ်းဂန် တို့၌ လာသောကြောင့် လက်ရှိဘဝ ဝိပဿနာအလုပ်ကို အား ထုတ်ရတဲ့အကျိုး လွန်စွာ တန်ဘိုးရှိလေသည် တို့ကို သိရှိကြ၍ သေနေ့ကို အဆုံးထားပြီးလျှင် ဝိပဿနာ အလုပ်၊ တရားအား ထုတ်မှုကို ပြုလုပ်ကြပါ ဟူ၍သာ တိုက်တွန်း နှိုးဆော်သော အားဖြင့် နိဂုံးအုပ်လိုက်ပါတော့သည်။

ပြဆိုခဲ့ပြီးတဲ့ မဂ်ဖိုလ်ရနည်း အနည်းနည်းတို့တွင် ကြိုက်နှစ် သက်ရာ တနည်းနည်းကို အသက်ထက်ဆုံး လက်ကိုင်ထားကာ ကြိုးစားသင့်လှပေတော့သတည်း။

သို့မှပင် ရခဲကြုံခဲတဲ့ လူ့ဘဝ သာသနာတော်ကြီးကို ရကျိုး ကြုံကျိုးနပ်၍ မြတ်နိုင်ကြမည်ဖြစ်ပေသည်။ သို့မဟုတ်က ရှုံးပြီ ရှုံးပြီ နစ်နာပြီ မှတ်လေ။

## (၁) မေတ္တာ လက်ဆောင်။

### ရွှေဇေတဝန် ဆရာတော်၏ မေတ္တာစာ။

(သက္ကာယဒိဋ္ဌိ အပြစ်ကြီးပုံ အကြောင်း) လူ့လောကဓံ၊ ပဘုဇန်မှာ၊ အဟံမမ၊ သက္ကာယကြောင့်၊ အနမတဂ်၊ သံသာစက် ဝယ်၊ ဗလပွက်ဆူ၊ သပွတ်အူသို့၊ ဘရဘူကြ၊ ဥဒ္ဓံယာဘ်၊ ဘဝဂ္ဂါစ၊ အဓေါယာဝ၊ အဝီစိတော၊ တြိခေတ်လုံး၊ ဘရုံးဘရင်း၊ ဆင်းသူ ဆင်း၊ တက်သူတက်၊ လူဖြစ်ချေ၊ နတ်ဖြစ်ချေ၊ အတည်မဲ့မျိုး၊

အစိုးမရ၊ဂေါဏာ ကုက္ကုဠရ ဉဏ္ဏနာဘိသရဖူ၊ တက်တူအိမ်မြှောင် အတောင်ပေါက် အမြီးရောက်၊ အမောက်နှင့် ဆောင်းဆောင်း ခြေနစ်ချောင်း ချေလေးချောင်း၊ သောင်းပြောင်းရောရာ၊ ခြေမရှိဘဲလည်း ခါခါ၊ ခြေများစွာလည်း အကြိမ်ကြိမ်၊ တာဝတိံ ဘုံဖျားမှာ သိကြားဖြစ်၍သူ့ထက်ကဲ အောက်ငရဲမှာသေနာနာ ပြဟ္မာဖြစ်လို့ ပြောင်ပြောင်ဝင်း ဝက်စကျင်းမှာ တရှုပ်ရှုပ် ဇမ္ဗူဒီပ စိုးအုပ်၍ မင်းလုပ်သည်ဆိုတဲ့ လူ၊ ထီးဖြူနှင့် တလျှပ်လျှပ်၊ မြွေကျောရှည် စပါးကြီးမှာ အမြီးနှင့် တခပ်ခပ်၊ လေးကျွန်းပိုင်မန္ဓာတ်၊ ဥဒေါင်းမင်း ဦးစွန်းဝယ် ဥသွင်းနှင့် တဖျပ်ဖျပ်၊ တရားပိုင် စောနေနတ်၊ ငရဲပြည် ဥဿဒတ်မှာ ကြောက်စရာ့အတုတ်၊ သက္ကာယပညတ်ကို ပရမတ်ဉာဏ် ဝိပဿနာဉာဏ် မဝင်၍၊သူတော်စင် မဟုတ်လျှင် မြုတ်ရမည်စုံးစုံး၊ စိတ်ချတော့ ဒုံးဒုံး ငါးအံ့ရုံ တပြုံးပြုံး၊ သေမင်းကလည်း မြင်တိုင်းမုန်း နှလုံးကျွတ်ဆတ် အဝီစိမှာချိုးကပ်မည်။ ရုပ်နာမ်မြင်သိပညာရှိမှ ဒိဋ္ဌိပယ်ခွာ လူ့ရွာနတ်ပြည် အနေမှန်လှ ပါယဒုဂ္ဂတိ ကင်းလွတ်ဘိမည်၊ သတိရှိကြစေ။ တကာတော်မင်းလှသကြံန်(ညွှန့်ပေါင်း တတိယတွဲ နံပါတ် ၁၅၀)

ဝင်းမေတ္တာစာကို အရကျက်၊ အမိပ္ပါယ်ကို သိအောင်ကြံ၊ ကြံမရက ပညာရှိကို မေး၊ သိတဲ့အတိုင်း နေတတ်လျှင် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်သို့ပင် ရောက်မည်မှတ်လေ။

## (၂) ကျောက်ကြီး ၉-လုံး သံပေါက်၊

၁။ မျက်ကွယ်မျက်ပြင်၊ မဆင်ခြင်။ လူရှင်သိမည်ကြောက်။
၂။ မေတ္တာကုန်ခမ်း စိတ်မချမ်း၊ညှိုးနွမ်းမည်ကို ကြောက်

၃။ ကိုယ်နှင့်မတန် စကားလွန်၊ ခင်းဒဏ်သင့်မည်ကြောက်။
၄။ သစ္စာမဲ့မြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည်ကြောက်။
၅။ လွန်ကြူးသမျှ၊ နောက်နောင်တ၊ ရှိရမည်ကို ကြောက်။
၆။ သေနှင့်အရက် လူကိုဖျက်၊ ပါယ်နှစ်မည်ကို ကြောက်။
၇။ မင်း၏ဥစ္စာ အနည်းသာ၊ ပြစ်ဆာရောက်မည်ကြောက်။
၈။ မဟုတ်မလျှား၊ သူလှည့်စား၊ မှောက်မှား မည်ကို ကြောက်။
၉။ ရန်သူငါးချက်၊ အခင်းဖျက်၊ သေပျက်မည်ကိုကြောက်။

## (၃) ရွှေအိုးကြီး ၉-လုံး သံပေါက်။

၁။ နိဗ္ဗာန်ဆုပန်၊ ပေးလှူပြန်၊ အမှန်မြတ်ရွှေအိုး။
၂။ နိဗ္ဗာန်ဆုပန်၊ သီလခံ၊ အမှန် မြန်ရွှေအိုး။
၃။ နိဗ္ဗာန်ဆုပန်၊ ဘာဝနံ၊ အမှန် မြတ်ရွှေအိုး။
၄။ ပညတ်ပရမတ်၊ ထိုနှစ်ရပ်၊ သင်တတ် မြတ်ရွှေအိုး။
၅။ ခန်နှင့်အာဓါတ်၊ ဤသုံးရပ်၊ သင်တတ် မြတ်ရွှေအိုး။
၆။ ဒိဋ္ဌိဘေးကြီး၊ ကာကွယ်ဆီး။ အပြီးမြတ်ရွှေအိုး။
၇။ ဒိဋ္ဌိကွာစင်၊ ပါယ်လွတ်လျှင်၊ မဂ်ဝင် မြတ်ရွှေအိုး။
၈။ အပါယ်လွတ်က၊ ကြီးသုခ၊ မှတ်ကြမြတ်ရွှေအိုး။
၉။ နိဗ္ဗာန်ရမှ၊ ချမ်းသာရ၊ မုချမြတ်ရွှေအိုး။

## ဒါန, သီလ, ဘာဝနာ၊

ဒါနတော ဘောဂဝါ သီလတော သုခိတာ၊
ဘာဝနာတော နိဗ္ဗုတာ။ ။

၁။ ဒါနကိုလဲပြု၊ သီလကိုလဲစု၊ ဘာဝနာကိုလဲရှု၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်မှု။

၂။ ဒါနကိုလဲပြုရမယ်၊ သီလကိုလဲစုရမယ်၊ ဘာဝနာကိုလဲ ရှုရမယ်၊ သို့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရောက် လွယ်မယ်။

ပုညံဘိက္ခဝေ မာဘာယိတ္ထ နိဗ္ဗုတိကာမာ။
ပုညံဘာယန္တိသာ သုခံဘာယတိနာမ။ ။

ဘိက္ခဝေ၊တို့။ နိဗ္ဗုတိကာမာ၊ ဘေးရန်မသန်း လွန်ချမ်းတဲ့ နိဗ္ဗာန်ရွှေနန်းကို စံမြန်းလိုကြသော သူတို့သည်။ ပုညံ၊ နိဗ္ဗာန် ရောက်ကြောင်း အလွန်ကောင်းတဲ့ ဒါန၊ သီလ စသည်ပေါင်းစု ကုသိုလ်ကောင်းမှုကို။ မာဘာယိတ္ထ၊မကြောက်ပါကုန်လင့်။ ဝါ၊ အလှူမရဲ သီလမမြဲဘာဝနာမင့်ဘဲ အရမ်းမဲ့ မကြောက်ကြပါ ကုန်လင့်။ ပုညံ၊ကို။ဘာယန္တိသာ၊ သံသရာရှည်သော ဘာသော ညာသောနှင့် အလွဲကြောက်တတ်သောသူအား။ သုခံ၊ လူနတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို။ ဘာယတိနာမ၊ရမည်ရောက် မည်ကို ကြောက်သည်မည်ကုန်၏။

ဤလို ဤပုံ ဘုရားမိန့်မှာ ကျမ်းလာစကား များအပြားကို လားလားမသိ မရိပ်မိဘဲ စာမရှိ ပေမရှိ ပရိယတ်စုတ်ကလေးမှ မရှိဘဲနှင့် အရမ်းကာယော စိတ်ထင်တိုင်း ပြောကြ ဆိုကြတဲ့ တဘက်သတ် ပရမတ် သမားတို့ရဲ့စကားကို နားမယောင်ကြနှင့် ဟူလို။

ရှေးပညာရှိ အများ စကားပုံများ။

၁။ မချည်တတ်လျှင်၊ ကြက်ချေးစု။
၂။ မမြည်တတ်လျှင်၊ ကြပ်ကြပ်ထု။

၃။ စာမတတ်လျှင်၊ ကြပ်ကြပ်စု။
၄။ မယူတတ်လျှင်၊ ဆရာမေး။
၅။ မဖြူတတ်လျှင်၊ ခဝါပေး။
၆။ မကြံတတ်လျှင်၊ ဆရာမေး။
၇။ အအေးတွင် သိတာ၊ အမွှေးတွင် နံ့သာ။
၈။ အပူတွင် ကိလေသာ၊ အတွေ့ မေတ္တာ။
၉။ စည်းစိမ်လိုမူ ဒါန၊ ချမ်းသာလိုမူ သီလ။
၁၀။ နိဗ္ဗာန်လိုမူ အနတ္တ၊ ပညာရှိစကားမှတ်ကြ။
၁၁။ ဒါနနှင့် စည်းစိမ်ကိုဟပ်၊ သီလနှင့်ရန်သူကိုသတ်။
၁၂။ ဘာဝနာ နှင့် သံသရာစက်ကို ဖြတ်။
၁၃။ ဥစ္စာမှာ ငရဲအိုး၊ ပညာမှာ နိဗ္ဗာန်မျိုး။
၁၄။ ကာမဂုဏ်မှာ အောက်သို့ လျှိုး။
၁၅။ ဓမ္မာရုံမှာ မောက်လို့ ဖြိုး။
၁၆။ ဥစ္စာလွန်သော် မာန၊ ချမ်းသာလွန်သော် ရာဂ။
၁၇။ အသုံးလွန်သော် ဒါသ (သူတပါးကျွန် ဖြစ်တတ်သည်)
၁၈။ အဝတ်အစား လွန်သော်ဣဿာ၊ (ကျေးမြေကြီးတင်တတ်သည်)
၁၉။ အစားလွန်သော် အာဗာဓ (အစာမကြေသော အနာနှင့်သေတတ်သည်) ဝါ၊ အသက်တိုတတ်သည်)
၂၀။ အအိပ်လွန်သော်မောဟ (စည်းစိမ်ဆုတ်ယုတ် ပျက်စီးတတ်သည်)
၂၁။ ဥစ္စာ ဟူသည် မျက်လှည့်မျိုး ပညာဟူသည်- မြတ်ရွှေအိုး။

(ဒါနကိုပယ်၊ သီလကိုပယ်၊ အောက်ခြေလွတ် တရားဟော တတ်ဘယ်)အဲဒါဘာနှင့်တူသလဲ၊ ဒီပယင်း ကိုရင်ကြီးဆွမ်းတော် တင်တာနှင့်တူတယ်။ ဘယ်လိုတူတာလဲ၊ ရှေးက ဒီပယင်းမြို့မှာ ဒီပယင်းကိုရင်ကြီးဆိုတာ ရှိတယ်၊ သူဟာ သူအလှန်ကြိုက်တတ်တဲ့ ငါးပိချက်ကို ချန်ထားပြီး အခြား တပါးတို့ကိုသာ ဆွမ်းတော် တင်တတ်သောအသေ့ရှိရာသူတပါးတို့ကမေ ကြတဲ့အခါနောက် ဘာကျတော့နံနေမှာစိုးလို့ ဟုအဖြေပေးယတဲ့၊ခုလဲဘဲ၊ သံသရာ ရှည်မှာစိုးလို့ ဒါနကိုအပြစ်ဆိုတာထင်ပါရဲ့၊ ဒါနဟာ သံသရာ ရှည်တယ်လို့ ဘယ်ဘုရားမှ မဟောခဲ့၍ ဘယ်ကျမ်းမှာမ မရှိ၊ "**ဒါယောဗာလာနံ သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ**" နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားကို မသိသော သူကိုသာ သံသရာ ရှည်တယ်ဟု ကျမ်းဂန် ရှိသည်။ "**တဏှာဒုတိယော ပုရိသော သံသာရံ နာတိဝတ္တတိ**" ဖြစ်ပျက် မွေးသေ ဆိုဘဲ့ သံသရာဝဋ်ဆင်းရဲကြီးထဲမှာကြာကြာကြီးနေချင်တဲ့ တဏှာလျှင် နှစ်ယောက်မြောက်ရှိသော လူ့နတ်ပြဟ္မာ သတ္တဝါ သည်သာ လျှင်၊ တဏှာကြောင့် သံသရာရှည်သည်ဟု အသေ အချာမှာဘ် "**တဏှက္ခယောတိ နိဗ္ဗာနံ**" အရ၊ တဏှာ မကုန်လို့ ရွှေဘုံ မရောက်နိုင်ကြဘဲရှိရာ၊ တဏှာကုန်ပါလျှင် ရွှေဘုံနိဗ္ဗာန်အမြန် ရောက်မည်မှာဘ်၊ တဏှာပယ်ဘဲ့ မဂ်အကျင့်ကို ကျင့်မှ တဏှာ ကုန်၍ ရွှေဘုံရောက်မည်ဟု သိလေ-မှာဘ်လေ။

........* ——

## (၁) **ဆောင်ပုဒ်။**

(နာ-ဝိ အ-သ) ဤလေးဝကြောင့်သောက,ဗျာပါ,မဖြစ် ကြစေရာ၊

ဤ၌။နာ·က–နာနာဘာဝ ဘေး၊ သေကွဲ ကွဲရတဲ့ ဘေး ကြောင့် သောက မခံအားမရှိရာ။

ဝိ·က–ဝိနာဘာဝဘေး၊ ရှင်ကွဲ ကွဲရတဲ့ဘေး။

အ·က–အညထာဘာဝ ဘေး၊ ရှေ့နောက် မတူဘဲ ဖေါက်လွဲ ဖေါက်ပြန် ဖြစ်တဲ့ဘေး။

သ·က–အပိယသမ္ပယောဂ၊ မနှစ်လိုအပ်သောသူတို့နှင့် အတူဘက္ခ နေရခြင်း။

(၂) ဆောင်ပုဒ်။

(ဒါ–ပိ–အ–သ)လေးပါဒကို လုလ္လမနဲ့ရာ။

ဤ၌။ ဒါ က ဒါနပေးကမ်း ချီးမြှောက်ခြင်း။

ပိ·က ပိယဝါစာ၊ ချစ်နှစ်သက်ဘွယ်သော စကားကို ပြောဆိုရခြင်း။

အ·က အတ္တစရိယာ သူတပါးအကျိုးစီးပွားကို ကျင့်ရခြင်း။

သ·က သမာနတ္တတာ၊ကိုယ်နှင့်ထပ်တူထပ်မျှပြုမူခြင်း။

(၃) ဆောင်ပုဒ်။

သြ,လေးဖြာ၊ အာ,လေး၀၊ ဂ,လေးတန်၊ ဂန်,လေးခု၊ ဥ,လေးလီ၊ နီ,ခြောက်ခု။

နု,ခုနှစ်တန်၊ သံ,ဆယ်ထွေ၊ လေ,ဆယ်ရပ်ကို မကပ်နှင့်။

ဤ၌ သြ·လေးဖြာ၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ အဝိဇ္ဇောဃ၊ (လောဘ၊ ဒိဋ္ဌိ၊ မောဟ) တရားကိုယ် ၃–ပါး။

အာ-လေးဝ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လောဘ၊ ဒိဋ္ဌိ၊ မောဟတရားကိုယ် ၃ ပါးရ၏။

ဂ-လေးတန်၊ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ (လောဘ၊ ဒိဋ္ဌိ၊ မောဟ) တရားကိုယ် ၃-ပါး။

ဂန်-လေးခု အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒဂန္ထ၊ သီလဗ္ဗတဂန္ထ၊ ဣဒံသစ္စာဘိ၊ နိဝေသကာယဂန္ထ၊ (လော-ဒေါ-ဒိ) တရာကိုယ် ၃-ပါး။

ဥ-လေးလီ၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ (လောဘ၊ ဒိဋ္ဌိ) တရားကိုယ် ၂-ပါးရ၏။

နီ-ခြောက်ခု ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာ နီဝရဏ၊ အဝိဇ္ဇာ နီဝရဏ။

(လော၊ ဒေါ၊ ထိနမိဒ္ဓ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ) တရားကိုယ် ၈-ပါးရ၏၊

နု-ခုနစ်တန်၊ ကာမရာဂ နုသယ၊ ဘဝရာဂ နုသယ၊ ပဋိဃနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ၊ (လော၊ ဒေါ၊ မာ၊ ဒိ၊ ဝိ၊ မော) တရားကိုယ် ၆-ပါးရ၏။

သံ-ဆယ်ထွေ ကာမရာဂ သံယောဇဉ်၊ ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ ပဋိဃ

သံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတ သံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်၊ (လော၊ဒေါ၊ မာ၊ ဒိ၊ဝိ၊ ဥ၊ မော) တရားကိုယ် ၇-ပါး ရ၏။

**လေ**=ဆယ်ရပ်၊ **လော**, ဒေါ, မော, မာ, ဒိ, ဝိ, ထိ, ဥ အဟိရိက၊ အနောတ္တပ္ပတရားကိုယ် ဆယ်ပါးရ၏၊ ၎င်းတို့ကိုမကပ်မိအောင်ခွါရမည်၊ခွါနိုင်အောင် ကွာနိုင်အောင် တဏှာပယ်တဲ့မဂ်အကျင့်ကိုကျင့် ရမည် ဆိုလိုပေသည်။

## ၄။ ဆောင်ပုဒ်

တိ-လေး၀၊ မ-လေးရပ်၊ ပါဒ်-လေးတွေ့၊ ရေ-ပဉ္စ၊ လ ငါးအင်၊ ဈှင်-သတ္တ၊ ဂ-ရှစ်လုံးကိုလက်သုံး ပြုရာ၏။ ပါးသုံးဆယ် နှင့် ပယ်၍ရင်းမှ၊ ခိ သုံးကွင်း၏ ဆိုင်မှာ ထိုင်ရမည်။

ဤ၌၊ **တိ**-လေး၀ ကာယာနုပဿနာသတိပဋ္ဌာန်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ဓမ္မာနုပဿနာသတိပဋ္ဌာန် လေးပါးကို ပွားရမည်၊

**မ**-လေးရပ်၊ သမ္မပဒါန် လေးပါး။



ဒုတိယအကြိမ်

မါဒ်-လေးတွေ၊ ဏ္ဍပါဒ် လေးပါး။
ရေ-ပဋ္ဌ၊ ဣန္ဒြေငါးပါး။
လ-ငါးအင်၊ ဗိုလ်ငါးပါး။
ဆွင်-သတ္တ၊ ဗောဇ္ဈင် ၇-ပါး။
ဂ-ရှစ်လုံး၊ မဂ္ဂင်ရှစ်ပါး၊ ဝိပဿနာ အလုပ် တရားကို သေတဲ့နေ့ အဆုံးထား၍ အမြဲလက်ကိုင် ထား၍ မဂ်ဖိုလ်ရသည် တိုင်အောင် မနေမနား ပွားများ အားထုတ်ရမည် ဟူလို။ ပါးသုံးဆယ်မှာ၊ ပါရမီ ဆယ်ပါးအပြားသုံးဆယ်ကိုဆိုသည် (ဓိ)သုံးကွင်း ဆိုင်မှာ ထိုင်ရမည်ဆိုသည်မှာ—။

(ခဏိက သမာဓိ၊ ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိ) သုံးပါးကိုရည်ရွယ်၍ဆိုသည်၊ ၎င်းတို့၏အဓိပ္ပါယ်မှာ အလွန် ကျယ်ဝန်းလှ၏။

## (၅) ဆောင်ပုဒ်

(သောသော၊ သသ၊ အအ၊ ဟဟ၊ နှိ-သို့ ကျအောင် အ၊ ပုက်၊ နတ်၊ )ကို မပြတ်ဆောင်ရမည်။

ဥပမာ။ သောသော, မှာ သောတာပတ္တိ မဂ် ပုဂ္ဂိုလ် သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်ဖြစ်အောင်။

သသ-မှာ၊ သကဒါဂါမိ မဂ် ပုဂ္ဂိုလ်၊ သကဒါဂါမိ ဖိုလ် ပုဂ္ဂိုလ်ဖြစ်အောင်။

အအ-မှာ၊ အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ အနာဂါမိ ဖိုလ် ပုဂ္ဂိုလ်ဖြစ်အောင်။

ဟဟ-မှာ၊ အရဟတ္တမဂ် ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ် ဖြစ်အောင်။

နိ-သို့မှာ၊ အသခ်တ ဓါတ် နိဗ္ဗာန် ဆိုက်အောင် အါဒုက်ါနတ်ကိုမပြတ်ဆောင်ရမည်ဆိုသည်မှာ-

သံသရာတခွင် ခန္ဓာအစဉ်က ဖြစ်အစဉ် ပျက်အစဉ် နှင့် လာခဲ့သော ဖြစ်တရား၊ ပျက်တရား၊ဖြစ်သမား၊ ပျက်သမား ဖြစ်ပျက်မနား ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတရားတို့ကို ဘုရား တပ်ဆင်ပေးတဲ့ ဝိပဿနာ မှန်ဘီလူး မျက်မှန်နှင့် တွေ့တွေ့ မြင်အောင် ကြည့်ကြပြီးလျှင်။

၁။ မမြဲမမြဲဟု အဖန်တလဲလဲ ရှုသော အနိစ္စာ နုပဿနာ။

၂။ ဆင်းရဲဆင်းဟု အဖန်တလဲလဲရှုသော ဒုက္ခာနုပဿနာ။

၃။ အစိုးမရ, အစိုးမရဟု အဖန်တလဲလဲ ရှုသောအနတ္တာ နုပဿနာ။

အဆိုပါအနုပဿနာ၃-ပါး။အနုပဿနာ၇-ပါး။မဟာ အနုပဿနာ ၁၈-ပါးတို့ဖြင့် သေသေကြေကြေ မိးမရလျှင်

ငါမနေဟု မီးပွင့်သော ယောကျာ်း အလားကဲ့သို့ မဂ်ဖိုလ် နိဗ္ဗာန် မရောက်မရလျှင် ငါမနေ ငါမလျော့ ငါမပေါ့ဟု မိမိစိတ်ကို တင်းတင်း ရင်းရင်း သန္နိဋ္ဌာန် ချထားပြီးလျှင် မရောက်သေးသော မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ရောက်စေခြင်းငှါ၊ မျက်မှောက် မပြုရသေးသောမဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းငှါ၊ မရသေးသော မဂ် ဖိုလ် နိဗ္ဗာန်ကို ရစေခြင်းငှါ အဆိုပါ ရုပ်နာမ် ဖြစ်ပျက် ညက်ညက်ကြေ အောင်၊ အနိစ္စ-ဒုက္ခ မွမွကြေအောင်၊ အနတ္တအသုဘ လှလှ ထင်အောင်၊ အနုပါဒိသေသ နိဗ္ဗာန်ဝင်စံသည် တိုင်အောင် မနေမနား ကြိုးစားအားထုတ် ရမည်ဟု ဆိုလိုပေသည်၊ သို့မှ ဖြစ်ပျက်မွေးသေက လွတ်ပေမည် ဟူလို။

**အယမေတ္တ အာယာစနာ၊**

ယုတ္တာယုတ္တံ ဝိစိန္တေယျ၊
ယုတ္တံဂဏှေယျ ပညဝါ၊
အယုတ္တဉ္စေဝိဿဇ္ဇေထ၊
မာနံ ဒေါသံ နုစာကရေ။ ။

---

ပိုဖျက်၊လိုစွက်၊ မှားပယ်၊ မှန်ယူ၊စိတ်ဖြူ နှလုံးသွင်း။
ရိုးကိုပယ်ရှား၊ သားကိုစား၊ ထမင်းစား ပုံမယွင်း၊
ထို့အတူနှလုံးသွင်း။ ။

# နိဂုံး။

၁။ သဒ္ဓမ္မ ဟိတကာမေန၊ ဆဋ္ဌမဝတ္ထုကထာယံ၊
ကရောန္တေန မယာ ပတ္တံ၊ ယံပုညံဟိတဒါယကံ။
၂။ ယေနပုညေန လောကဿ၊ သဗ္ဗသတ္တမနောရထာ၊
ရာဇာနောပိစ ရက္ခန္တု၊ ဓမ္မေနသာသနံပဇံ။ ။

သဒ္ဓမ္မဟိတကာမေန၊ သုံးလူ့မြတ်စွာ သာသနာ၏ရောင်ဝါနေဝန်းထွန်းလင်းတောက်ပ,ခြင်းကို အလွန်အမင်း အလိုရှိသော။ ဆဋ္ဌမံ၊ခြောက်ကျမ်းမြောက်ဖြစ်သော။ အယံကထံ ဤခန္တီးရိပ်သာ ဝတ်ရွတ်စဉ် ကျမ်းကို။ ကရောန္တေန၊ ရှင်လူရဟန်း နိဗ္ဗာန်နန်းသို့ဝင်လှမ်းစေမှု ရေးသားပြုသော။မယာ ငါသည်။ ဟိတဒါယကံ၊ လူ,နတ်,နိဗ္ဗာန် သုံးတန် အကျိုးမောက်ပြည့်ဖြိုးအောင် ပေးဆောင်တတ်သော။ယံပုညံ၊ကျမ်းငယ်တခု ရေးသား ပြုစုသော ကောင်းမှု ကုသိုလ်ကို။ ပတ္တံ အမိဂတံ၊ ရောက်အပ် ရအပ်ပြီ။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ သဗ္ဗသတ္တ မနောရထာ၊ ခပ်သိမ်း ဥဿုံ အလုံးစုံသော လူ,နတ်,ဗြဟ္မာသတ္တဝါတို့၏ စိတ်နှလုံး အလိုတို့သည်။ ဣဇ္ဈန္တု၊ တောင့်တမကြာ ပြည့်စုံကြ ပါစေ ကုန်သတည်း။ ရာဇာနောပိ၊ တိုင်းပြည်သနင်း ပြည့်ရှင်မင်းတို့ သည်လည်း။ ဓမ္မေန၊မင်းကျင့်တရား ဆယ်ပါးနှင့် ညီစွာ။ ဝါ၊ ညီသဖြင့်။ သာသနဥ္စ၊ ဗုဒ္ဓမြတ်စွာ သာသနာကို၎င်း။ ပဇဥ္စ၊ တိုင်းသူပြည်သားလူအများကို၎င်း။ ရက္ခန္တု၊ရင်ဝယ်မွေးဘွားသူငယ်လားသို့ သနားစောင့်ရှောက် ပါစေကုန်သတည်း။ ။

ဝတ္ထုကထာနိဋ္ဌိတာ။

# အချင်ပို။

၁။ အာနာပါန၊ သမထမှန်၊
အဝင်အထွက်၊ မပျက်ရှုရန်၊
အမှတ်စပ်သွား၊ တည်ငြားစေ၊
နိမိတ်များ၊ ထင်ရှားပေါ်လာပြန်။

၂။ ပေါ်တဲ့အချက်၊ ဖြစ်ပျက်ရှုရန်၊
ဘာဝနာလမ်း၊ တခန်းတက်ပြန်၊
ရုပ်,နာမ် နှစ်ပါး၊ ဖွားဖွားပျက်ဟန်၊
ကိုယ်တိုင်သိ၊ ဉာဏ်သိ ဖြစ်သည်မှန်။

၃။ အဲသိ ခက်ခဲ၊ နက်နဲ ရုပ်နာမ်၊
လှုပ်လှုပ်ရွရွ၊ ပေါ်ထ အမှန်၊
နုမာဖွဲ့စေး၊ ပူအေးထောက်ကန်၊
ဓာတ်လေးပါး၊ ခြားနား သိရပြန်။

၄။ ရွရွသဲသဲ၊ မစဲခဏာ၊
ဥပါဒ်စွန်းနှင့်၊ ဘင်စွန်းနှစ်ဖြာ၊
ရှိန်ရှိန်သုတ်သုတ်၊ သိမ့်သိမ့်လှုပ်ခါ၊
တဖွားဖွား ထင်ရှား ခန္ဓာမှာ။

၅။ ဝေဒနာခံခက်၊ ဒဏ်ချက်ပြင်းစွာ၊
အပ်နှင့် ထိုးဆွ၊ ရိုးရှ ပေါ်လာ၊
စေ့စေ့ဉာဏ်စိုက်၊ ဆူလိုက်တိုးလာ၊
အနိစ္စ ဒိဋ္ဌ သိရပါ။

၆။ ခန္ဓာအတွင်း၊ ဖြင်းဖြင်းရှိန်ရှိန်၊
ဘယ်တရားက၊ လှုပ်ရှားပွေလိမ်၊
မဟာဘုတ်က၊ **အ**ဟုတ်မငြိမ်၊
ဝါယောသုတ်၊ အဟုတ်တေဇောရှိန်။

၇။ အပြောမဟုတ်၊ အလုပ်ဝင်ပါ။
ကိုယ်တိုင်ကြည့်ရှု၊ သိမှုအရာ၊
ဖြစ်ခြင်း ပျက်ခြင်း၊ ပွင့်လင်းဉာဏ်မှာ၊
အဲဒါမှ ရဋ္ဌဘူတပါ။

၈။ ဝိပဿနာလမ်း၊ လုပ်ငန်းဆိုတာ၊
ရုပ်နာမ်အစု၊ ကြည့်ရှုသချာ၊
ဉာဏ်စဉ်လျှောက်၍၊ ပြီးမြောက်လေတာ။
နိဗ္ဗာန်နန်း စံမြန်းရသည်သာ။

——....※——

**အတိတ်** ရုပ်နာမ်၊ လွန်ပြီးမှန်၊ ရှုရန်ဘယ်မသင့်။
အနာဂါတ်ရေး၊ မရောက်သေး၊ ရှုရေးမမျှော်နှင့်။
ပေါ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်၊ ရှုဉာဏ်သတ်သတ်ချင့်။
အရှိနောက်တွင်၊ အသိဝင်၊ မြဲဖြင့် ကြည့်ရှုလင့်။
အရှိအသိ၊ ကိုက်ညီဘိ၊ ရ၏ မဂ်ဖိုလ်ဆင့်။
နံနက်အားထုတ်၊ ညမိုးချုပ်၊ မြန်ထုတ်နိဗ္ဗာန်ခွင့်။
ခွင့်ကောင်းကြုံရ၊ မြန်ခဏ၊ မဂ်ရအားထုတ်သင့်။

အလှူရှင် အမည် ..................................................

ခရိုင် ..................................................

မြို့နယ် ..................................................

နေရပ် ..................................................

အုပ်ရေ ..................................................

ဘာသာရေးခွင့်ပြုအမှတ် ( ၄၂၄ )

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း၊

၁၉၇၀-ခု၊ ဧပြီလ။ အုပ်ရေ-၂၀၀၀

၃ိ/၅၀ပြား။

ပုံနှိပ်သူ — ဦးမောင်ကြီး (၀၁၀၃၁-မြ)

ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်။

၈၃-လမ်း၊ ကမ္ဗ၀ါတန်း၊

မန္တလေးမြို့။

ထုတ်ဝေသူ — ဦးမောင်ကြီး (၁၀၆၄၉)

ဦးမောင်ကြီးစာပေ။

၈၃-လမ်း၊ ကမ္ဗ၀ါတန်း၊

မန္တလေးမြို့။